မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၆)၊ အမှတ် (၀၄၅)

ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရား တို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(၈မူပဒ - ၈၆)

ကုက္ကိုဝတံတား လာမည့် ဒီဇင်ဘာလအတွင်း ဖွင့်လှစ်မည်

မကြာမီဖွင့်လှစ်တော့မည့် ကုက္ကိုဝတံတားကြီး တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်

ခရမ်းစိုးမြင့်

ရန်ကုန် နိုဝင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ထန်းတပင်မြို့မှ လမုတန်း-လှည်းဆိပ်လမ်းသို့ ကုက္ကိုဝ မြစ်ကိုဖြတ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)က တာဝန်ယူတည်ဆောက်ခဲ့သည့် ကုက္ကိုဝတံတားကြီးသည် ယခုအခါ တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း အများပြည်သူတို့ အသုံးပြုသွားလာနိုင်ရန်အတွက် ဖွင့်လှစ်ပေးတော့မည်ဟု သိရသည်။

တံတားအမျိုးအစားမှာ အပေါ်ထည်သံမဏိသံပေါင်နှင့် အောက်ထည်သံကူကွန်ကရစ်ကြမ်းခင်းဖြစ်သည်။ တံတားအရှည် ၆၉၄ ဒသမ ၅ မီတာရှည်ပြီး တံတားကြီးပေါ်၌ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် တစ်မီတာပါရှိသည်။ ရေလမ်းကင်းလွတ်အကျယ်မှာ ၁၁၀ မီတာရှိပြီး ရေလမ်းကင်းလွတ်အမြင့် ၁၂ မီတာရှိသည်။

အဆိုပါတံတားကြီးကို တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)က ၁-၄-၂၀၁၄ ရက်က စတင်တည်ဆောက်ခဲ့ရာ ယခုအခြေအနေတွင် ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားကြီးပြီးစီးသွားပြီဖြစ်၍ ထန်းတပင်မြို့နယ်အတွင်းရှိ ဘောလယ်ကျွန်းကျေးရွာ ၂၆ ရွာတို့မှ ပြည်သူများ ရန်ကုန်နှင့် မြစ်ကြီးခြားနေ၍ နှစ်ပေါင်းများစွာ ကွေ့ပတ်သွားလာရသည့်ဒုက္ခမှ ကင်းဝေးကာ မဝေးလှသောကာလ၌ အဆိုပါ တံတားကြီးပေါ်မှ မဟာရန်ကုန်သို့ အချိန်တိုအတွင်း ရောက်ရှိနိုင်မည်ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရောမမြို့ရှိ စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာ

စာမျက်နှာ - ၃

စိုက်၊ မွေး၊ စီးပွား

ဆောင်းသီးနှံ မတ်ပဲစိုက်ခင်းများ မိုးမိခဲ့၍ တောင်သူများ အခက်တွေ့နေ

စာမျက်နှာ - ၁၉

အပူရှောင်စပါးမျိုးသစ်များ ၂၀၁၇ ခုနှစ် မိုးစပါးခိုနှဲ့ မျိုးသစ်မှတ်ပုံတင်နိုင်ပြီး မကြာမီ တောင်သူများထံ ဖြန့်ဖြူးနိုင်တော့မည်

စာမျက်နှာ - ၁၇

လျှော်ဖြူစိုက်ပျိုးခြင်းဖြင့် တောင်သူဝင်ငွေတိုးတက်အောင်ဆောင်ရွက်

စာမျက်နှာ - ၁၆

အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များက ပေးပို့လှူဒါန်းသည့်ပစ္စည်းများအား တပ်မတော်ရေယာဉ်ဖြင့် စစ်တွေမြို့သို့ ပို့ဆောင်

နေပြည်တော် နိုဝင်ဘာ ၁၃

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်များအတွင်းရှိ ဒေသခံပြည်သူများ၊ နယ်မြေလုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအတွက် အနယ်နယ်အရပ်ရပ်မှ ပြည်သူများက စားသောက်ဖွယ်ရာများနှင့်

စာမျက်နှာ ၃ ကော်လံ ၃ ✻

KBZ BANK

STRENGTH OF MYANMAR

သင့်ငါထက်သန် မြန်မာအားမာန် ကမ္ဘာဇာဏ်

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး

အစိုးရသစ်လက်ထက် ခုနစ်လကျော်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်ဝင်ရောက်ခဲ့ပြီး ထပ်မံခွင့်ပြုရန် ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကျော် ကျန်နေသေးကြောင်း သိရသည်။ ၂၀၁၂ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတစ်ရပ် ပြဋ္ဌာန်းခဲ့ပြီးနောက် ထိုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုအမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံဝင်ရောက်ခဲ့သည်။ ယခုအောက်တိုဘာလအတွင်းက ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ် ပြဋ္ဌာန်းခဲ့ပြီး နှစ်ဘီလီယံကျော်ဝင်ရောက်ခဲ့သဖြင့် အလားအလာ ပိုမိုကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။

ယနေ့ခေတ်သည် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို အပြိုင်အဆိုင် ဖိတ်ခေါ်ရသော ခေတ်ဖြစ်လာသည်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန် သင့်တော်ကောင်းမွန်သော ဥပဒေပြဋ္ဌာန်းမှုများ၊ ဥပဒေအရ အာမခံချက်ပေးမှုများ လိုအပ်သလို နိုင်ငံအစိုးရများ၏ တရားဝင်မှု၊ လူ့အခွင့်အရေး လေးစားလိုက်နာမှု၊ နိုင်ငံရေးအရ တည်ငြိမ်မှုများ လိုအပ်ပါသည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းများအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် အခြေခံအဆောက်အအုံများ လိုအပ်သည်။ ထိုအချက်များတွင် လမ်းပန်းဆက်သွယ်ရေး လွယ်ကူမှု၊ လျှပ်စစ်အလုံအလောက်ရရှိမှု၊ လုပ်အားခစျေးသက်သာမှု၊ ကျွမ်းကျင်အလုပ်သမားများ မွေးမြူထားနိုင်မှု စသည့်အချက်များနှင့် ပြည့်စုံမှုသာ နိုင်ငံတကာလုပ်ငန်းရှင်များက ဦးစားပေး စဉ်းစားလာကြမည် ဖြစ်သည်။ ယခု CLMV ခေါ် အာဆီယံနိုင်ငံများအတွင်း စီးပွားရေးဖွံ့ဖြိုးမှု အနိမ့်ဆုံးဖြစ်နေသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်တို့တွင် ဗီယက်နမ်သည် ရင်းနှီးမြှုပ်နှံသူများ မျက်စိကျရာ ဖြစ်နေသည်။ အဓိကအားဖြင့် ဗီယက်နမ်၏ လုပ်အားခစျေးသက်သာမှု၊ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် ပင်လယ်ဆိပ်ကမ်းမြို့များပြားစွာတည်ရှိမှု၊ စီးပွားရေးလုပ်ငန်းရှင်များ အဆင်ပြေစေမည့် ပေါ်လစီများရှိမှု တို့ကြောင့် ဖြစ်သည်။

ယခု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အမေရိကန်၊ ဂျပန်နှင့် အခြားပြည်ပခရီးစဉ်များအတွင်း စီးပွားရေးလုပ်ငန်းရှင်များကို မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်ခဲ့ခြင်း၊ အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုများ ဖယ်ရှားပေးခဲ့ခြင်းနှင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်တစ်ရပ် ပြဋ္ဌာန်းလိုက်နိုင်ခြင်းတို့ ပေါင်းဆုံ၍ အခွင့်အလမ်းသစ်များ ရရှိလာမည် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပြောင်းလဲခြင်းကို လုပ်ငန်းရှင်များက စောင့်ကြည့်လေ့ရှိသဖြင့် ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှု ကျဆင်းတတ်သော်လည်း ယခုကိန်းဂဏာန်းများအရ အလားအလာကောင်းလျက်ရှိသည်ကို တွေ့ရသည်။ အမေရိကန်စီးပွားရေး ပိတ်ဆို့မှုများ ရုပ်သိမ်းခဲ့ပြီးနောက် အမေရိကန်လုပ်ငန်းရှင်များ တိုက်ရိုက်ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုမရှိသေးသော်လည်း စင်ကာပူမှတစ်ဆင့် ဝင်ရောက်နေသဖြင့် ယခု လုပ်ငန်းခွင်ပြုရန် အဆိုပြုထားသည့်နိုင်ငံများတွင် စင်ကာပူနိုင်ငံက အများဆုံးဖြစ်နေသည်။ ယခု ဝင်ရောက်လာသော လုပ်ငန်းများတွင် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများတွင် ဒေါ်လာ တစ်ဘီလီယံကျော်နှင့် အများဆုံးဖြစ်ပြီး စွမ်းအင်လုပ်ငန်းတွင် ဒေါ်လာသန်း ၆၅၀ ကျော် ပမာဏဖြင့် ဒုတိယအများဆုံးဖြစ်သည်။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှာ ဒေါ်လာ ကိုးသန်းခွဲကျော်ဖြင့် အနည်းဆုံးဖြစ်နေသည်။

ယခု မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသူများအတွက် အခက်ခဲဆုံးနှင့် အကုန်ကျအများဆုံးမှာ မြေနေရာအတွက် ဖြစ်နေသည်။ အခြားနိုင်ငံများတွင် မြေနေရာမှာ လုပ်ငန်းကုန်ကျစရိတ်၏ ၂၀ ရာခိုင်နှုန်းဝန်းကျင်သာရှိခဲ့ကြသော်လည်း မြန်မာနိုင်ငံ၌ ၃၀ မှ ၄၀ ရာခိုင်နှုန်းအထိ ရှိနေသည်။ မြန်မာနိုင်ငံ၏ မြေစျေးနှုန်းမှာ တစ်စတုရန်းမီတာလျှင် ပျမ်းမျှ ၆၀၅ ဒေါ်လာခန့် ရှိရာ ဒေသတွင်းအမြင့်ဆုံးဖြစ်နေသည်။ ပါကစ္စတန်တွင် ၂၅၈ ဒေါ်လာ၊ ဘင်္ဂလားဒေ့ရှ်တွင် ၂၀၉ ဒေါ်လာနှင့် အင်ဒိုနီးရှားတွင် ၂၅၉ ဒေါ်လာသာရှိသည်။ ထို့ကြောင့်ပင် ရင်းနှီးမြှုပ်နှံသူများအား မြေစျေးနှုန်း မြင့်မားမှုကို ကျော်ဖြတ်ရန် မြေအလကားပေး၍ လုပ်ကိုင်ခွင့်ပြုမည်ဟုလည်း ကြားသိရပါသည်။

လွန်ခဲ့သော ၁၀ နှစ်ကျော်က သင်္ကြားစက်တစ်လုံး ဗီယက်နမ်တွင် သွားတည်လျှင် မြန်မာနိုင်ငံထက် တစ်ဝက်သာ ကုန်ကျသည်ဟု ဆိုပါသည်။ ယခု ထိုအခြေအနေများကို ပြောင်းလဲရတော့မည် ဖြစ်ပါသည်။ အစိုးရ၏ မှန်ကန်သော စီးပွားရေးပေါ်လစီ၊ ခိုင်မာသော ဥပဒေကျားကန်မှုတို့အပြင် စီးပွားရေးအမြင်ရှိသော နိုင်ငံသားလုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် နိုင်ငံစီးပွားရေးကို တစ်ဖန်ပြန်လည် တည်ဆောက်ကြရတော့မည် ဖြစ်ပါသည်။ ။

မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။
၃။ မီးဖို မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့် အမိုးနံရံအကြား အပူခံအကာအရံများထားပါ။
၅။ ဆီအိုးတည်ပြီး မမေ့ပါနှင့်။

မီးသတ်ဦးစီးဌာန

သွေးလွန်တုပ်ကွေးရောဂါနှင့် ဇီကာပိုင်းရပ်စ် ကြိုတင်ကာကွယ်ရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁၃

ခြင်ကိုက်သည့်အန္တရာယ်ကြောင့်ဖြစ်တတ်သော ရောဂါများဖြစ်သည့် သွေးလွန်တုပ်ကွေးရောဂါနှင့် ဇီကာပိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တာမွေမြို့နယ် မလွှကုန်း ဌေးကြွယ်ရပ်ကွက်တွင် နိုဝင်ဘာ ၁၁ ရက်က နယ်မြေကွင်းဆင်း၍ ဆောင်ရွက်ခဲ့သည်။

အဆိုပါကွင်းဆင်းရာသို့ မြို့နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ စည်ပင်ဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲဝင်များ ပူးပေါင်း၍ သောက်ရေနှင့်သုံးရေများကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး သန့်ရှင်းသောရေများသုံးစွဲနိုင်ရန်အတွက် ခြင်နှင့် ပိုးလောက်လမ်းများ ခိုအောင်းမှုမရှိစေရန် အဘိတ်ဆေးသုံးနည်းများကို ရှင်းလင်းပြသခဲ့သည်။ ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပိုးလောက်လမ်းသတ်ဆေးသုံးစွဲရခြင်းသည် ခြင်ပေါက်ပွားခြင်းကို အထိရောက်ဆုံးကာကွယ်ပေးပြီး ရောဂါကူးစက်မှုမရှိစေရန်အတွက် ကြိုတင်ကာကွယ်ခြင်းဖြစ်ကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

လှလှ(ပြန်/ဆက်)

ကျိုက်လတ်မြို့နယ် မဟာအတုလမြတ်မုနီ (ရပ်တော်မူဘုရားကြီး)ဝင်းရှိ စေတီငယ်သုံးဆူအား ရွှေသင်္ကန်းကပ်လှူနိုင်ရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြတ်အောင်ဌေးမိသားစုနှင့် ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ စုပေါင်းပြီး နိုဝင်ဘာလပထမပတ်က စေတီငယ်တစ်ဆူအား သန့်ရှင်းရေးပြုလုပ်နေစဉ် မီးမီး(လှိုင်)

ထင်သာမြင်သာပြုပြင်စရာ

အင်းတော်မြို့လယ်မှ အန္တရာယ်လမ်းကူးနေရာ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ ရွှေဘို - မြစ်ကြီးနား မဟာဗျူဟာလမ်းနှင့် မြို့တွင်းသွား ဦးကျော်လမ်းဆုံရာ နေရာလေးသည် လမ်းလေးခွဖြစ်နေပြီး စျေးသွားစျေးလာ၊ ကျောင်းသွားကျောင်းလာ၊ ယာဉ်သွားယာဉ်လာများအတွက် အန္တရာယ်အလွန်များလှကြောင်း တွေ့ရသည်။

အဆိုပါနေရာလေးသည် ညအချိန်ပိုင်းဆိုးကြောင်း ဒေသခံတစ်ဦးမှ ပြောပြသည်။ အဝေးပြေးယာဉ်များသည် ညအချိန်တွင် အင်းတော်မြို့တွင်းရှိ ထိုလမ်းကူးနေရာလေးကို သတိမမူကြဘဲ အရှိန်ပြင်းစွာ မောင်းနေကြကြောင်းလည်း သိရသည်။

"လမ်းကူးလည်းဖြစ်၊ ထောင့်မှာ ထရန်စဖော်မာစင်ကြီးကလည်း ရှိနေတော့ ပိုဆိုးတာပေါ့။ ဒီနေရာကို အဝေးပြေးယာဉ်တွေ နေ့ညတစ်ရက်ကို အစီးရေ ၁၀၀ ကျော် ခန့် ဖြတ်သွားနေတော့ မြို့လူထုနှင့် ရပ်ဝေးရပ်နီး ခရီးသွားများအတွက်လည်း ယာဉ်အန္တရာယ်ဖိုးရိမ်နေရတယ်" ဟု အဆိုပါရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

လူအောင်(ကသာ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၃-၁၁-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၆၁၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၁၀၄၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၆၁၀၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

ဒီဇယ်	၆၂၀/၆၄၅ ကျပ်
အောက်တိန်း ၉၂	၆၂၀/၆၄၅ ကျပ်
အောက်တိန်း ၉၅	၆၆၀/၇၀၀ ကျပ်
ပရီမီယံဒီဇယ်	၆၄၅/၆၆၀ ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ပဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၈၅ . ၀
ဥရောပ	တစ်ယူရို	၁၄၀၄ . ၃
စင်ကာပူ	တစ်ဒေါ်လာ	၉၁၈ . ၅၁
ထိုင်း	တစ်ဘတ်	၃၆ . ၆၇၁
အိန္ဒိယ	တစ်ရူပီး	၁၉ . ၃၁၉
တရုတ်	တစ်ယွမ်	၁၈၉ . ၅၃
မလေးရှား	တစ်ရင်းဂစ်	၃၀၂ . ၅၀

မြန်မာ့အလင်း

၁၂၇၃ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေးစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရောမမြို့ရှိ စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၁၃

အီတလီနိုင်ငံ ရောမမြို့၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက ရောမမြို့ရှိ GRANATIERJ စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြသည်။

GRANATIERJ စစ်သမိုင်းပြတိုက်တွင် ပထမကမ္ဘာစစ်အတွင်း အီတလီပါဝင်ခဲ့သော စစ်ပွဲများ၊ စစ်ပွဲများအတွင်း အသုံးပြုခဲ့သော လက်နက်များနှင့် စစ်အသုံးအဆောင်ပစ္စည်းများ၊ အီတလီတပ်မတော်သမိုင်းနှင့် သူရဲကောင်းစစ်သည်မှတ်တမ်းတို့ကို စနစ်တကျ ခင်းကျင်းပြသထားကြောင်း သိရသည်။

ဆက်လက်၍ ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် Turin မြို့သို့ လေကြောင်းခရီးဖြင့် သွားရောက်ပြီး ARIS ကုမ္ပဏီသို့ရောက်ရှိရာ ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များ မေးမြန်းကာ ကုမ္ပဏီ၏ ထုတ်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုကြသည်။

ARIS ကုမ္ပဏီသည် စစ်သုံးယာဉ်များ၊ မီးသတ်ယာဉ်များ၊ ကွန်တိန်နာကား၊ ဆေးရုံကားနှင့် Generator နောက်တွဲယာဉ်များကို ခေတ်နှင့်အညီ တီထွင်ထုတ်လုပ်လျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် LEONARDO AIRCRAFT ကုမ္ပဏီသို့ ရောက်ရှိပြီး ကုမ္ပဏီ၏လေယာဉ်ထုတ်လုပ်ရေး အလုပ်ရုံနှင့် ထုတ်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

LEONARDO AIRCRAFT ကုမ္ပဏီသည် တိုက်ခိုက်ရေးလေယာဉ်များ၊ သယ်ယူပို့ဆောင်ရေးလေယာဉ်များ၊ ရေပြင်နှင့် မြေပြင်ကာကွယ်ရေးနည်းစနစ်များ၊ အာကာသနည်းပညာနှင့်ဆိုင်သော နည်းစနစ်များကို တီထွင်ထုတ်လုပ်လျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲဝင်များသည် ညနေပိုင်းတွင် Turin မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြရာ ရောမမြို့သို့ ဒေသစံတော်ချိန် ည ၆ နာရီတွင် ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရောမမြို့ရှိ GRANATIERJ စစ်သမိုင်းပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာစဉ်

လမ်းတံတားပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၃

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ရေးတို့အတွက် မြန်မာနိုင်ငံရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့တို့ကို ဆက်သွယ်သော မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၁)သို့ ရောက်ရှိပြီး မြန်မာဘက်ကမ်းမှ တံတား၏ကြွံခိုင်မှုနှင့် နှစ်နိုင်ငံ လမ်းပန်းဆက်သွယ်ရေးအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် တာချီလိတ်-တာလေလမ်းအပိုင်း ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေကို လည်းကောင်း၊ နိုဝင်ဘာ ၉ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး ဒိုက်များ၊ သစ်ပင်ကြီးများ၊ ကျောက်တုံးများမျောပါကာ တာလေ-ပါလျှိုး-ကျိုင်းလပ်လမ်း မိုင်တိုင်(၄၁ ကီလိုမီတာနှင့် ၄၂ ကီလိုမီတာ)ကြား နမ့်ဝမ်း(၂) တံတားချဉ်းကပ်လမ်းအပါအဝင် ကတ္တရာလမ်းသားအရှည် ၀ ဒသမ ၂ ကီလိုမီတာခန့် ပျက်စီးမှုအား ခရိုင်အဖွဲ့၊ အထူးအဖွဲ့များ ပူးပေါင်းပြီး လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေးအတွက် စက်ယန္တရားများ၊ လူအင်အားများဖြင့် ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက ပြည်သူများ သွားလာရေးအဆင်ပြေစေရန် စက်ယန္တရားများဖြင့် ဓောင့်ကြပ်ဆောင်ရွက်ပေးရန်၊ ချောင်းရေစီးဆင်းမှု လမ်းကြောင်းအခြေအနေ လိုက်လံကြည့်ရှုရန်၊ Survey အဖွဲ့မှ တံတားနှင့် လမ်းပတ်ဝန်းကျင်အားလုံး တိုင်းတာရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့နယ်နှင့် လာအိုနိုင်ငံ လွယ်နမ်သာပြည်နယ် ဇင်းကုပ်မြို့ကို ဆက်သွယ်၍ မဲခေါင်မြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော မြန်မာ-လာအို ချစ်ကြည်ရေးတံတားသို့ရောက်ရှိပြီး တံတား၏ကြံ့ခိုင်မှုအခြေအနေ၊ နှစ်နိုင်ငံနယ်နိမိတ်သတ်မှတ်ထားရှိမှုနှင့် မြန်မာဘက်ခြမ်းရှိ Border Control Facilities တို့ကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ဥတ္တရသီရိမြို့နယ်အတွင်း ရေဝင်ရောက်လျက်ရှိသည့် ကျေးရွာများသို့ တာဝန်ရှိသူများ သွားရောက်ကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၁၃

နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်း ကျေးရွာများဖြစ်သော တောင်ညို၊ ဆယ်သိမ်း၊ ကျောင်းစု၊ မရမ်းခုံ၊ မအူလေးပင်ကျေးရွာတို့၌ နိုဝင်ဘာ ၁၀ ရက်က ရွာသွန်းခဲ့သောမိုးကြောင့် တံခွန်တိုင်ချောင်း၊ ချောင်းမကြီးချောင်းမှ လျှံတက်လာသော ချောင်းရေများကြောင့် မအူလေးပင်ကျေးရွာအတွင်းရှိ အိမ်ခြေ ၉၈ လုံးအတွင်းသို့ အမြင့်သုံးပေခန့် ရေဝင်ရောက်ခဲ့ရာ လူဦးရေ စုစုပေါင်း ၁၆၈ ဦးအနက် ၁၀၁ ဦးသည် ရေဝင်ရောက်မှုမရှိသည့် ဆွေမျိုးများနေအိမ်၌ ခေတ္တတည်းခိုနေထိုင်လျက်ရှိသည်။ မအူလေးပင် (အလက-ခွဲ)ကျောင်း၌ လူ ၆၀ အား ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်၍ ရွှေ့ပြောင်းထားပြီး ကျန်ခုနစ်ဦးအား ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျောင်းထိုင်ဆရာတော်က ခေတ္တတည်းခိုနေထိုင်ရန် ခေါ်ယူ၍လည်းကောင်း၊ မရမ်းခုံကျေးရွာရှိ အိမ်ခြေ ၁၄ လုံးအတွင်း ရေအမြင့် နှစ်ပေခန့်ဝင်ရောက်ခဲ့ပြီး ကျေးရွာအဝင်လမ်းရှိ Box Culvert အရှည် ၁၈ ပေ၊ အကျယ် ငါးပေရှိ တံတားတစ်စင်း ပျက်စီးဆုံးရှုံးခဲ့ပြီး ကျန်ကျေးရွာများ၌ ရေဝင်ရောက်ခြင်းများ ဖြစ်ပေါ်ခဲ့သော်လည်း လူနှင့် တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

အဆိုပါ ရေများဝင်ရောက်လျက်ရှိသည့် ကျေးရွာများသို့ နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်၊ ဦးအေးမောင်စိန်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက သွားရောက်၍ ရေဝင်ရောက်လျက်ရှိသည့် ကျေးရွာများအတွင်းမှ ပြည်သူများကို သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် သောက်သုံးရေများ ဖြန့်ဝေပေးခြင်း၊ ရေနစ်မြုပ်လျက်ရှိသည့် ရေတွင်းများကို အမြန်ဆုံးပြန်လည်တူးဖော်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရှုပဗေဒ)

သွေးလွန်တုပ်ကွေးရောဂါကင်းဝေးစေရန် ပြည်သူများအား ခြင်ထောင်များအခမဲ့ဖြန့်ဝေ

မိုးမောက် နိုဝင်ဘာ ၁၃

ကချင်ပြည်နယ် မိုးမောက်မြို့နယ်အတွင်းရှိ ပြည်သူများ သွေးလွန်တုပ်ကွေး ကူးစက်ရောဂါမှကင်းဝေးစေရန်အတွက် တာရှည်ခံဆေးစိမ်ခြင်ထောင် စုစုပေါင်း အလုံးရေ ၆၃၅၀၀ကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထက်အောင်က ဦးဆောင်၍ မိုးမောက်မြို့နယ်အတွင်းရှိ နယ်မြေခံတပ်မတော်သားမိသားစုနှင့် ယာယီတိမ်းရှောင်လျက်ရှိသော စစ်ဘေးရှောင်စခန်းမှ ပြည်သူများအပါအဝင် မြို့ပေါ်ကျေးရွာ၊ ရပ်ကွက်များရှိ အိမ်ထောင်စုပေါင်း ၂၉၀၀၀ ကျော်အတွက် မိသားစုနှစ်ဦးလျှင် ခြင်ထောင်တစ်လုံးစီ၊ ကိုယ်ဝန်ဆောင်ဖြစ်ပါက တစ်ဦးလျှင်ခြင်ထောင်တစ်လုံးစီဖြင့် နိုဝင်ဘာလ ဒုတိယပတ်မှစတင်၍ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

* *ရှေ့မှုံးမှ*

အသုံးအဆောင်ပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ဆန် ၆၉၈ အိတ်၊ စားသောက်ကုန် ၁၁ ဒသမ ၆၆၂တန်နှင့် လူသုံးကုန် ၂ ဒသမ ၄၁၈ တန်အား သာကေတမြို့နယ်ရှိ တပ်မတော် ရောတပ်ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ တပ်မတော်ရေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ကွန်ဒိမဟာနာဂရာဇာ မြို့ဦးဆုတောင်းပြည့်စေတီတော် ရွှေပန္နက်တော်တင်နှင့် တွင်းတော်ဝန်းမဂ်လာကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာ ကွန်ဒိမဟာနာဂရာဇာ မြို့ဦးဆုတောင်းပြည့်စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ရွှေပန္နက်တော်တင်နှင့် တွင်းတော်ဝန်း မဂ်လာအခမ်းအနားကို ယနေ့နှံ့နက် ၇ နာရီ ၂၅ မိနစ်တွင် ကွန်ဒိန္နာရာမ ပရိယတ်ပဋိပတ်ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင်ဆရာတော်များ၊ ပင့်သံဃာတော်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဇည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာယူကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အလှူရှင်များက အလှူငွေကျပ် ၆၆၈၉ သိန်း ၈ သောင်းကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူတို့ထံ ပေးအပ်လှူဒါန်းကြသည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တကွန်ဒိဇလထံမှ အနုမောဒနာတရား နာကြားကြသည်။

ယင်းနောက် ရွှေပန္နက်တော်တင်နှင့် တွင်းတော်ဝန်း မဂ်လာအခမ်းအနားကို ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယမန်နေ့ မွန်းလွဲပိုင်းက ကလေးသူငယ်ဥပဒေအရ အသက် ၆ နှစ်မှ ၁၆ နှစ်အတွင်းရှိ ကလေးသူငယ်တရားရုံးမှ ပို့အပ်လာသည့် ကလေးများအား စိတ်ဓာတ်နှင့် အကျင့်စာရိတ္တပြုပြင်ပေးလျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သန်လျင်လူငယ် သင်တန်းကျောင်းသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကလေးများအား အတန်းပညာနှင့် ကျောင်းပြင်ပပညာများ သင်ကြားပေးရာတွင် မေတ္တာပေးပြုစောင့်ရှောက်ပေးခြင်းဖြင့် ကလေးများ စိတ်ချလုံခြုံသောဘဝကို ရရှိခံစားနိုင်ရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး ကလေးသူငယ်တရားရုံးမှ ပို့အပ်သော ကလေးများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများ ပြောကြားကာ သင်တန်းသား တိုးချဲ့အိပ်ဆောင် အဆောက်အအုံအသစ် ဆောက်လုပ်နိုင်ရေး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ သက်ကြီးရွယ်အိုများ နေပြိုင်းစောင့်ရှောက်ရေးဂေဟာ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ အထူးပညာရေးအသင်းမှ တာဝန်ရှိသူများအား တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာတွင် မသန်စွမ်းသူများ၏ ပညာသင်ယူမှု အခွင့်အရေးများအား အပြည့်အဝရရှိနိုင်မည့် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန်အတွက် ပထမအကြိမ် မြန်မာနိုင်ငံ ဉာဏ်ရည် မသန်စွမ်းသူများဆိုင်ရာ ပညာရေးညီလာခံကျင်းပနိုင်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနမှ ဦးဆောင်ရေးဆွဲရန်ရှိသည့် လူမှုဝန်ထမ်းဥပဒေ၊ လူမှုကာကွယ်စောင့်ရှောက်ရေးဥပဒေနှင့် မူဝါဒများအားအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဘာသာရပ်ဆိုင်ရာကျင့်ဝတ်နှင့် အညီ ကျွမ်းကျင်မှုရှိသည့် Professional လူမှုဝန်ထမ်းသမားများ မွေးထုတ်ပေးနိုင်ရေး၊ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် လူမှုဝန်ထမ်းပညာရပ်များဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ အာဆီယံ လူမှုဝန်ထမ်း လုပ်ငန်းစဉ်များပါ အကြောင်းအရာများကိုလည်း အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် Social Work Institute တစ်ခုကို နိုင်ငံတကာအဆင့်မီ တည်ထောင်နိုင်ရေး စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် စီမံချက်မြေနေရာလျာထားရေးအတွက် လက်ရှိကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ဝန်ကြီးဌာနပိုင် သက်ကြီးရွယ်အိုများ နေပြိုင်းစောင့်ရှောက်ရေး ဂေဟာဝင်းအတွင်း အဆောက်အအုံ ဆောက်လုပ်ရန် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးကာ ဌာနပိုင် အဆောက်အအုံမြေနေရာများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်သမန်ဦးပိန်တံတားကို ဗိသုကာပညာရှင်များ အကြံပြုချက်ဖြင့် ဒီဇင်ဘာလတွင် ပြန်လည်ပြုပြင်မည်

မန္တလေး နိုဝင်ဘာ ၁၃

မန္တလေးမြို့အမရပူရမြို့နယ် တောင်သမန်ဦးပိန်တံတားကို မြန်မာနိုင်ငံ ဗိသုကာပညာရှင်များကောင်စီမှ အကြံပြုချက်များဖြင့် ဒီဇင်ဘာလမှစ၍ ပြန်လည်ပြုပြင်မူလုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က ပြောကြားသည်။

"ရှေးမူမပျက်ဆိုတာထက် မူလအတိုင်း မပျက်မစီးဘဲ လုပ်တာမျိုး ကတော့မရဘူး။ ကျွန်းနဲ့ အစားထိုးပြုပြင်ရမှာပါ။ အရင် လက်သမားတွေ လုပ်ထားတဲ့ ပုံစံအတိုင်း ပုံစံမပျက် ပြင်ဆင်မယ်။ ဒေသခံတွေ သွားလို့ လာလို့ ရမယ်။ တံတားပေါ် သွားလာနေရတာကိုက Living Culture ဖြစ်နေတာ။ ဗိသုကာပညာရှင်တွေရဲ့ အကြံပြုချက်နဲ့ ပူးပေါင်းဆောင်ရွက်မှာပါ" ဟု ၎င်းကပြောသည်။

တံတားပြုပြင်နေမှုကို ယခင်က ရပ်ဆိုင်းခဲ့ခြင်းမှာ လုပ်ငန်းများ ပြန်လည်စိစစ်ခြင်းနှင့် ဗိသုကာအမြင် အကြံပြုချက်များ မရရှိသေးခြင်းကြောင့် ဖြစ်ကြောင်း၊ ယခုအချိန်တွင် မြန်မာနိုင်ငံ ဗိသုကာပညာရှင်များကောင်စီ၏ အကြံပြုချက်များရယူခြင်းနှင့် ဗိသုကာကောင်စီမှ ချိတ်ဆက်ခေါ်ယူသည့် ဂျာမနီနိုင်ငံမှ ပညာရှင် နှစ်ဦး ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

"အစိုးရအကူးအပြောင်းမှာ တံတားကြီးက ပြိုတော့မယ်။ လုပ်ငန်းရှုပ်တစ်ဦးက အစအဆုံး အခမဲ့ပြင်ပေးမှာဆိုတော့ စပ်ကူးမပ်ကူး အစိုးရအကူးအပြောင်းဖြစ်လာတယ်။ ကျွန်တော်တို့ အစိုးရလက်ထက်ရောက်လာတော့ ဒီလုပ်ငန်းတွေကို ပြန်လည်စိစစ်ပါတယ်" ဟု ဆက်လက်ပြောကြားသည်။

တံတားပြုပြင်မှု ကုန်ကျငွေနှင့် ပတ်သက်၍ ယခင်အလှူရှင်ဖြစ်သည့် Myanmar Teak Wood ကုမ္ပဏီသို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)က ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၃

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့၌ ညအပူဆိုန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **(မိုး/ဇလ)**

ရေတာတမံများ ကျိုးပေါက်မှုမရှိစေရန် ကာကွယ်ခံကြသော တာတမံလုပ်သားများနှင့် ဝန်ထမ်းများအား ဂုဏ်ပြု

ဟင်္သာတ နိုဝင်ဘာ ၁၃

၂၀၁၆ ခုနှစ် မိုးရာသီကာလတွင် ဟင်္သာတခရိုင်အတွင်းရှိ ရေဘေးကာကွယ်ရေးတာတမံများ ကျိုးပေါက်မှုမရှိစေရန် ကာကွယ်ခံကြသော ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာတမံလုပ်သားများနှင့် ဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို နိုဝင်ဘာ၁၀ ရက် မွန်းလွဲပိုင်းက ဆည်မြောင်းမြနီခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင်နှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသာယာတို့က ဂုဏ်ပြုအမှာစကားများ ပြောကြားခဲ့သည်။ ယင်းနောက် ခရိုင်အတွင်းရှိ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာ၊ ဇလွန်၊ ဟင်္သာတ ခြောက်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိများနှင့် တာတမံလုပ်သား ၂၈၅ ဦးတို့အား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

ရွှေတိဂုံစေတီတော်နှင့် ဗိုလ်တထောင်စေတီတော်တို့၌ မသိုးသင်္ကန်းရက်ခတ်ပြိုင်ပွဲဖွင့်

ရန်ကုန် နိုဝင်ဘာ ၁၃

ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူပြီးသော သဗ္ဗညုတရွှေဉာဏ်တော်ရှင် မြတ်စွာ ဘုရားအဆူဆူတို့အား ရည်မှန်းလျက် မြန်မာ့ရိုးရာယဉ်ကျေးမှုတို့ ထိန်းသိမ်း ဖော်ဆောင်သောအားဖြင့် တန်ဆောင်မုန်း လပြည့် အခါသမယနေ့ထူးနေ့မြတ်တွင် မသိုးရွှေကြာသင်္ကန်းတော် ကပ်လှူ ပူဇော်ရေးအတွက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်နှင့် ဗိုလ်တထောင် စေတီတော်များ၌ တန်ဆောင်မုန်းလဆန်း ၁၄ ရက်ညတွင် ယှဉ်ပြိုင်ရက်လုပ်ကြသည်။

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် မြတ်ကြီး၏ (၃၂) ကြိမ်မြောက် မသိုး သင်္ကန်းယှဉ်ပြိုင် ရက်ခတ်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်း တွင် ရွှေတိဂုံစေတီတော် ရာဟုထောင့် အောင်မြေ၌ကျင်းပရာ ရွှေတိဂုံ စေတီတော်အလှည့်ကျဂေါပက ဦးသောင်း ထိုက်က အမှာစကားပြောကြား၍ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြပြီး ပြိုင်ပွဲဝင်ရက်ကန်းစင်တော်များက ယှဉ်ပြိုင်ရက်လုပ်ကြသည်။

မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် အင်ကြင်း ပန်းစင်တော်၊ သဇင်ပန်း စင်တော်၊ ခတ္တာ ပန်းစင်တော်၊ ခွာညိုပန်းစင်တော်၊ ပိတောက်ပန်းစင်တော်၊ ဒေါနပန်း စင်တော်၊ ကံ့ကော်ပန်းစင်တော်၊ စကားဝါ ပန်းစင်တော်နှင့် သရဖီပန်းစင်တော် ကိုးစင်ဖြင့် ရက်ကန်းခတ်ကျွမ်းကျင်သူ အမျိုးသမီးများက ပါဝင်ယှဉ်ပြိုင်ကြသည်။

အလားတူ ဗိုလ်တထောင်ကျိုက် ဒေးအပ်ဆံတော်ဦးစေတီတော်၏ (၃၄) ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်ခတ်ပြိုင်ပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီခွဲတွင် ဗိုလ်တထောင် စေတီတော်ရင်ပြင်တော်ပေါ်ရှိ ဆိပ်ကမ်း လုပ်သားပေါင်းစုဓမ္မာရုံ၌ ကျင်းပရာ တာဝန်ရှိသူများက အမှာစကားပြောကြား ကာ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူ များက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြပြီး ပြိုင်ပွဲဝင်ရက်ကန်းစင်တော် များက ယှဉ်ပြိုင်ရက်လုပ်ကြသည်။

ပြိုင်ပွဲတွင် ဒေဝစ္ဆရာ၊ ဝဏ္ဏပဘာ၊ သီရိစန္ဒာ၊ ရူပမာလာ၊ ဓာတုကလျာ၊ မဏိ မေခလာ၊ ပပဝတီ၊ ဂေါတမီ၊ မယ်တော် မာယာ၊ ယသော်ဓရာ၊ မြနန်းနွယ်၊ ဗုဒ္ဓဝံသ ရက္ခိတ၊ ခေမာထေရ်ရီ၊ ဝိသာခါ၊ နန္ဒ မာလာ၊ စောမွန်လှ၊ ရှင်စောပု၊ သုဇာတာ၊ သီတာပပရှင်မင်းလှ၊ ပဒုမ္မာဝတီ၊ သိင်္ဂီ ရွှေစင်၊ မဟာလတ္တာရတနာစင်တော် ၂၂ စင်ဖြင့် ယှဉ်ပြိုင်ရက်ခတ်ကြ သည်။

အဆိုပါ စေတီတော်များတွင် ပြိုင်ပွဲဝင်များရက်ခတ်ပြီး မသိုးရွှေကြာ သင်္ကန်းများကို တန်ဆောင်မုန်းလပြည့် နေ့နံနက်အရုဏ်ဦးတွင် စေတီတော် နှင့် စေတီတော်ပရိဝုဏ်ရှိ ဗုဒ္ဓ ရုပ်ပွားတော်များ၌ ဆက်ကပ်လှူဒါန်းကြ မည်ဖြစ်ကြောင်း သိရသည်။

သတင်း-ကိုကိုဇော်
ဓာတ်ပုံ - ဇော်မင်းလတ်၊ရဲထွဋ်

ရွှေတိဂုံစေတီတော်၌ မသိုးသင်္ကန်းယှဉ်ပြိုင်ရက်ခတ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်

မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ကပ်လှူပွဲ ကမ္ဘာအေးစေတီနှင့် ကျိုက္ကစံစေတီတော်တို့၌ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၃

မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီကျင်းပသည့် မသိုး သင်္ကန်းတော်ယှဉ်ပြိုင်ရက်လုပ်ပွဲကို ယနေ့ညနေပိုင်းတွင် ကမ္ဘာအေးစေတီနှင့် ကျိုက္ကစံ စေတီတို့၌ ကျင်းပသည်။

မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ သာသနာ့ သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ကကြီးမှူး၍ (၁၉) ကြိမ် မြောက် မသိုးရွှေကြာသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ပွဲကို ညနေ ၅ နာရီတွင် စေတီတော် ရင်ပြင်၌ကျင်းပရာ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးလှထွန်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မသိုးသင်္ကန်းတော်များကို သတိသမ္မောဇ္ဈင်၊ ဓမ္မဝိစယ သမ္မောဇ္ဈင်၊ ဝီရိယသမ္မောဇ္ဈင်၊ ပီတိသမ္မောဇ္ဈင်၊ ပဿဒ္ဓိသမ္မောဇ္ဈင်၊ သမာဓိသမ္မောဇ္ဈင်နှင့် ဥပေက္ခာ သမ္မောဇ္ဈင် စသည့် စင်တော်ခုနစ်စင်တို့ဖြင့် အမျိုးသမီးငယ်များက အဖွဲ့လိုက် ယှဉ်ပြိုင် ရက်ခတ်ကြသည်။

အလားတူ သဃ်နိုးကျွန်းမြို့နယ်ရှိ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော်၌ စေတီတော်ဂေါပကအဖွဲ့ကကြီးမှူး၍ (၃၇)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်ခတ် ယှဉ်ပြိုင်ပွဲကို ညနေပိုင်းတွင် စေတီတော်ရင်ပြင် စနေထောင့်ရှိ ကျင်းပရေးဗဟိုမင်္ဂလာ မဏ္ဍပ်ရှေ့၌ကျင်းပရာ တာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့ဝင်များက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး သန္တာစင်တော်၊ ကျောက်စိမ်းစင်တော်၊ ပတ္တမြားစင်တော်၊ နီလာစင်တော်နှင့် ပုလဲစင်တော်စသည့် စင်တော်ငါးစင်ဖြင့် အမျိုးသမီးငယ်များက မသိုးသင်္ကန်းတော်များကို ယှဉ်ပြိုင်ရက်ခတ်ကြသည်။

အဆိုပါ မသိုးသင်္ကန်းရက်ခတ်ပြိုင်ပွဲမှရရှိသည့် သင်္ကန်းတော်များကို ဗုဒ္ဓဝိနည်း တော်နှင့်အညီ အလျား၊ အနံ၊ အတိုင်းအထွာစံမီသည့် မသိုးရွှေကြာသင်္ကန်းတော် များအဖြစ်ချုပ်လုပ်ကာ တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၁၄ ရက်) နံနက်အရုဏ်ဦး တွင် သက်ဆိုင်ရာစေတီတော် ဩဝါဒဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင် များနှင့် ပြည်သူများက တန်ဆောင်တိုင် ဆီမီးထွန်းညှိပူဇော်ပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ တို့နှင့်အတူ သက်ဆိုင်ရာစေတီတော်များနှင့် တန်ဆောင်းအသီးသီးရှိ ဗုဒ္ဓရုပ်ပွားတော် တို့၌ ဆက်ကပ်လှူဒါန်းကြသည်။

ကိုချစ်

သန်လျင်ကျိုက်ခေါက်စေတီ မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲ ဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၁၃

သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ် တန်ဆောင်တိုင် ဗုဒ္ဓပူဇနီယပွဲတော် မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ပွဲ ဖွင့်ပွဲကို နိုဝင်ဘာ ၁၃ ရက် ညနေ ၅ နာရီတွင် ရင်ပြင်တော် ရှုခင်းသာတန်ဆောင်း၌ ကျင်းပရာ ပွဲတော်အား သန်လျင်တပ်နယ် မှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ရက်ကန်းစင်တော်များ၏ ယှဉ်ပြိုင်နေမှုများအား ကြည့်ရှုအားပေး ရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ကျော်မိုးကြည် (ငြိမ်း) က ရှင်းလင်းပြသ သည်။

သန်လျင်မြို့ ကျိုက်ခေါက်စေတီ တန်ဆောင်တိုင်ပွဲတော်တွင် မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ပွဲ၊ ဆီမီးပူဇော်ပွဲ၊ ရွှေသင်္ကန်းကပ်လှူပွဲ၊ ဆွမ်းတော်ကြီး တင်လှူပွဲ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲ များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပ လျက်ရှိပြီး တန်ဆောင်မုန်းလပြည့်နေ့ မွန်းလွဲ ၁ နာရီတွင် စေတီတော်အရှေ့ဘက် ကြာကန်ဗိမာန်တော်၌ သန်လျင်မြို့နယ် အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ဆရာတော် သံဃာတော်များအား မြို့လုံး ကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပြီး စာရေးတံမဲနှင့် ငွေပဒေသာပင်များ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဝင်း (သန်လျင်)

မုံရွာမြို့ ရွှေစည်းခုံဘုရားကြီးရင်ပြင်၌ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ ကျင်းပ

မုံရွာ နိုဝင်ဘာ ၁၃

(၁၇) ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ် ကပ်လှူပူဇော်ပွဲကို မုံရွာမြို့ ရွှေစည်းခုံ စေတီတော်မြတ် ရင်ပြင်တော်၌ နိုဝင်ဘာ ၁၃ရက် ညနေပိုင်းကကျင်းပရာ လာရောက်ကြည့်ရှုကြသည့် ပရိသတ်မှာ ယခင်နှစ်ကထက် ပိုမို များပြားကြောင်း တွေ့ရသည်။

"မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲကြီး ကို ၁၃၆၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်က စတင်ပြီး နှစ်စဉ် ကျင်းပခဲ့ တာ (၁၇)ကြိမ်တိုင်ခဲ့ပြီဖြစ်ပါတယ်။ ညနေ ၆ နာရီကစတင်ပြီး သင်္ကန်းတော် တွေရက်လုပ်ပြီး နံနက်အရုဏ်မတက်ခင် ဘုရားငါးဆူကိုကိုယ်စားပြု ရည်မှန်းပြီး ရွှေစည်းခုံရုပ်ရှင်တော်မြတ်၊ ဝိစိတြအာရုံခံ ရုပ်ပွားတော်၊ ဦးသန်းညွှန့်အာရုံခံ ရုပ်ပွားတော်၊ ဦးသာဓုအာရုံခံရုပ်ပွားတော် နှင့် သိမ်တိုက်ရုပ်ပွားတော် ငါးဆူတို့ကို ဆက်ကပ်လှူဒါန်းကြမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မုံရွာမြို့ ဆုတောင်းပြည့် ရုပ်ပွားတော်မြတ်ကြီးကိုလည်း မသိုး သင်္ကန်းတစ်စုံ ဆက်ကပ်လှူဒါန်းမှာ ဖြစ်ပါတယ်။ သင်္ကန်းတော်ငါးစုံကို ခိုးသန်းရွာ လှပျိုဖြူနှစ်ဖွဲ့က ဒေဝစ္ဆရာ စင်တော်နဲ့ ဝဏ္ဏပဘာစင်တော်၊ ယင်းမာပင်မြို့နယ် အိုးဘိုရွာလှပျိုဖြူ နှစ်ဖွဲ့က သူရိယဝစ္စသာနဲ့ မဏိစန္ဒာ စင်တော်နဲ့ ဒါန်းပင်တဲရွာ လှပျိုဖြူတွေ အနေနဲ့ ဓာတုကလျာစင်တော်တွေနဲ့ ရက်လုပ်ပြီး ဆက်ကပ်လှူဒါန်း ပူဇော် ကြတာပါ" ဟု ရွှေစည်းခုံဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဉာဏ်အောင်က ရှင်းလင်း ပြောပြသည်။

ပြိုင်ပွဲဝင်ရက်ကန်းစင်တော်အဖွဲ့ဝင် များအား ပွဲတော်ကျင်းပရေးဗဟို ကော်မတီမှ ပထမဆုငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်းနဲ့ တတိယဆု ငွေကျပ်တစ်သိန်းခွဲ၊ နှစ်သိမ့်ဆု နှစ်ဆု အတွက် ငွေကျပ် ရှစ်သောင်းစီ နှင့် ဆုဖလားများကို နိုဝင်ဘာ ၁၄ ရက် နံနက် ၄ နာရီတွင် ချီးမြှင့်ပေးအပ် မည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

သထုံတန်ဆောင်တိုင် ဆွမ်းကြီးလောင်းပွဲတော်တွင် သစ်သီးစုံပဒေသာပင်ပြုလုပ်လှူဒါန်းသူ နည်းပါးလာ

သထုံ နိုဝင်ဘာ ၁၃

မွန်ပြည်နယ် သထုံမြို့၏ တန်ဆောင်တိုင်ကာလ ဆွမ်းကြီးလောင်းပွဲတော်များတွင် သံဃာတော်များအား အစဉ်အလာမပျက် ဒေသထွက်သစ်သီးများဖြင့် သစ်သီးစုံ ပဒေသာပင်ပြုလုပ်ကာ မဲဖောက်လှူဒါန်းလျက်ရှိသော်လည်း ယခုနှစ်တွင် ပြုလုပ် လှူဒါန်းသည့်အရေအတွက် ပိုမို နည်းပါးလာကြောင်း သိရသည်။

"သစ်သီးပဒေသာပင်လုပ်ဖို့ တစ်လလောက်က ကြိုပြီး သစ်သီးစုတယ်၊ အလှူခံ ထွက်ရတယ်။ ဒီနှစ်တော့ သစ်သီးတွေရှာရတာ နည်းနည်းခက်တယ်။ ကျွန်တော်တို့ သစ်သီးပဒေသာပင်မှာ အသီးစုံ၊ ဆန်၊ ဆီ၊ ကျောင်းအသုံးအဆောင်ပစ္စည်း၊ တရားဟော ပလ္လင်နဲ့ ဆင်းတုတော်တစ်ဆူ စုစုပေါင်းတန်ဖိုးငွေကျပ် ၅၃ သိန်းကျော်ပါတယ်။ ဒါတွေအားလုံးကို တစ်မဲတည်း လှူဒါန်းမှာဖြစ်လို့ တစ်ကျောင်းတည်းက ရမှာပါ" ဟု ဘင်လှိုင်ရပ်ကွက် ဂေါ့လမ်းလူငယ်များ သစ်သီးပဒေသာပင်အဖွဲ့မှ ကိုလှဝင်းအောင် က ပြောသည်။

သထုံမြို့၌ သစ်သီးပဒေသာပင်ပြုလုပ်လှူဒါန်းသည့်ဓလေ့ကို ဂေါ့လမ်းလူငယ်များ ကစတင်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် (၃၄)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ ယမန်နှစ်က သထုံတန်ဆောင်တိုင် ပွဲတော်တွင် တစ်မြို့လုံးအနေဖြင့် သစ်သီးပဒေသာပင် ၁၀ ခု ခန့်ပါဝင်ခဲ့သော်လည်း ယခုနှစ်တွင် သစ်သီးပဒေသာပင်များပြုလုပ်ရန် သစ်သီးများ ရှားပါးလာပြီး ဈေးနှုန်းမြင့်လာမှုနှင့်အတူ စိတ်ပါဝင်စားသည့် အလှူရှင်များ နည်းပါး လာမှုကြောင့် လေးခုခန့်သာရှိတော့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"သထုံရဲ့တန်ဆောင်တိုင်ဆွမ်းကြီးလောင်းပွဲတွေမှာဆိုရင် သစ်သီးပဒေသာပင်ဟာ မပါမဖြစ်ဘဲ၊ ဒီဘက်နယ်တစ်ကြောမှာဆိုရင် သစ်သီးပဒေသာပင်ပါတာ သထုံ တစ်မြို့ပဲရှိတယ်။ သိသလောက်ပြောရရင် သစ်သီးပဒေသာပင်ပြုလုပ်လာတာ နှစ်ပေါင်း ၃၀ ကျော်ပြီ" ဟု ဘင်လှိုင်ရပ်ကွက်၌ နေထိုင်သူ ဦးတင်ဦးက ပြောသည်။

သထုံတန်ဆောင်တိုင်၌ မြို့အတွင်းရှိ ဘုရားစေတီများအား ကြာသင်္ကန်း တော်များကပ်လှူခြင်း၊ ရပ်ကွက်တိုင်း လမ်းတိုင်းနီးပါး မီးထွန်းပွဲများပြုလုပ်ခြင်း စတုဒိသာနိဗ္ဗာန်ဈေးပွဲတော်များ ပြုလုပ်ခြင်းနှင့် မြို့နယ်အတွင်းရှိ ကျောင်းတိုက် အသီးသီးမှ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲများဆက်ကပ်လှူဒါန်း ခြင်းတို့ဖြင့် နှစ်စဉ် စည်ကားစွာကျင်းပလေ့ရှိကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရသည်။

သက်ဦး(သထုံ)



မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး မသိုးသင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ပွဲဖွင့်

မန္တလေး နိုဝင်ဘာ ၁၃

မန္တလေးမြို့မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၂၇)ကြိမ်မြောက် မသိုးသင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ပွဲဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက မဟာမုနိ ရုပ်ရှင်တော်မြတ် မိုးကောင်းဓမ္မာရုံမဏ္ဍပ်ရှေ့၌ကျင်းပသည်။ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ရက်လုပ်ပူဇော် မည့် မသိုးမြတ်သင်္ကန်းတော် အဆင့်ဆင့်ရက်လုပ်မှုများကို လိုက်လံကြည့်ရှုအားပေး သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီး၊ ရေချမ်း၊ ရွှေသင်္ကန်းများကပ်လှူပူဇော်ကြပြီးနောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားကို ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရွှေကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့၊ မဟာမုနိဂေါပကအဖွဲ့ဝင်များ၊ ဝေယျာဝစ္စ အဖွဲ့ဝင်များ၊ ဓမ္မစကြာဝတ်အသင်းမှ အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ရေကြည် ပေါက်ကျေးရွာရက်ကန်းပညာရှင် အဖွဲ့၊ အုန်းတော်ကျေးရွာ ရက်ကန်းပညာရှင်အဖွဲ့၊ အင်းလေးဒေသ ရက်ကန်းပညာရှင် အဖွဲ့၊ ကိုးလုံးတကာ စက်ချုပ်ပညာရှင်အဖွဲ့တို့က မသိုးမြတ်သင်္ကန်းတော်အဆင့်ဆင့် ရက်လုပ်ပူဇော်နေမှုတို့ကို လိုက်လံကြည့်ရှုအားပေး ခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ကျွန်တော်ဘကြီးနှင့် ဥပဒေဆွေးနွေးခန်း

မောင်ဥပဒေ

ရှေ့နေပေါက်စ ကျွန်တော် မောင်ဥပဒေတစ်ယောက် အငြိမ်းစား တရားသူကြီး(ကျွန်တော်ဘကြီး)ထံမှောက် ရောက်ရတယ်။ ယခုတလော ဆက်သွယ်ရေး ဥပဒေအကြောင်း အတော် ခေတ်စားနေတယ်။ ဗဟုသုတအဖြစ် ဘကြီးကို ကျွန်တော် သွားတွေ့ပြီး မေးမှာပါ။ မရှင်းတာ သိချင်လို့ပါဗျာ။

ရှေ့နေပေါက်စ။ ဘကြီး နေကောင်းရဲ့လား။ ဆက်သွယ်ရေး ဥပဒေအကြောင်း နည်းနည်းရှင်းပြပါလား။

ဘကြီး။ ဆက်သွယ်ရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်က ၈-၁၀-၂၀၁၃ ရက်စွဲနဲ့ ပြဋ္ဌာန်းတယ်။ ရည်ရွယ်ချက်တွေကတော့-

(က) နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးနည်းပညာဖြင့် အထောက်အကူပြုနိုင်ရန်၊

(ခ) ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးကဏ္ဍများတွင် ပြည်တွင်းပြည်ပမှ အခွင့်အလမ်းတူမျှသော ပွင့်လင်းမြင်သာသည့် ယှဉ်ပြိုင်မှုများ ဆောင်ရွက်စေခြင်းဖြင့် အရည်အသွေးမြင့်မားပြီး သုံးစွဲသူတို့အား ထိုက်တန်စွာ ဝန်ဆောင်မှုပေးနိုင်မည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ထွက်လာစေရန်၊

(ဂ) ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးဆိုင်ရာ နည်းပညာနှင့်အတူ နိုင်ငံတော်တစ်ဝန်းလုံးတွင် ဆက်သွယ်ရေး ကွန်ရက်ဖြန့်ကြက်ပြီး အများပြည်သူဆက်သွယ်အသုံးပြုနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်စေရန်၊

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်သူနှင့် အသုံးပြုသူတို့ကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊

(င) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူလုံခြုံရေးကိစ္စများအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ ကွန်ရက် အထောက်အကူပြုပစ္စည်းများနှင့် လိုင်စင်ရယူပြီးမှသာ အသုံးပြုခွင့်ရှိသော ဆက်သွယ်ရေးပစ္စည်းများကို ကြီးကြပ်နိုင်ရန်တို့ဖြစ်တယ်။ ဆက်နားထောင်ဦး။

ပြစ်မှုနှင့်ပြစ်ဒဏ်များကို ဒီလိုပြဋ္ဌာန်းထားတယ်။

ဥပဒေအခန်း (၁၈) ပြစ်မှုနှင့် ပြစ်ဒဏ်များအခန်းတွင် ပုဒ်မ ၆၆ ကို ပြဋ္ဌာန်းထားတယ်-

၆၆။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) ဆက်သွယ်ရေး ကွန်ရက်အတွင်းသို့ ယင်း၏ပိုင်ရှင်သို့မဟုတ် စီမံခန့်ခွဲခွင့်ရှိသူ၏ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်နောင့်ယှက်ခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်ကို ဖြစ်စေ၊ မူလအနေအထားကိုဖြစ်စေ ပြောင်းလဲခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ခ) ဆက်သွယ်ရေးကွန်ရက်ကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်၍ ပိုင်းရပ်စ် သို့မဟုတ် အခြားနည်းလမ်းတစ်ခုခုဖြင့် ဝင်ရောက်စေခြင်း၊

(ဂ) ဆက်သွယ်ရေးကွန်ရက် တစ်ခုခုကို အသုံးပြု၍ ငွေကြေးနှင့်ပစ္စည်းတစ်ရပ်ရပ်ကို ခိုးယူခြင်း၊ လိမ်လည်ခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် အကျိုးပျက်စီးစေခြင်း၊

(ဃ) ဆက်သွယ်ရေးကွန်ရက် တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရား တားဆီးကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်ညှဿသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းတို့ဖြစ်ပါတယ်။

ရဲအရေးယူပိုင်ခွင့်ရှိ

ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်ရမည်။

[ဆက်သွယ်ရေးဥပဒေပုဒ်မ ၈၀(က)]

ဆက်သွယ်ရေးကွန်ရက်ဆိုသည်မှာ

ဆက်သွယ်ရေးကွန်ရက်ဆိုသည်မှာ ဆက်သွယ်ရေးနည်းပညာတစ်ခုခုကို အသုံးပြုပြီး ကွန်ရက်အထောက်အကူပြုပစ္စည်း၊ ဆက်သွယ်ရေးပစ္စည်း၊ ကွန်ပျူတာ ၊ ကွန်ပျူတာကဲ့သို့သော အလားတူပစ္စည်း ယင်းတို့နှင့် တွဲဖက်အသုံးပြုနိုင်သည့်စနစ်နှင့် ပစ္စည်းကိုကြိုးဖြင့်ဖြစ်စေ၊ ကြိုးမဲ့ဖြင့်ဖြစ်စေ အချင်းချင်း ချိတ်ဆက်အသုံးပြုသော စနစ်ကိုဆိုသည်။

[ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃ (ဃ)]

ရှေ့နေပေါက်စ။ ပြစ်မှုပုဒ်မ ၅၀၀ (အသရေဖျက်မှု)နှင့် ကွာခြားသလား ဘကြီး။ နည်းနည်း ရှင်းပြပါဦး။

ဘကြီး။ လူတိုင်းအခေါ် ရာဇသတ်ကြီး (ယခုအခေါ် ပြစ်မှုဆိုင်ရာဥပဒေ)ပုဒ်မ ၅၀၀ ပေါ့။ ပုဒ်မ ၄၉၉ ကို "အသရေဖျက်မှု" အဓိပ္ပာယ် ပြဋ္ဌာန်းထားတယ်။ မည်သူမဆို နှုတ်ဖြင့်ဖြစ်စေ၊ ဖတ်ရှုစေရန် ကြံရွယ်သည့်စကား၊ ဖြင့်ဖြစ်စေ၊အမှတ်အသားဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာစေရန် အကြံဖြင့်သော်လည်းကောင်း၊ ထိုသူနှင့်စပ်လျဉ်းသော စွပ်စွဲခြင်းသည် ထိုသူ၏ အသရေကိုနစ်နာစေမည်ဟု သိလျက်နှင့် သော်လည်းကောင်း၊ ထိုသို့ယုံကြည်ရန် အကြောင်းရှိလျက်နှင့်သော်လည်းကောင်း၊ ထိုသူနှင့် စပ်လျဉ်းသော စွပ်စွဲချက်ကို ပြုလျှင် သို့တည်းမဟုတ် ကြေညာလျှင် ထိုသူသည် စဉ်းစားသင့်တယ်လို့ ပြောချင်တာလား ဘကြီး။

ဘကြီး။ ဒီလိုစဉ်းစားနိုင်တယ်။ တရားစွဲသူ (တရားလို)ရဲ့သဘောပေါ့။ အမှုလက်ခံတဲ့ တရားသူကြီးက ဘယ်ပုဒ်မနဲ့အရေးယူ လက်ခံမယ်ဆိုတာကတော့ တရားသူကြီး အပိုင်းပေါ့။

ပေါက်စ။ ဥပဒေအရာရှိတွေရဲ့ တရားမစွဲမီ ဥပဒေအကြံပြုချက်က အရေးမပါဘူးလား ဘကြီး။

ဘကြီး။ အရေးပါတာပေါ့။ တရားမစွဲမီ ဥပဒေအကြံပေးခြင်းတာဝန်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဥပဒေအရာရှိအဆင့်ဆင့်က လွှတ်လွှတ်လပ်လပ် အကြံပြုနိုင်တာပဲ။ သူ့လုပ်ထုံးတွေရှိပြီးသားပါ။

ပေါက်စ။ ပုဒ်မအကြီးအသေး။ ပြစ်ဒဏ်အကြီးအသေး ဆိုတာ တရားမစွဲမီအပိုင်း၊ တရားစွဲပြီး အပိုင်းဆိုပြီး ခွဲခြားကြည့်နိုင်တယ်။ အထူးနှင့် အထွေထွေဥပဒေနဲ့ ငြိစွန်းသလား။ ရာဇသတ်ကြီးနဲ့ငြိစွန်းသလား။ အခြား ဘာအထောက်အထားတွေရှိသလဲပေါ့။ သူ့လုပ်ထုံးနဲ့ သူရှိပြီးသားပါ။ ချစ်သူ၊ မုန်းသူ၊ ဆန္ဒစွဲ၊ ဒေါသစွဲတွေနဲ့ အမှုတည်ဆောက်လို့ရပါသလား။

ဘကြီး။ ဒါကတော့ ဥပဒေမဲ့တိုင်းပြည်မှ မဟုတ်တာဘဲ။ ဥပဒေနဲ့အညီ ဆောင်ရွက်ကြရမှာပေါ့။

ပေါက်စ။ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ကို ပြင်သင့်တယ်။ ချိုယွင်းချက်တွေ ထောက်ပြကြတယ်။

ဘကြီးရဲ့သဘောထားပြောပြပါဦး။

တည်ဆဲဥပဒေတွေအပေါ် ကောင်းသောအမြင်နဲ့ သုံးသပ်ပြီး ဝေဖန်အကြံပြုကြပါ။ ပြင်သင့်တာ ပြင်ရမှာပါ။ ဥပဒေပြဋ္ဌာန်းခဲ့တဲ့ ခေတ်ကာလ အခြေအနေ၊ ယနေ့ လက်ရှိအခြေအနေ၊ တိုးတက်မှု၊ ဆုတ်ယုတ်မှု စသည်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ပါ။ ဥပဒေအမြင်၊ နိုင်ငံရေးအမြင်၊ ပြည်သူ့အမြင်တွေ အခြေခံကြရမှာပေါ့။ ပုဂ္ဂလိက အကျိုးစီးပွားလား။ နိုင်ငံအကျိုးစီးပွားလား။ အများဆန္ဒ၊ ပြည်သူ့ဆန္ဒ အခြေခံစဉ်းစားသင့်ပါတယ်

ပေါက်စ။ သတင်းမီဒီယာနည်းဥပဒေများမှာရော ဘယ်လိုပါရှိသလဲ ဘကြီး။

ဘကြီး။ သတင်းဆိုရာတွင် "အချက်အလက် (DATA)၊ မူရင်းစာ (TEXT)၊ ပုံရိပ်သဏ္ဌာန် (IMAGE)၊ အသံ၊ သင်္ကေတ (CODE)၊ ကွန်ပျူတာ ပရိုဂရမ်ဆော့ဖ်ဝဲနှင့် အချက်အလက်အစုအဝေး (DATA BASE) တို့ပါဝင်သည်"လို့ အဓိပ္ပာယ်ဖွင့်တယ်။

ပေါက်စ။ အဘရှင်းပြချက်အရဆိုရင် ဆက်သွယ်ရေးဥပဒေရဲ့ ဖွင့်ဆိုချက်၊ ရာဇသတ်ကြီးဥပဒေရဲ့ ဖွင့်ဆိုချက်တွေနဲ့ တစ်ခုနဲ့တစ်ခု ယှဉ်တွဲလေ့လာလို့ရပါပြီ။ သတင်းမီဒီယာကောင်စီက ဘာတွေလုပ်ပေးနိုင်သလဲဆိုတာလည်း ဘကြီးသုံးသပ်ပြပါဦး။

ဘကြီး။ သတင်းမီဒီယာဥပဒေပုဒ်မ ၉ မှာ တာဝန်နှင့် ကျင့်ဝတ် စည်းကမ်းတွေ ပြဋ္ဌာန်းထားတယ်။ စွပ်စွဲတိုင်ကြားချက်တွေကို ညှိနှိုင်းဖြေရှင်းပေးဖို့ ဖြစ်တယ်။ ညှိနှိုင်းဖြေရှင်းရေးကော်မတီတစ်ရပ် ဖွဲ့စည်းပြီး ဆောင်ရွက်ရတယ်။ နစ်နာသူ တစ်ဦးဦးက တိုင်ကြားနိုင်တယ်။ (တိုင်ကြားရမည်) လို့ မပြဋ္ဌာန်းထားဘူး။

ပေါက်စ။ ဒါထက်ရှင်းအောင်ပြောပြပါဘကြီး။

ဘကြီး။ ဒါထက်ရှင်းအောင် ထပ်ရှင်းရရင်တော့ နစ်နာသူမည်သူမဆို၊ မိမိနစ်နာတဲ့အတိုင်း (ပေါ်ပေါက်ချက်အတိုင်း) လွတ်လွတ်လပ်လပ် တိုင်ကြားနိုင်တယ်။ ပထမတိုင်ချက်ကို ရဲတပ်ဖွဲ့က လက်ခံမယ်။ စုံစမ်းစစ်ဆေးမယ်။ ပြီးရင် ဘာပုဒ်မနဲ့ အကျုံးဝင်သလဲဆိုတာ သက်ဆိုင်ရာ ဥပဒေအရာရှိက အကြံပြုမယ်။ ပြီးရင် ငြိစွန်းတဲ့ ဥပဒေပုဒ်မနဲ့ တရာရုံး (တရားသူကြီး)ဆီသို့ တရားစွဲတင်မယ်။ ရှင်းအောင်ပြောချင်တာက နစ်နာသူ (တရားလို) ဟာ မိမိနစ်နာမှုအတွက် မိမိဆန္ဒနဲ့အညီ ဖြစ်စဉ်အမှုကို တိုင်ကြားနိုင်တဲ့ အခွင့်အရေးရှိတယ်ဆိုတာပဲ။ ဘယ်ပုဒ်မနဲ့ ငြိစွန်းတယ်ဆိုတာကတော့ ရဲတပ်ဖွဲ့၊ ဥပဒေအရာရှိနဲ့ တရားသူကြီးတွေရဲ့ ဆက်စပ်နေတဲ့ တာဝန် (အလုပ်)တွေပဲ ဖြစ်တယ်။ ဥပဒေနဲ့အညီ ဆက်လုပ်ကြလိမ့်မယ်။ သတင်းမီဒီယာဥပဒေပုဒ်မ ၉ (က) မှာလည်း သတင်းတိုင်းအချက်အလက် တိကျမှန်ကန်စေရန်နှင့် တတ်နိုင်သမျှ ပြည့်စုံစေရန် စီစစ်ခြင်းဆိုတဲ့ သတင်းမီဒီယာသမားတွေ လိုက်နာရမည့် တာဝန်နှင့် ကျင့်ဝတ်များခေါင်းစဉ်နဲ့ ပြဋ္ဌာန်းထားတယ်။ သတင်းမီဒီယာသမားများ လိုက်နာဖို့ လိုအပ်တယ်။

ပေါက်စ။ သတင်းမီဒီယာတွေကို လွတ်လပ်ခွင့်မပေးဘဲ ဖိနှိပ်နေတယ်လို့ ဝေဖန်သံတွေ ထွက်ပေါ်နေတယ်။ ဆွေးနွေးပေးပါဦးဘကြီး။

ဘကြီး။ သတင်းလွတ်လပ်ခွင့်တွေ အတော်အတန် ရနေပြီ။ သတင်းမီဒီယာကောင်စီလည်း ပေါ်ပေါက်နေပြီ။ သတင်းသိပိုင်ခွင့် Right to Information စတာတွေရေးဖို့၊ ပြဋ္ဌာန်းဖို့လည်း ခရီးစနေပြီ မဟုတ်လား။ ဘကြီးက ဥပဒေအကြောင်းပဲ ပိုပြောတတ်တယ်။

ပေါက်စ။ ပုဒ်မ ၅၀၀ နဲ့ ဆက်သွယ်ရေးပုဒ်မ ၆၆(ဃ) ကို ဖျက်မပစ်သင့်ဘူးလား ဘကြီး။ ဥပဒေအမြင်ပြောပါ ခင်ဗျာ။

ဘကြီး။ ကိစ္စရပ်တစ်ရပ်တည်း ကြည့်လို့မသင့်ဘူး။ ဘက်စုံ၊ ထောင့်စုံ ကြည့်ပြီး စဉ်းစားသင့်တာပေါ့။ တည်ဆဲဥပဒေတွေအပေါ် ကောင်းသောအမြင်နဲ့ သုံးသပ်ပြီး ဝေဖန်အကြံပြုကြပါ။ ပြင်သင့်တာ ပြင်ရမှာပါ။ ဥပဒေပြဋ္ဌာန်းခဲ့တဲ့ ခေတ်ကာလအခြေအနေ၊ ယနေ့လက်ရှိ အခြေအနေ၊ တိုးတက်မှု၊ ဆုတ်ယုတ်မှု စသည်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ပါ။ ဥပဒေအမြင်၊ နိုင်ငံရေးအမြင်၊ ပြည်သူ့အမြင်တွေ အခြေခံကြရမှာပေါ့။ ပုဂ္ဂလိက အကျိုးစီးပွားလား။ နိုင်ငံအကျိုးစီးပွားလား။ အများဆန္ဒ၊ ပြည်သူ့ဆန္ဒ အခြေခံစဉ်းစားသင့်ပါတယ်။

ပေါက်စ။ ကျေးဇူးပါဘကြီး။ နောက်တစ်ပတ်ပြန်လာခဲ့ပါဦးမယ်ခင်ဗျား။

NCA လက်မှတ်ရေးထိုးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား

သံတောင်ကြီး နိုဝင်ဘာ ၁၃

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တွင် NCA လက်မှတ်ရေးထိုးခြင်းနှင့်ပတ်သက်၍ ပြည်သူများအား ရှင်းလင်းဟောပြောခြင်းကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက အထက်တန်းကျောင်းဝင်းအတွင်းရှိ မိုးလုံလေလုံ အားကစားရုံအတွင်း၌ကျင်းပသည်။ အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အရ အရပ်သားပြည်သူနှင့်ပတ်သက်၍ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများနှင့် သိသင့်သိထိုက်သည်များကို ဦးစောခရစ္စတိုဖာက ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှထုတ်ဝေသည့် လက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သာစည်မြို့နယ် တောင်သူဦးကြီးတို့ စိုက်ပျိုးရေးလုံလောက်စွာရရှိရေး နှစ်ဆောင်မြို့ပြင်ကန်နှင့် မေတ္တာကန်တို့ကို ပြန်လည်ပြုပြင်မည်

သာစည် နိုဝင်ဘာ ၁၃

သာစည်မြို့နယ် မကျီးကန်ကျေးရွာအုပ်စု ပြွန်ကန်ကျေးရွာ အနီးရှိ နှစ်ဆောင်မြို့ပြင်ကန်နှင့် မေတ္တာကန်တို့ကို တောင်သူဦးကြီးတို့ စိုက်ပျိုးရေးလုံလောက်စွာရရှိနိုင်ရေးအတွက် လာမည့် ၂၀၁၇/ ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ပြန်လည်တူးဖော်ပြုပြင်ပေးမည်ဖြစ်ကြောင်း သိရသည်။

နှစ်ဆောင်မြို့ပြင်ကန်သည် ကန်ပေါင်အလျားပေ ၁၂၀၀၊ လက်ရှိကန်ပေါင် အမြင့်မှာ တစ်ပေခန့်သာရှိသည်။ ပြန်လည်ပြုပြင်ပြီးစီးပါက လယ်မြေဧရိယာ ၎က ၁၅၀ ကို စိုက်ပျိုးရေးပေးဝေနိုင်မည်ဖြစ်သည်။ မေတ္တာကန်သည် ကန်ပေါင်အလျားပေ ၅၀၀ လက်ရှိ ကန်ပေါင်အမြင့် နှစ်ပေခန့်သာရှိသည်။ လုပ်ငန်းဆောင်ရွက်ပြီးပါက လယ်မြေဧရိယာ ၎က ၁၀၀ ခန့်ကို စိုက်ပျိုးရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မောင်ကို(သာစည်)

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့အမှတ်-၄ ရပ်ကွက်ရှိ ရှစ်မျက်နှာစေတီတော်မြတ်ကြီး၏ (၃၆)ကြိမ်မြောက် ပုဒ္ဓပူဇနီယပွဲတော်နှင့် မသိုးချွေကြာသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ပွဲကို နိုဝင်ဘာ ၁၃ ရက်ညက ကျင်းပရာ ပွဲတော်လာသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်

ကိုကျော်(သုံးခွ)

ကေတုမတီ တောင်ငူ (၅၀၆) နှစ်ပြည့် မြို့တည်နန်းတည် အထိမ်းအမှတ်အဖြစ် ဗုဒ္ဓဝင်ပြိုင်ပွဲကျင်းပ

တောင်ငူ နိုဝင်ဘာ ၁၃

တောင်ငူမြို့ ကေတုမတီ(၅၀၆)နှစ်ပြည့် မြို့တည်နန်းတည် အထိမ်းအမှတ်အဖြစ် ဗုဒ္ဓဝင်ပြိုင်ပွဲကို နိုဝင်ဘာ ၉ ရက်က ကျင်းပခဲ့ရာ ကျောင်းပေါင်း ရှစ်ကျောင်းမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓဝင်ပြိုင်ပွဲ၏ ရည်ရွယ်ချက်မှာ ဝင်ရောက်ဖြေဆိုသူများ သင်ကြားလေ့လာနိုင်ခြင်းအားဖြင့် မြတ်စွာဘုရားနှင့် မထေရ်မြတ်တို့၏ ကြည်ညိုဖွယ်၊ မြတ်နိုးဖွယ်၊ လေးစားအားကျဖွယ်တို့သိရှိရသဖြင့် သာသနာအပေါ် ပိုမိုချစ်ကြည်ညိုမြတ်နိုးတန်ဖိုးထားလာနိုင်ကြောင်းနှင့် ပြိုင်ပွဲတွင် ဗုဒ္ဓဝင်စာအုပ် ရှစ်အုပ်ထဲမှ နှစ်ကျိပ်ရှစ်ဆူနှင့် ပတ်သက်သည့် မေးခွန်းများ၊ ထေရဝါဒ ဗုဒ္ဓသာသနာသမိုင်းကို အခြေခံမေးထားကြောင်း၊ ပြိုင်ပွဲတွင် ရေးဖြေအပါအဝင် အဆင့်ငါးဆင့် ဖြေဆိုခဲ့ကြပြီး တစ်ကြိမ်လျှင် မေးခွန်းငါးခု ဖြေဆိုကြရကာ နောက်ဆုံးအဆင့်တွင် မေးခွန်းခြောက်ခု ဖြေဆိုရကြောင်း ပြိုင်ပွဲကျင်းပရေး ကော်မတီမှ သိရသည်။

ဗုဒ္ဓဝင်ပြိုင်ပွဲသို့ ကျောင်းသားကျောင်းသူ ၇၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ၁၀၅ ဦး အောင်မြင်ခဲ့ကာ ပထမဆုကို မအေးမြတ်နေခြည်၊ ဒုတိယဆု မမြင့်မြတ်လှိုင်၊ တတိယဆု မမွန်ရည်အောင်၊ စတုတ္ထဆု မောင်ဝိုင်းမြတ်သူနှင့် ပဉ္စမဆု မနန်းရဝေမိုး(စာရိတ္တဓမ္မမရမ်းကျောင်း) တို့က ရရှိခဲ့သည်။

ဆုပေးပွဲကို နိုဝင်ဘာ ၁၄ ရက်(တန်ဆောင်မုန်းလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်း -မောင်ကျော်ကြီး
ဓာတ်ပုံ - သူရ

(၄၄)ကြိမ်မြောက် မဒေါက်တန်ဆောင်တိုင် မီးမျှော်ပူဇော်ပွဲကျင်းပ

မဒေါက် နိုဝင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ နှစ်စဉ်မပျက် ကျင်းပခဲ့သော မဒေါက်မြို့ တန်ဆောင်တိုင်မီးမျှော်ပူဇော်ပွဲကြီးမှာ ယခုနှစ်တွင် (၄၄)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပွဲတော်အထိမ်းအမှတ်မုခ်ဦးရှေ့၌ကျင်းပရာ ပွဲတော်အထိမ်းအမှတ်မုခ်ဦးကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

ယခုနှစ် မီးမျှော်ပူဇော်ပွဲကို ပျော်ပွဲရွှင်ပွဲများ၊ ရိုးရာ အားကစားပြိုင်ပွဲများ၊ စတုဒိသာအလှူပွဲများအပြင် ဇာတ်သဘင်နှင့် ရိုးရာခြင်းအလှူခတ်ပွဲများ၊ လှေသဘင်ပြိုင်ပွဲ၊ မီးမျှော်ပွဲအပါအဝင် ဖျော်ဖြေရေးအစီအစဉ်များစွာဖြင့် စည်ကားစွာ ကျင်းပမည် ဖြစ်သည်။

ထို့ပြင် ပွဲတော်လာပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် စိတ်ချမ်းမြေ့စွာသွားလာနိုင်စေရေးအတွက် အများပြည်သူအနေဉ့်အယှက်ဖြစ်စေသောမူးယစ်ရမ်းကားမှုများ ထိန်းသိမ်းရေး၊ စစ်တောင်းမြစ်အတွင်း ရေပွဲသဘင် ကျင်းပနေစဉ် အန္တရာယ်ကင်းစေရန် အသက်ကယ်ဗောနှင့် ကယ်ဆယ်ရေးအစီအမံများချမှတ်ဆောင်ရွက်ထားကြောင်း သိရသည်။

နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သော မဒေါက်မြို့ တန်ဆောင်တိုင်မီးမျှော်ပွဲသို့ ပတ်ဝန်းကျင် မြို့နယ်များမှ ရွှေပွဲလာဧည့်သည်များက ကုန်းလမ်း၊ ရေလမ်းခရီးဖြင့် တဖွဲဖွဲလာရောက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းမှစတင်၍ မဒေါက်မြို့၌ စည်ကားလျက်ရှိသည်။

သတင်း-ကိုကိုနေ၊ ဓာတ်ပုံ-ပိန်းဇလုပ်သိန်းညွန့်

အလင်္ကာကျော်စွာ ကာတွန်းဆရာကြီးဦးဘဂျမ်းအား ဂုဏ်ပြုကျင်းပသည့် တန်ဆောင်တိုင်ကာတွန်းမီးထွန်းပွဲတော်

မောင်သင်းပြို့

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၃ လမ်း (အောက်)တွင် လူမျိုးစုံကာလျက်ရှိပြီး မီဒီယာများနှင့် ပြည်သူများမှာ ခိုက်ဆွဲပြသထားသော ကာတွန်းရုပ်ပုံများကို စိတ်ဝင်တစားကြည့်ရှုလျက်ရှိရာ နိုင်ငံခြားသားခရီးသွားများကလည်း စိတ်ဝင်တစားကြည့်ရှုနေကြသည်။

၁၃ လမ်း(အောက်)ကို ဦးဘဂျမ်းလမ်းဟုလည်းခေါ်ပြီး အလင်္ကာကျော်စွာ ကာတွန်းဆရာကြီး ဦးဘဂျမ်းကို ဂုဏ်ပြုခြင်းဖြစ်ပြီး တန်ဆောင်တိုင်ကာတွန်း မီးထွန်းပွဲတော်ကြီးကို ကျင်းပခဲ့သည်မှာလည်း (၇၃)ကြိမ်မြောက် ရှိပြီဖြစ်သည်။

၁၉၃၄ ခုနှစ်မှ ၁၉၄၁ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်သည်အထိ တန်ဆောင်တိုင်ကာတွန်းမီးထွန်းပွဲတော်ကို စည်ကားစွာကျင်းပခဲ့သည်။ စစ်ကြီးအတွင်း တန်ဆောင်တိုင်ကာတွန်းမီးထွန်းပွဲကို ရပ်နားခဲ့ရသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသွားသော်လည်း ပြည်တွင်းမငြိမ်းချမ်းသော ကာလတွင်လည်း ကာတွန်းမီးထွန်းပွဲကို ရပ်နားထားခဲ့ရသည်။ ၁၉၄၉ ခုနှစ်တွင် ၁၃ လမ်း(အောက်)သို့ ဆရာဦးဘဂျမ်းပြောင်းရွှေ့နေထိုင်ခဲ့ရာ လူငယ်မျိုးဆက်သစ်ကာတွန်းဆရာမျာ းဖြစ်သော ကာတွန်း တင်လှ၊ ကာတွန်း ဖေသိန်း၊ ကာတွန်း ကြွယ်လေး၊ ကာတွန်းကျော်ဆန်း(ကဆ)တို့က ဆရာကြီးထံတွင် ပညာသင်ယူခြင်းဖြင့် ကာတွန်းမီးထွန်းပွဲကို အင်အားတောင့်တင်းစွာဖြင့် ပြန်လည်ပုံဖော်ခဲ့ပြန်သည်။

ယခုနှစ် တန်ဆောင်တိုင် ကာတွန်းမီးထွန်းပွဲကို နိုဝင်ဘာ ၁၂ ရက်က ၁၃ လမ်း(အောက်)တွင် စတင်ပြသခဲ့ပြီး ထိုနေ့တွင် ဆုရကာတွန်းများကို အများပြည်သူအား ချိတ်ဆွဲပြသလျက်ရှိရာ နိုဝင်ဘာ ၁၅ ရက်အထိ ပြသလျက်ရှိသည်။

ယခုကျင်းပသော ကာတွန်းမီးထွန်းပွဲတွင် ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆုငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ် တစ်သိန်းနှင့်နှစ်သိမ့်ဆုအတွက် ငွေကျပ်ငါးသောင်းစီ ချီးမြှင့်ကြောင်းသိရသည်။ တန်ဆောင်တိုင် ကာတွန်းမီးထွန်းပွဲတော် ကာတွန်းပြိုင်ပွဲတွင် ခေါင်းစဉ်မှာ တရားဥပဒေစိုးမိုးရေးဟူသောခေါင်းစဉ်ဖြစ်ပြီး ပထမဆု ကာတွန်းဆရာ ဦးသန့်ဇင်၊ ဒုတိယဆု ကာတွန်းဆရာ ဦးဝင်းမြင့်အောင်နှင့် တတိယဆု ကာတွန်း ဆရာကံကော်တို့က အသီးသီးရရှိခဲ့ပြီး နှစ်သိမ့်ဆု အဖြစ် ထိပ်ထားလေးနှင့် လှထွဋ်ဦးတို့က ရရှိခဲ့သည်။

ကာတွန်းဆရာ၊ ပန်းချီဆရာ ဦးငွေအုန်းက ယနေ့ပွဲတွင် ကာတွန်းဆရာ ၄၀၀ က တရားဥပဒေစိုးမိုးရေးခေါင်းစဉ် ဖြင့် ကာတွန်းများကို ဝိုင်းဝန်းပုံဖော်ထားကြောင်း၊ လပြည့်နေ့တွင် ဆုပေးသွားမည်ဖြစ်ပြီး ယခင်က ကာတွန်းဆရာရှားပါး ၍ ယခုအခါ မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာမှုကိုလည်း များစွာကျေနပ်အားရကြောင်း၊ တရားဥပဒေစိုးမိုးရေးခေါင်းစဉ်ဖြင့်ရေးဆွဲပြသထားသော ကာတွန်းများကို နိုင်ငံခြားသားအပါအဝင် အများပြည်သူစိတ်ဝင်တစား နှစ်စဉ်လေ့လာကြည့်ရှုလေ့ရှိပြီး ဆရာကြီး ဦးဘဂျမ်း၏ဆန္ဒကို ဝိုင်းဝန်းဖြည့်ဆည်းပေးခြင်းဖြစ်ကြောင်း၊ မြန်မာပြည်၏လွတ်လပ်မှု၊ တရားမျှတမှု၊ တရားဥပဒေစိုးမိုးမှု ပုံရိပ်တို့ကို တွေ့မြင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင် တန်ဆောင်တိုင် မီးထွန်းပွဲကို လေးငါးနှစ်ရပ်ဆိုင်းထားခဲ့သည်။ ၁၉၉၇ ခုနှစ်မှစ၍ နှစ်နှစ်၊ သုံးနှစ်ပြသခဲ့ပြီး ပြန်လည်ရပ်ဆိုင်းခဲ့ကာ ဒီမိုကရေစီအစိုးရလက်ထက်တွင်ကာတွန်းမီးထွန်းပွဲတော်ကို ပြန်လည်ကျင်းပခဲ့ခြင်းဖြစ်သည်။

ရန်ကုန်မြို့လမ်းမတော်မြို့နယ် ၁၃ လမ်း(အောက်)တွင် တန်ဆောင်တိုင် ကာတွန်းမီးထွန်းပွဲတော် ကျင်းပစဉ်
ဓာတ်ပုံ - ဇွဲမာန်

မြန်မာပြည် ၂၀၁၄-၂၀၁၅ ခုနှစ် ဖွံ့ဖြိုးမှုအခြေအနေနှင့်လက်ရှိစိန်ခေါ်မှုများ

ဒေါက်တာကျော်လတ်

ဤဆောင်းပါးသည် မြန်မာပြည်အဝန်းကောက်ခံခဲ့သော ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းများနှင့် ယခုမကြာမီက ထုတ်ဝေခဲ့သော Statistical Yearbook 2015 မှ အချက်အလက်များပေါ်အခြေခံ၍ မြန်မာပြည်ဖွံ့ဖြိုးမှုအခြေအနေများကို တင်ပြခြင်း ဖြစ်ပါသည်။အခြားဘက်မှပြန်လည်သုံးသပ်လျှင် ထိုအချက်အလက်များသည် ယခင်သမ္မတကြီး ဦးသိန်းစိန်အစိုးရ၏ နောက်ဆုံး နှစ်များမှ မြန်မာပြည်၏အခြေအနေများကို ဖော်ပြခြင်းများဟု သတ်မှတ်ရပေမည်။

တိုင်းပြည်တို့၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ GDP- Gross Domestic Product- ထိုနိုင်ငံ၏ ပြည်တွင်းကုန်ထုတ်မှုတန်ဖိုး၊ ထိုသည်နှင့်တွဲဖက်၍ Per Capita GDP ခေါ် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုးကို ဦးစွာလေ့လာကြသည်။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း မြန်မာပြည်၏ Per Capita GDP သည် ဒေါ်လာ ၅၄၈၀ သို့မြင့်တက်လာပြီး ASEAN နိုင်ငံများအတွင်း အနိမ့်ကျဆုံးနေရာမှ အောက်ဆုံးတတိယနေရာသို့ ရောက်ရှိသွားသည်။ ပုံ (၁)တွင် နှိုင်းယှဉ်ဖော်ပြပါသည်။ မိမိတို့ထက်နည်းသော နိုင်ငံနှစ်နိုင်ငံရှိသေးသော်လည်း မိမိတို့၏ထုတ်လုပ်မှုတန်ဖိုးတွင် တိုင်းပြည်မှ သယံဇာတပစ္စည်းများထုတ်လုပ်ရောင်းချခြင်းများလည်း မြင့်မားစွာပါဝင်နေသဖြင့် များစွာဝမ်းသာ၍ မရနိုင်သေးပေ။ (ဤကိန်းမှာ IMF မှဖြစ်ပြီး အစိုးရထုတ် Statistical Yearbook, Chapter 8, P.194 အရ မြန်မာပြည် Per Capita GDP မှာ ကျပ် ၁၂၆၅၅၉ ဖြစ်၍ လက်တွေ့ ငွေလဲလှယ်နှုန်းနှင့်တွက်လျှင် ဒေါ်လာ ၁၂၀၀ ကျော်ခန့်သာရှိပါမည်။ ယခင်အစိုးရများအချိန်က ငွေလဲလှယ်နှုန်းအမျိုးမျိုးတို့ကြောင့် ထိုမျှကွာခြားခြင်းဖြစ်သည်ဟု ယူဆရသည်။)

မိမိတို့တိုင်းပြည်၏ GDP ပြည်တွင်းကုန်ထုတ်လုပ်မှုကို အသေးစိတ်လေ့လာပါလျှင် မိမိတို့မှာ တန်ဖိုးနည်းသော၊ Primary Sector Products ဟု သတ်မှတ်သော လယ်ယာနှင့်သစ်တောထွက်ပစ္စည်းများ၊ ငါး၊ ပုစွန်နှင့် အခြားသယံ ဇာတပစ္စည်းများ၏ပါဝင်မှုမှာ ၃၂ ရာခိုင်နှုန်းနှင့် လွန်စွာမြင့်မားပြီး တန်ဖိုးမြင့်သော Secondary Sector ဒုတိယကဏ္ဍမှ Value added products ပေါင်းစပ်တန်ဖိုးရှိသော-စက်မှုပစ္စည်းများ၏ ပါဝင်မှုနှုန်းမှာ ၂၈ ရာခိုင်နှုန်းနှင့် လွန်စွာနည်းပေသည်။ပုံ(၂) တွင် မြင်နိုင်ပါသည်။ Secondary Sector ဒုတိယကဏ္ဍ၏ ပါဝင်မှုနှုန်းမှာ မိမိတို့နှင့် နှိုင်းယှဉ်သင့်သောတိုင်းပြည်တို့ဖြစ်သည့် မလေးရှားနိုင်ငံတွင်-၃၄ ဒသမ ၇ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင်-၄၃ ဒသမ ၃ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင်-၃၈ ဒသမ ၁ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံတွင်-၄၂ ဒသမ ၈ ရာခိုင်နှုန်းအသီးသီးရှိကြပြီး ထိုတိုင်းပြည်များတွင် Secondary Sector ပါဝင်မှုနှုန်းမြင့်မားသောကြောင့် Per Capita GDP သည်လည်း မြင့်မားကြသည်။ တိုင်းပြည်များ လွန်စွာတိုးတက်လာသည့်အခါ Secondary Sector ၏ ပါဝင်မှုသည် လျော့နည်းလာတတ်ပြီး ထိုတိုင်းပြည်တို့တွင် Research and Development-သုတေသနနှင့်တီထွင်မှုများတိုးပွားလာပြီး Tertiary Sector ခေါ် ဝန်ဆောင်မှုများပါဝင်သော တတိယကဏ္ဍမှ Quaternary Sector ခေါ် စတုတ္ထဟု ပေါ်ပေါက်လာတတ်သည်။ ထိုသည်ကိုအခြေခံ၍ ဥပမာ စင်ကာပူနိုင်ငံကဲ့သို့သောနိုင်ငံတို့တွင် Secondary Sector ပါဝင်မှုနှုန်းသည် လျော့နည်းသည်။



ပုံ (၁)ASEAN နိုင်ငံများအတွင်း တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုးကို နှိုင်းယှဉ်သောပုံ (IMF မှကိန်းများ ဖြစ်ပါသည်)



ပုံ(၂) မြန်မာပြည် GDP တွင် ကဏ္ဍအလိုက်ပါဝင်မှုရာခိုင်နှုန်းများ။

ဒုတိယအနေဖြင့် မိမိတို့၏နိုင်ငံခြားကုန်သွယ်မှုအခြေအနေ Trade balance ကို လေ့လာပါလျှင် မိမိတို့မှာ ထိုခေတ်မှအစိုးရထုတ်စာရင်းများအရ နှစ်စဉ် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းခန့်ကုန်သွယ်မှုလိုငွေပြလျက်ရှိသည်။ ပုံ (၃) တွင်မြင်နိုင်ပါသည်။ ထိုသို့မိမိတို့ဘက်မှ အချုံးပေါ်ရသောအဓိကအကြောင်းမှာလည်း အထက်တွင်တင်ပြခဲ့သည့် ပြည်တွင်းကုန်ထုတ်လုပ်မှုပုံစံတွင်ပါဝင်သောကဏ္ဍများ၏ အချိုးအစား- Sectorial Composition in GDP မညီမျှမှုနှင့် ဆက်စပ်ပတ်သက်နေသည်။ မိမိတို့တိုင်းပြည်မှပို့ကုန်တို့သည် Primary Sector Products ခေါ် တန်ဖိုးနည်းသောကုန်ကြမ်းများနှင့် သယံဇာတများသည် ၉၀ ရာခိုင်နှုန်းခန့်ဖြစ်ပြီး မိမိတို့ကမူ တန်ဖိုးကြီးသော ထုတ်လုပ်ပြီးကုန်များနှင့်စက်ပစ္စည်းများကို ဝယ်ယူတင်သွင်းနေကြရသည်။

အထက်တွင်တင်ပြခဲ့သည့် မိမိတို့သစ်တောထွက်ပစ္စည်းများရောင်းချခြင်းကြောင့် အစိုးရထုတ်စာရင်းများအရပင် မိမိတို့တိုင်းပြည်တွင် ၁၉၉၀ ပြည့်နှစ်က သစ်တောဖုံးလွှမ်းမှုမှာ ၆၂ ရာခိုင်နှုန်းခန့်ရှိခဲ့ပြီး ယခု-၂၀၁၅ ခုနှစ်တွင် ၄၅ ရာခိုင်နှုန်းသာကျန်ရှိတော့သည်။ (Statistical Yearbook, 2015, P. 271) ထို့အပြင် သယံဇာတများရောင်းချကြသဖြင့် တိုင်းပြည်တွင် ထိုနှင့်ဆက်စပ်လျက်ရှိသောအကျိုးဆက်များပတ်ဝန်းကျင်ပြဿနာများလည်း ပေါ်ပေါက်ကြသည်။



ပုံ(၃) မြန်မာပြည်ကုန်သွယ်မှုအခြေအနေပြပုံ





ပုံ (၄) မိမိတို့တိုင်းပြည်မှ ပို့ကုန်တို့သည်တန်ဖိုးနည်းသော ကုန်ကြမ်းများနှင့် သယံဇာတများဖြစ်ပြီး မိမိတို့ကမူ တန်ဖိုးကြီးသောထုတ်လုပ်ပြီးကုန်များနှင့်စက်ပစ္စည်းများကို တင်သွင်းနေကြရသည်။

မိမိတို့၏ GDP တွင်ဒုတိယကဏ္ဍ၊ စက်မှုနှင့် ထုတ်လုပ်မှုကဏ္ဍမှ လျော့နည်းခြင်း၊ ထိုသည်နှင့်ဆက်စပ်၍ နိုင်ငံခြားကုန်သွယ်မှု Trade balance တွင်အချုံးပေါ်ခြင်း၊ အစိုးရဘတ်ဂျက်တွင် လိုငွေပြခြင်း၊ ထိုအချက်တို့ကြောင့် လိုငွေများကို ရိုက်နှိပ်ထုတ်လုပ်ရတော့သည်။ အစိုးရစာပေများအရ၊ Money Supply လည်ပတ်သောငွေစုစုပေါင်းသည် ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အတွင်း အဆပေါင်း ၃၃၀ ကျော်ခန့် တိုးပွားလာတော့သည်။ ပုံ (၅) တွင် မြန်မာပြည်ရှိ လည်ပတ်ငွေများတိုးပွားခဲ့ခြင်းကို ဖော်ပြပါသည်။



ပုံ (၅) မြန်မာပြည်ရှိ လည်ပတ်ငွေများတိုးပွားခဲ့ခြင်းကိုဖော်ပြသောပုံ

အထက်တွင်တင်ပြသောအချက်အားလုံးတို့၏ ရလဒ်တို့မှာ မိမိတို့တိုင်းပြည်တွင် ဆင်းရဲမှုတိုးပွားခြင်းပင်ဖြစ်တော့သည်။ တိုင်းပြည်များအတွင်းဆင်းရဲမှုနှင့်ပတ်သက်၍ အများအသုံးပြုသောတိုင်းတာတွက်ချက်ပုံမှာ သက်ဆိုင်ရာတိုင်းပြည်တို့အတွင်း Percentage of people living below poverty line အဆင်းရဲဆုံးအဆင့်အောက်တွင် နေထိုင်ရသော လူဦးရေ ပမာဏကိုရာခိုင်နှုန်းဖြင့်ဖော်ပြသည်။ ပုံ(၆)တွင် ASEAN နိုင်ငံများအတွင်း အဆင်းရဲဆုံးအဆင့်ထက်နိမ့်ကျစွာနေရသော လူဦးရေရာခိုင်နှုန်းကိုဖော်ပြပါသည်။ ဤနှိုင်းယှဉ်ချက်တွင်လည်း မိမိတို့ မြန်မာနိုင်ငံသည် အဆင်းရဲဆုံးအဆင့်အောက်တွင် နေထိုင်ရသော လူဦးရေရာခိုင်နှုန်း ၃၂ ရာခိုင်နှုန်းနှင့် အမြင့်မားဆုံးဖြစ်သည်။



ပုံ (၆) ASEAN နိုင်ငံများအတွင်း အဆင်းရဲဆုံးအဆင့်အောက်တွင်နေထိုင်ရသောလူဦးရေရာခိုင်နှုန်းများကို နှိုင်းယှဉ်ဖော်ပြပါသည်။

အထက်တွင်တင်ပြချက်များမှာ စီးပွားရေးကဏ္ဍနှင့် တိုက်ရိုက်ပတ်သက်သော "ပြည်တွင်းကုန်ထုတ်လုပ်မှုပုံစံတွင် ပါဝင်သော ကဏ္ဍများ၏အချိုးအစား" Sectorial Composition in GDP မညီမျှမှုပေါ်မူတည်၍ ကုန်သွယ်ရေးတွင် အနှုံးပေါ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်းတို့နှင့်တွဲဖက်၍ ဆင်းရဲမွဲတေမှုတွင်လည်း တိုးပွားလာခြင်းတို့ဖြစ်ပါသည်။ ယခု ထိုစီးပွားရေးအခြေအနေတို့မှ လူမှုရေးကဏ္ဍကို ရိုက်ခတ်မှုကိုလေ့လာတင်ပြပါမည်။

၂၀၁၄ ခုနှစ် တွင် စုဆောင်းထုတ်ပြန်ခဲ့သော သန်းခေါင်စာရင်းများအရ မိမိတို့၏မူလတန်းကျောင်းများတွင်သင်ကြားနေသင့်သော အသက် ငါးနှစ်မှ ကိုးနှစ်အရွယ်ကလေးတို့၏ ၇၁ ရာခိုင်နှုန်းခန့်သည်သာ ကျောင်းများတွင်သင်ကြားလျက်ရှိကြပြီး အလယ်တန်းကျောင်းများတွင် သင်ကြားလျက်ရှိသင့်သော အသက် ၁၀ နှစ်မှ ၁၃ နှစ်အရွယ်တို့မှ ၇၆ ရာခိုင်နှုန်းသာသင်ကြားလျက်ရှိကြသည်။ ထို Children Enrollement Rate ခေါ် ကျောင်းများတွင်သင်ကြားသောနှုန်းမှာ အထက်တန်းတွင် သင်ကြားသင့်သော အသက်များတွင် ၅၀ ရာခိုင်နှုန်းခန့်အထိသည် လျော့ကျပြီး အသက် ၁၆ နှစ်မှ ၂၅ နှစ်အရွယ်တို့တွင် အသက်မွေးဝမ်းကျောင်းပညာကျောင်းများ၊ တက္ကသိုလ်နှင့် ကောလိပ်များတွင် တက်ရောက်နေသူများမှာ ၁၃ ရာခိုင်နှုန်းခန့်ရှိသည်။ ပညာရေးကဏ္ဍတွင် အဓိကအားနည်းချက်မှာ မူလတန်းနှင့် အလယ်တန်းကျောင်းတက်နှုန်းများပင်ဖြစ်သည်။ မိမိတို့ တိုင်းပြည်တွင် ၁၉၆၀ ပြည့်နှစ်များမှစ၍ "မူလတန်းပညာ မသင်မနေရ"ဖြစ်သင့်ကြောင်း ဆွေးနွေးခဲ့ကြသည်။ ယခု မိမိတို့ တိုင်းပြည် လွတ်လပ်ရေးရပြီး ၆၈ နှစ်တွင် မိမိတို့၏ ငါးနှစ်မှ ၁၃ နှစ်အတွင်း ကလေးများမှ ၂၅ ရာခိုင်နှုန်းခန့်သည် ပုံမှန်ကျောင်းမတက်နိုင်ကြရဆိုသောအဖြေမှာ ဝမ်းနည်းစရာပင်။

စာမျက်နှာ ၉ သို့

မောင်တောမြို့နယ် ကိုင်းကြီးနှင့် မောရဝတီကျေးရွာရှိ ဒေသခံတိုင်းရင်းသားများအား ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံနှင့်အဖွဲ့ သွားရောက်တွေ့ဆုံ

မောင်တော နိုဝင်ဘာ ၁၃

ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေတို့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ် ကိုင်းကြီးကျေးရွာနှင့် မောရဝတီကျေးရွာတို့မှ ဒေသခံတိုင်းရင်းသားများနှင့် သွားရောက်တွေ့ဆုံပြီး မောရဝတီကျေးရွာတွင် စပါးရိတ်စက်ဖြင့် စပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

ကိုင်းကြီးကျေးရွာ မူလတန်းလွန်ကျောင်း၌ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့က နွားခွန်းဆက်စကား ပြောကြားပြီး ဒေသခံတိုင်းရင်းသားများက စျေးရောင်း၊ စျေးဝယ်ရန် အခက်အခဲရှိ၍ ကျေးရွာစျေးတစ်ခု ထူထောင်ပေးရေး၊ ကျေးရွာဆေးပေးခန်းတွင် ဆရာဝန်လိုအပ်နေသည့်အတွက် စီစဉ်ဆောင်ရွက်ပေးရေး၊ လုံခြုံရေးအတွက် စိတ်ချရအောင် စီစဉ်ဆောင်ရွက်ပေးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်အတွက် ဆောင်ရွက်ပေးရေး၊ ကျေးရွာစာကြည့်တိုက်တစ်လုံး တည်ဆောက်ပေးရေးနှင့် ရုပ်မြင်သံကြားဖမ်းစက်များ တပ်ဆင်ပေးရေးစသည်တို့ကို ဆွေးနွေးတင်ပြကြသည်။

မောရဝတီကျေးရွာ အလယ်တန်း(ကျောင်းခွဲ)တွင် ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံစဉ် တက်ရောက်လာသူများက ပညာရေး၊ ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ လုံခြုံရေးတိုးမြှင့်ခွဲထားပေးရန် လိုအပ်မှု၊ လျှပ်စစ်မီး နေ့စဉ် နှစ်နာရီ ခန့်သာရရှိသဖြင့် ပိုမိုရရှိအောင် ဆောင်ရွက်ပေးစေလိုမှု၊ တိုင်းရင်းသားကျေးရွာများ ထပ်မံတည်ထောင်ပေးရန် လိုအပ်မှုတို့ကို တင်ပြကြသည်။

ထို့နောက် မောရဝတီကျေးရွာရှိ စပါးစိုက်ခင်းများအား စက်မှုလယ်ယာဦးစီးဌာန မှစီစဉ်ပေးသည့် စပါးရိတ်စက်ဖြင့် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

မောင်တောမြို့နယ် မောရဝတီကျေးရွာ၌ စပါးရိတ်စက်ဖြင့် စပါးရိတ်သိမ်းနေစဉ်

စက်မှုလယ်ယာဦးစီးဌာနက မောင်တောမြို့နယ်အတွင်းရှိ စပါးစိုက်ခင်းများ အချိန်မီရိတ်သိမ်းနိုင်ရန် ကျေးရွာတစ်ရွာလျှင် စက်နှစ်လုံးစီ ခွဲဝေပေးထားပြီး ယခုရာသီအမီ စပါးရိတ်သိမ်းနိုင်ရန် စပါးရိတ်စက် အစီးလေးဆယ်ကို ငှားရမ်းပေးထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

(သတင်းစဉ်)

စာမျက်နှာ ၈ မှ



ပုံ (၇) မြန်မာပြည် Children Enrollement Rate ခေါ် အသက်အုပ်စုအလိုက် ကျောင်းများတွင် သင်ကြားနေသော ရာခိုင်နှုန်းများ။ 2014 Census-Union-Table D-4: P. 159 ကို အခြေခံတွက်ထားခြင်း ဖြစ်သည်။

ကျန်းမာရေးကဏ္ဍကိုလေ့လာပါလျှင် သက်ဆိုင်ရာပညာရှင်များ အဓိကထားသောကိန်းများမှာ "ကလေးအသေပျောက်နှုန်းများ" ဖြစ်ကြသည်။ ထိုနှုန်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် မွေးပြီးကလေး ၁၀၀၀ တွင် ၂.၃ ယောက်သာ သေဆုံးမှုများရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းခြင်း၊ အာဟာရချို့တဲ့မှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှု စသောအချက်တို့ကြောင့် ထိုနှုန်းထားမှာ မြင့်မားကြသည်။ မြန်မာပြည်အခြေအနေမှာ ASEAN တိုင်းပြည်များအတွင်း Laos နိုင်ငံပြီးနောက် အဆိုးဆုံးအခြေအနေတွင်ရှိသည်။ ဇယား(၁) တွင် နှိုင်းယှဉ်ဖော်ပြပါသည်။

အထက်ပါတင်ပြချက်များမှခြုံ၍ သုံးသပ်ကြရသော် မိမိတို့တိုင်းပြည်၏ လူမှုရေး၊ စီးပွားရေးအခြေအနေတို့မှာ မိမိတို့ ASEAN နိုင်ငံများအတွင်း နှိုင်းယှဉ်သော် များစွာမကောင်းလှကြောင်း တွေ့ရပေမည်။ စာရေးသူယူဆသည်မှာ ထိုနိုင်ငံများမှ အချို့တို့မှာ မိမိတို့ထက် နှစ်ပေါင်းများစွာ စောခဲ့ စျေးကွက်စီးပွားရေးစနစ်နှင့် ပြည်သူလူထုက အစိုးရကို ရွေးချယ်တင်မြှောက်သော နိုင်ငံရေးစနစ်တို့ကို ကျင့်သုံးခဲ့ကြသည်။ လက်ရှိအခြေအနေအရ မိမိတို့မှာ ထိုတိုင်းပြည်များကို အမီလိုက်နိုင်ရန် အချိန်အတော်လိုအပ်ပေဦးမည်။ ယခု မိမိတို့ ကြိုးစားသင့်ကြသည်မှာ အလုပ်အကိုင်များ ပေါ်ပေါက်ရေး၊ ထိုသည်နှင့်ဆက်စပ်၍ ဆင်းရဲမွဲတေမှုလျော့နည်းရေး၊ မိမိတို့ကလေးသူငယ်များ အသက်မွေးဝမ်းကျောင်းပညာရရှိရေး၊ မိမိတို့၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့သည် အရေးကြီးလှပေသည်။ ထိုလိုအပ်ချက်ကို အမြန်ဆုံးရရှိနိုင်ရန် မိမိတို့တိုင်းပြည်တွင် ရွေးချယ်တင်မြှောက်ခံပြည်သူ့ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာကျွမ်းကျင်ပညာရှင်များ ညီညီညွတ်ညွတ် စုပေါင်းလုပ်ကိုင်သင့်ကြပေသည်။

ASEAN countries	Infant Mortality Rate (within one year per 1000 Live Births)	Under Five Mortality Rate (per 1000 Live Births)
Singapore	2	3
Malaysia	7	9
Brunei Darussalam	8	10
Thailand	11	13
Vietnam	19	24
Indonesia	25	29
Philippines	24	30
Cambodia	33	38
Myanmar	40	51
Laos	54	71

ဇယား(၁) ASEAN နိုင်ငံများအတွင်း ကလေးအသေအပျောက်နှုန်းများကို နှိုင်းယှဉ်ဖော်ပြသောဇယား။ (UNICEF မှ ထုတ်ပြန်သောစာရင်းများမှ စုဆောင်းဖော်ပြခြင်း ဖြစ်ပါသည်။) ပထမကော်လံမှာ မွေးပြီးကလေးတစ်ထောင်မှ တစ်နှစ်အတွင်း သေပျောက်သော နှုန်းဖြစ်၍ ဒုတိယကော်လံမှာ မွေးပြီးကလေးတစ်ထောင်မှ ငါးနှစ်အတွင်း သေပျောက်သော နှုန်းများ ဖြစ်ပါသည်။

** ကျောဖုံးမှ*

ပြည်တွင်းအခွန်များဦးစီးဌာနမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးများ အကူအညီဖြင့် ရပ်ကွက်/ကျေးရွာအလိုက် မြေကွက်အခြေခံစျေးနှုန်းများ ကောက်ယူပြီးဌာနက သုံးကြိမ်အစည်းအဝေး ပြုလုပ်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြခဲ့ကြောင်း၊ အခြေပြုပစ္စည်းများ ဝယ်ယူရာတွင် မိမိတို့ပိုင်ဆိုင်မှုအတွက် အခွန်ရုံးတွင် အစစ်ခံပြီး စာချုပ်စာတမ်း မှတ်ပုံတင်ပြုလုပ်ထားရန် လိုကြောင်း သိရသည်။

"ဥပဒေသတ်မှတ်ချက်အရ ဆိုရင် ဝင်ငွေရလမ်းမဖော်ပြနိုင်တဲ့ အခြေပြုပစ္စည်းတွေနဲ့ပတ်သက်လို့ ၃၀ ရာခိုင်နှုန်း ပေးဖြစ်ပါတယ်။ ဒါပေမယ့် မြေကွက်တန်ဖိုးအလိုက် သက်သာတဲ့ဝင်ငွေခွန်နှုန်းထားဖြစ်တဲ့ ၁၅ ရာခိုင်နှုန်းကစပြီး ၃၀ ရာခိုင်နှုန်းပဲ အခွန်ပေးဆောင်ရမှာပါ" ဟု ဆက်လက်ပြောသည်။

၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်ကောက်ခံဝေဖုံဒမ ၂၂ အရ မြေကွက်များကဲ့သို့ အခြေပြုပစ္စည်းများ ဝယ်ယူရာတွင် ဝင်ငွေရလမ်းဖော်ပြနိုင်ခြင်းမရှိပါက တန်ဖိုးတစ်ကျပ်မှ ကျပ်သိန်း ၃၀၀-ထိ ၁၅ ရာခိုင်နှုန်း၊ ကျပ်သိန်း ၃၀၀ အထက် သိန်းတစ်ထောင်ထိ ၂၀ ရာခိုင်နှုန်းနှင့် တစ်ထောင်အထက်ကို ၃၀ ရာခိုင်နှုန်း ဝင်ငွေခွန်ပေးဆောင်ရမည် ဖြစ်ကြောင်း သိရသည်။ ယခင် ဝင်ငွေခွန်ပေးဆောင်ရမည့် နှုန်းထားများမှာ တစ်ကျပ်မှ ကျပ်သိန်းတစ်ထောင်ထိ သုံးရာခိုင်နှုန်း၊ သိန်းတစ်ထောင်အထက် ကျပ်ငါးထောင်ထိ ၅ ရာခိုင်နှုန်း၊ ကျပ်သိန်းငါးထောင်အထက် ကျပ်သိန်းတစ်သောင်းထိ ၁၀ ရာခိုင်နှုန်း စသဖြင့် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာသတင်း

တရုတ်အမျိုးသမီး တိုက်လေယာဉ်မှူး လေ့ကျင့်ပျံသန်းနေစဉ် သေဆုံး

ပေကျင်း နိုဝင်ဘာ ၁၃

တရုတ်နိုင်ငံမှ အမျိုးသမီးတိုက်လေယာဉ်မှူးတစ်ဦးဖြစ်သူ ယူဇူသည် နိုဝင်ဘာ ၁၁ ရက်က လေ့ကျင့်ပျံသန်းနေစဉ် မတော်တဆမှုဖြစ်ပွားသောကြောင့် သေဆုံးသွားကြောင်း လေတပ်ပြောခွင့်ရသူက ပြောသည်။

တာဝန်ထမ်းဆောင်

စီချောင်ပြည်နယ် ချဲ့ဇူးမြို့တွင်မွေးဖွားသော သူမသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ လေတပ်ဖွဲ့သို့ ၂၀၀၅ ခုနှစ် စက်တင်ဘာတွင်ဝင်ရောက်ခဲ့ပြီး တိုက်လေယာဉ် အုပ်ဖွဲ့မှူးရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

၄င်းကွယ်လွန်ခြင်းအတွက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် လေတပ်တပ်ဖွဲ့ဝင်များအနေဖြင့် လွန်စွာဝမ်းနည်းကြောကွဲရကြောင်း နောင်လာမည့်လေ့ကျင့်မှုများအတွက် အဆင့်မြင့်နည်းစနစ်များသုံးကာ လေ့ကျင့်သွားမည်ဖြစ်ကြောင်း လေတပ်ပြောခွင့်ရသူ ရှန်ဂျင်ဂီက ပြောသည်။

ဆင်ဟွာ

ထရန့်ကို ဆန့်ကျင်သည့် ဆန္ဒပြပွဲများဖြစ်ပေါ်နေ၍ အမေရိကန်နိုင်ငံရှိ တူရကီလူမျိုးများအတွက် သတိပေးမှုထုတ်ပြန်

အန်ကာရာ နိုဝင်ဘာ ၁၃

အမေရိကန်သမ္မတအဖြစ် ဒေါ်နယ်ထရန့် ရွေးကောက်ခံရခြင်းကို မကျေနပ်ကြသည့် ပြည်သူများက လေးရက်မြောက်နေ့အဖြစ် လမ်းမပေါ်၌ ဆက်လက် ဆန္ဒပြလျက်ရှိရာ အမေရိကန်သို့ သွားရောက်လည်ပတ်ကြမည့် တူရကီပြည်သူများအတွက် တူရကီနိုင်ငံခြားရေးဝန်ကြီးက သတိပေးချက်ထုတ်ပြန်ထားသည်။

အမေရိကန်မြို့ကြီးအချို့ရှိ ဆန္ဒပြပွဲများတွင် တူရကီနိုင်ငံသားများ ဝင်ရောက်ပါဝင်ခြင်းမပြုကြရန်၊ လိုအပ်သောလုံခြုံရေး အကာအကွယ်များ ရယူထားရန်၊ လူမျိုးရေးခွဲခြား တိုက်ခိုက်မှုများ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာ လုံခြုံရေးအရာရှိများထံသို့ အကြောင်းကြားရန် စသည့် အချက်များပါဝင်သည့် သတိပေးစာကို တူရကီနိုင်ငံခြားရေးဝန်ကြီးဌာန၏ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ဒေါ်နယ်ထရန့်ကို ဆန့်ကျင်သည့် ဆန္ဒပြသူများသည် ရံဖန်ရံခါ၌ ရာဇဝတ်မှုနှင့် အကြမ်းဖက်မှုများ ကျူးလွန်တတ်ကြောင်းလည်း သတိပေးစာတွင် ထည့်သွင်းရေးသားထားသည်။

ဆန္ဒပြပွဲများ ဆက်လက်ဖြစ်ပေါ်နိုင်သေးကြောင်း လူမှုမီဒီယာများ၌ ရေးသားထားသည်ကိုလည်း တွေ့ရသည်။

အထူးဆန္ဒပြပွဲများ အဓိကဖြစ်ပွားရာမြို့ကြီးများဖြစ်သည့် နယူးယောက်၊ ချီကာဂို၊ ဖိုင်ယာဓိ၊ လော့စ်အိန်ဂျလိစ်၊ အုတ်ကလန်နှင့် ပေါ်တလန်တို့၌ တူရကီနိုင်ငံသားများ အဓိကသတိထားရန် ထုတ်ပြန်ထားခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံကလည်း အောက်တိုဘာလအတွင်းက အစ္စတန်ဘူလ်ရှိ ၎င်း၏ ကောင်စစ်ဝန်ရုံးဝန်ထမ်းများ ခြိမ်းခြောက်ခံရမှု ဖြစ်ပွားပြီးနောက် တူရကီနိုင်ငံအတွင်း ရောက်ရှိနေသည့် အမေရိကန်နိုင်ငံသားများအတွက် အလားတူ သတိပေးမှုမျိုး ထုတ်ပြန်ခဲ့ဖူးသည်။

ယင်းကိစ္စပြီးနောက် တူရကီတို့ က တစ်ဖန်ပြန်၍ သတိပေးမှုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

(ဆင်ဟွာ)

ဟီလာရီက ၎င်း၏ရှုံးနိမ့်မှုမှာ အက်ဖ်ဘီအိုင် ညွှန်ကြားရေးမှူးကြောင့်ဟုဆို

နယူးယောက် နိုဝင်ဘာ ၁၃

ဟီလာရီက ၎င်း၏ရှုံးနိမ့်မှုမှာ အက်ဖ်ဘီအိုင် ညွှန်ကြားရေးမှူး၏ ကြားဝင်ရှုပ်ခြင်းကြောင့် ဖြစ်ရသည်ဟု ပြစ်တင်ပြောဆိုလိုက်သည်။ ရွေးကောက်ပွဲနေ့တိုင်မီက ၎င်းနိုင်ငံခြားရေးဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့စဉ် ကိုယ်ပိုင်အီးမေးလ်ဖြင့် ရုံးကိစ္စများ အသုံးပြုခဲ့မှုအပေါ် ဂျိမ်းကွန်မေးလ်၏ စုံစမ်းစစ်ဆေးမှုကြာချက်အသစ် ထွက်ပေါ်လာမှုသည် အရှိန်အဟုန်ဖြင့် ပြုလုပ်နေသော မဲဆွယ်စည်းရုံးမှုကို ရပ်တန့်သွားစေခဲ့သည်ဟု ကလင်တန်ကဆိုသည်။ ဒီမိုကရက်တစ်ဘက်မှ ပါတီ၏ အဓိကအလှူရှင်နှင့် ဗုန်းပြောခြင်းမှာ မီဒီယာများသို့ ပေါက်ကြားခဲ့သည်။ ဒေါ်နယ်ထရန့်ကို ဆန့်ကျင်မှုများကလည်း ဆက်လက်ပေါ်ပေါက်ခဲ့သည်။

နယူးယောက်၌ ဒေါ်နယ်ထရန့်နေထိုင်ရာမိုးမျှော်တိုက်သို့ လူပေါင်း ၂၀၀၀ ခန့် ချီတက်၍ ဒေါ်နယ်ထရန့်မှာ ၎င်းတို့၏ သမ္မတမဟုတ်ဟု ကြွေးကြော်ခဲ့ကြသည်။ ဗုဒ္ဓဟူးနေ့က ရွေးကောက်ပွဲရလဒ်များ အတည်ပြုခဲ့ပြီးနောက် ဒေါ်နယ်ထရန့်ကို ဆန့်ကျင်ကြသူများမှာ အဓိကမြို့ကြီးများ၌ ဆက်လက်ဆန္ဒပြခဲ့ကြသည်။ ဇန်နဝါရီ ၂၀ တွင် ရီပတ်ဘလစ်ကန် သမ္မတလောင်းက သမ္မတအဖြစ် ကျမ်းကျိန်မည်ဖြစ်ပြီး သမ္မတအဖြစ် သက်တမ်းနှစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့သည့် အိုဘားမားထံမှ လွှဲပြောင်းယူမည်ဖြစ်သည်။

(ဘီဘီစီ)

ဗင်နီဇွဲလားအစိုးရနှင့် အတိုက်အခံအဖွဲ့တို့ ယေဘုယျသဘောတူညီမှုရရှိ

ကရာကတ် နိုဝင်ဘာ ၁၃

ဗင်နီဇွဲလားအစိုးရနှင့် အတိုက်အခံအဖွဲ့တို့သည် စနေနေ့က ယေဘုယျသဘောတူညီမှုရရှိသည်အထိ ဆွေးနွေးမှုများ တိုးတက်လာခဲ့သည်။ ယင်းသဘောတူညီမှုတွင် အတိုက်အခံအုပ်စု၏ကနဦးတောင်းဆိုမှုများပါဝင်သည်။ ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရို၏ မဟာမိတ်များသည် တိုင်းပြည်အတွင်း အစားအစာနှင့် ဆေးဝါးများ အဓိကပြတ်လပ်ရာမြို့ကြီးများသို့ နိုင်ငံခြားမှလှူဒါန်းသည့် အစားအသောက်နှင့်ဆေးဝါးများတင်သွင်းခွင့်ပြုရန် စဉ်းစားမည်ဖြစ်သည်။ ထို့ပြင် သမ္မတမာဒူရိုကို အခွင့်အရေးပေးသည်ဟု အတိုက်အခံအုပ်စုက စွပ်စွဲထားသည့် အမျိုးသားရွေးကောက်ပွဲအာဏာပိုင်အဖွဲ့တွင် ညွှန်ကြားရေးမှူးအသစ်များ ထားရှိရန် သဘောတူသွားမည်ဖြစ်သည်။

လက်ခံနိုင်လောက်သည့် နိုင်ငံရေးလှုပ်ရှားမှုများကို သဘောတူသွားမည်ဟု အာဏာရဆိုရှယ်လစ်ပါတီညွှန် ကြားရေးမှူး ဂျော်ဂီရိုဒရီဂွဲက ပြောသည်။ နှစ်ဖက်စလုံးက သဘောတူထားသည့် စေ့စပ်ညှိနှိုင်းရေးစာတမ်းကို ဖတ်ကြားခဲ့စဉ်ကပြောကြားခဲ့ခြင်းဖြစ်သည်။ ဗင်နီဇွဲလားအစိုးရနှင့် အတိုက်အခံအုပ်စုတို့သည် ဒီဇင်ဘာ ၆ ရက်တွင် ထပ်မံတွေ့ဆုံဦးမည်ဖြစ်သည်။ အစိုးရက လူထုဆန္ဒခံယူပွဲကျင်းပရန် ငြင်းဆန်ခြင်းနှင့် ဖမ်းဆီးခံထားရသည့် အတိုက်ခံဘက်မှလူပေါင်း ၁၀၀ ကို လွှတ်ပေးခြင်းတို့မပြုခဲ့လျှင် ဆွေးနွေးပွဲမှာ အခက်အခဲများနှင့် ကြုံတွေ့နေရဦးမည်ဖြစ်ပြီး စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရမည်ဖြစ်သည်။



ရွေးကောက်ပွဲဘုတ်အဖွဲ့၏ အဖွဲ့ဝင်ငါးဦးအနက် အသစ်နှစ်ဦးကို အစိုးရနှင့်အတိုက်ခံအုပ်စုတို့ အတူတကွရွေးချယ်ရမည်ဖြစ်သည်။ ဗင်နီဇွဲလားနိုင်ငံအတွင်းရှိ အရေးပေါ် အကူအညီလိုအပ်နေသောဒေသများတွင် နိုင်ငံခြားအကူအညီများ လက်ခံရန် အစိုးရက သဘောတူခဲ့သည်။

နိုင်ငံအတွင်းအချို့ဒေသများတွင် အစားအစာပြတ်တောက်မှုများဆိုးရွားစွာ ဖြစ်ပေါ်လျက်ရှိသည်။ အတိုက်အခံဘက်မှ တက်ကြွလှုပ်ရှားသူ ၁၀၀ လွှတ်ပေးရေးတွင် တောင်းဆိုထားရာ ပူးတွဲသဘောတူညီမှုတွင်မူ မည်သူမည်ဝါဟု အမည်တိတိကျကျ ဖော်ပြခြင်းမရှိဘဲ အထိန်းသိမ်းခံများကို လွှတ်ပေးရေးသာ ပါဝင်သည်။

(ရိုက်တာ)

ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို ပြင်ဆင်ရန် ကိုလံဘီယာအစိုးရနှင့် ဖော့ခ်လက်နက်ကိုင်အဖွဲ့တို့ သဘောတူ

ဘိုဂိုတာ နိုဝင်ဘာ ၁၃

ကိုလံဘီယာအစိုးရနှင့် ဖော့ခ်အဖွဲ့တို့ သဘောတူစာချုပ်ကို ကိုလံဘီယာပြည်သူများက လူထုဆန္ဒခံယူပွဲကျင်းပ၍ ငြင်းပယ်ခဲ့ရာ ယခုအခါ၌ ငြိမ်းချမ်းရေးစာချုပ်အသစ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ကိုလံဘီယာသမ္မတ ဆန်တိုစ်က အသစ်ပြင်ဆင်ထားသည့် ငြိမ်းချမ်းရေးစာချုပ်ကို စနေနေ့က ကြေညာခဲ့သည်။ တောင်အမေရိကတိုင်းပြည်တစ်ခုဖြစ်သည့် ကိုလံဘီယာ၌ ရာစုနှစ်တစ်ဝက်ကြာဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ကို အဆုံးသတ်ရန်ရည်ရွယ်၍ ငြိမ်းချမ်းရေးစာချုပ်ကို ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ပြည်တွင်းစစ်အတွင်း အရပ်သားပြည်သူများ အပါအဝင် လူပေါင်း ၂၀၀၀၀၀ အသက်ဆုံးရှုံးခဲ့ရသည်။

ကိုလံဘီယာသမ္မတ ဆန်တိုစ်က အသစ်ပြင်ဆင်ထားသည့် ငြိမ်းချမ်းရေးစာချုပ်ကို စနေနေ့က ကြေညာခဲ့သည်။ တောင်အမေရိကတိုင်းပြည်တစ်ခုဖြစ်သည့် ကိုလံဘီယာ၌ ရာစုနှစ်တစ်ဝက်ကြာဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ကို အဆုံးသတ်ရန်ရည်ရွယ်၍ ငြိမ်းချမ်းရေးစာချုပ်ကို ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ပြည်တွင်းစစ်အတွင်း အရပ်သားပြည်သူများ အပါအဝင် လူပေါင်း ၂၀၀၀၀၀ အသက်ဆုံးရှုံးခဲ့ရသည်။

ကိုလံဘီယာအစိုးရနှင့် ကိုလံဘီယာလက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့ (ဖော့ခ်) အဖွဲ့တို့သည် နိုင်ငံရေးပါတီများ၊ မူလကပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေးစာချုပ်ကို ဆန့်ကျင်သည့်အဖွဲ့အစည်းများ အစရှိသည့် လူပေါင်းများစွာတို့ထံမှ အမြင်များကို သေချာဂရုစိုက်၍ ငြိမ်းချမ်းရေးစာချုပ်သစ်ကို ထပ်မံဖော်ဆောင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်ဟု ကိုလံဘီယာသမ္မတဆန့်တို့စ်က ပြောသည်။

ထို့ပြင် အသစ်ရေးဆွဲထားသည့် ငြိမ်းချမ်းရေးစာချုပ်တွင် စစ်အတွင်းက အသတ်ခံရသည့် မိသားစုဝင်များကို ဖော့ခ် အဖွဲ့က လျော်ကြေးပေးရာတွင် လို အပ်သည့်အချက်များကိုပါ ထည့်သွင်းရေးဆွဲထားကြောင်း ၎င်းက ဆက်လက်ပြောသည်။ မစ္စတာဆန်တိုစ်က ကိုလံဘီယာပြည်သူများအား အသစ်ရေးဆွဲထားသည့် ငြိမ်းချမ်းရေးစာချုပ်ကို လက်ခံကြရန်နှင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိစေရေးအတွက် စုစည်းညီညွတ်ကြရန် တောင်းဆိုခဲ့သည်။ မူလကရေးဆွဲခဲ့သည့် ငြိမ်းချမ်းရေး သဘောတူစာချုပ်မှာ အစိုးရနှင့် ဖော့ခ်အဖွဲ့တို့လေးနှစ်ကြာ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီးမှ ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းစာချုပ်မှာ ဖော့ခ်အဖွဲ့ကို အခွင့်အရေးများစွာ ပေးလွန်းကြောင်း အများကဝေဖန်သုံးသပ်ခဲ့ကြသည်။ ထို့ကြောင့် လွန်ခဲ့သည့်လအတွင်းက လူထုဆန္ဒခံယူပွဲကျင်းပရာတွင် အဆိုပါ စာချုပ်ကိုအများက ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

(အင်နာအိတ်ခ်ျကေ)

ဆက်သွယ်သွားလာမှုမြန်ဆန်စေရန် ဘူးသီးတောင် - မောင်တောလမ်းပိုင်းတိုးချဲ့ဖောက်လုပ်မှု ပြီးစီးတော့မည်

သတင်းဆောင်းပါး - ရဲခေါင်ညွှန့်နှင့် အဖွဲ့၊ ဓာတ်ပုံ - ဖိုးထောင်နှင့် မင်းသစ်

မေယုတောင်တန်းကြီးများ ကာရံထားသည့် ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်-မောင်တောလမ်းသည် တစ်ဖက်နိုင်ငံသို့ ထွက်ခွာသည့် နယ်စပ်ထွက်ပေါက်ဖြစ်သောကြောင့် တစ်နေ့လျှင် ကားအစီးရေ ခန့်မှန်း ၄၅၀ သွားလာနေကြောင်း မောင်တောခရိုင် လမ်းဦးစီးဌာနမှ သိရသည်။

ယမန်နှစ်မိုးရာသီ ဇူလိုင်လ ပထမပတ်က မိုးများစွာ ရွာသွန်းခဲ့သည့် အတွက် ဘူးသီးတောင်မြို့နယ်မှ မောင်တောမြို့နယ်သို့သွားသည့် မိုင်တိုင် အမှတ် (၈/၀) မှ ၈ မိုင် ၂ ဖာလုံတွင် တောင်များပြိုကျကာ လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သည်။ ဘူးသီးတောင်-တာဝန်ယူထိန်းသိမ်းလျက်ရှိသော လမ်းရှစ်လမ်း ရှိကြောင်းသိရသည်။ ၎င်းတို့မှာ ဘူးသီးတောင်- မောင်တောလမ်း၊ ဘူးသီးတောင်- သဘော်ဆိပ်လမ်း၊ ဘူးသီးတောင်-ကျောက်တော်လမ်း၊ မောင်တော- အလယ်သံကျော်-အဝူမော်လမ်း၊ မောင် တော- ကျီးကန်းပြင် - ကြိမ်အပါအဝင် လမ်းတာပေါင် အကျယ် ၂၅ ပေခန့်သာရှိသော ဘူးသီးတောင်-မောင်တောကားလမ်းအား ၃၄ ပေအထိ တိုးချဲ့မည်ဖြစ်ပြီး အကျယ် ၁၈ ပေ ကတ္တရာလမ်းသားဖြစ်အောင် ငါးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘူးသီးတောင်-မောင်တောကားလမ်းပေါ်သို့ မြေပြိုကျမှုဖြစ်စဉ်မှ ရှောင်လွှဲနိုင်ရန် ဆောင်ရွက်မည့်အစီအစဉ်နှင့် ပတ်သက်၍ပြောသည်။

ပြောင်းလဲအသုံးပြုခဲ့

ဘူးသီးတောင်-မောင်တောလမ်း

ဦးဇော်မင်း
(လက်ထောက်ညွှန်ကြားရေးမှူး- မြို့ပြ)

ဦးခင်မောင်လွင်
(လက်ထောက်အင်ဂျင်နီယာ)

ဘူးသီးတောင်-မောင်တောလမ်းပိုင်းတွင် စက်ယန္တရားကြီးများအသုံးပြု၍ လမ်းတိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်

ဘူးသီးတောင်-မောင်တောလမ်းပိုင်း၌ လမ်းအသုံးပြုသူနည်းပါးသွားသည့် နှစ် ၁၀၀ သက်တမ်းရှိ လိုဏ်ဂူကိုတွေ့ရစဉ်

မောင်တောကားလမ်းသည် မေယုတောင်တန်းများတစ်လျှောက် တည်ရှိပြီး မိုးတွင်းကာလ မိုးသည်းထန်စွာ ရွာသွန်းပါက တောင်ကျရေကြောင့် တောင်များပြိုကျခြင်းများ ဖြစ်ပေါ်ပြီး နှစ်စဉ်လိုလို ကားလမ်းပိတ်ဆို့မှုများ ဖြစ်ပွားတတ်သည်။

မြန်မြန်ဆန်ဆန်နဲ့ သွားလာနိုင်

မောင်တောခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်လွင်က "အရင်နှစ် မိုးရာသီတုန်းက မိုးများတဲ့အတွက် ၈ မိုင် ကနေ ၈ မိုင် ၂ ဖာလုံအတွင်းမှာ တောင်ပြိုကျတာ မြေကျင်းပေါင်း သုံးသိန်းလောက် ရှိခဲ့တယ်။ ဒါတွေကို ကျွန်တော်တို့က ခုနစ်ရက်အတွင်းမှာ ဖယ်ရှားနိုင်ခဲ့ပါတယ်။ အခုအခါမှာတော့ ကျောက်ချောလမ်းဖြစ်အောင် ကြိုးစားနေပါတယ်။ မိုင်တိုင် ၀ ကနေ ၁၂ မိုင် ၄ ဖာလုံအထိကို လမ်းချဲ့ခြင်းလုပ်ငန်းတွေ လုပ်ဆောင်မှာပါ။ မျက်ကွယ်နေရာတွေမှာလည်း တောင်ချဲ့တဲ့လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ မျက်ကွယ်ကို တိုးချဲ့ရတဲ့အချက်က မော်တော်ယာဉ်တွေ မြန်မြန်ဆန်ဆန်နဲ့ သွားလာနိုင်ဖို့ပါ" ဟုပြောသည်။

လမ်းရှစ်လမ်း

မောင်တောခရိုင်လမ်းဦးစီးဌာနက ချောင်း- အောင်သပြေ- ဝန္ဓလလမ်း၊ တောင်ပြိုမြို့နယ်ထဲရှိ တောင်ပြို-ကြိမ်ချောင်းလမ်း၊ တောင်ပြို-ဂေါ်ဒုံခလမ်းနှင့် လိပ်ရ-လိပ်ရနယ်မြေစခန်းလမ်းတို့ဖြစ်သည်။ အဆိုပါ လမ်းရှစ်လမ်းသည် စုစုပေါင်း ၁၄၉ မိုင် ရှိကြောင်း သိရသည်။

ဒီဇင်ဘာလကုန်ပြီးစီး

မောင်တောခရိုင်လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်မင်းက "ဘူးသီးတောင်- မောင်တောလမ်းကို အခု ကျွန်တော်တို့စပြီး တိုးချဲ့နေပါတယ်။ ၁၆ မိုင်လမ်းကို အခုလို တိုးချဲ့တာကလည်း တောင်အကွေ့အကောက်ဖြစ်နေတာတွေကို ဖြောင့်အောင် ဆောင်ရွက်တာဖြစ်ပါတယ်။ တောင်ကွေ့များတယ်။ အခုဆိုရင် ဘူးသီးတောင်ကနေ မောင်တောကို ၄၅ မိနစ် ဝန်းကျင်သွားလာနေရပါတယ်။ ဘူးသီးတောင်- မောင်တောလမ်းပိုင်းတောင်ချဲ့တဲ့ လုပ်ငန်းတွေပြီးသွားမယ်၊ လမ်းဖြောင့်သွားမယ်၊ ကတ္တရာတွေခင်းပြီးသွားမယ် ဆိုရင် နာရီဝက်လောက်အတွင်း သွားလာနိုင်မှာပါ။ ဒီဇင်ဘာလကုန်မှာ ပြီးစီးဖို့ လျာထားဆောင်ရွက်နေပါတယ်"ဟုပြောသည်။

ငါးနှစ်စီမံကိန်း

ယခင်ကလမ်းသားအကျယ် ၁၂ ပေသာရှိသော ဘူးသီးတောင်-မောင်တောလမ်းသည် ၁၉၁၆ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ၁၉၁၈ ခုနှစ်တွင် ပြီးစီးခဲ့သည်။ စတင်ဖောက်လုပ်စဉ်က မီးရထားလမ်းအဖြစ် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၁၉၆၂ ခုနှစ်တွင် ကားလမ်းအဖြစ် ပြောင်းလဲအသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘူးသီးတောင်-မောင်တော ကားလမ်းတစ်လျှောက်တွင် အင်္ဂလိပ်ကိုလိုနီလက်ထက်က တောင်များကို ဖောက်ထွင်း၍ ဆောက်လုပ်ခဲ့သော လိုဏ်ဂူကြီးများ ရှိသည်။ ယင်းလိုဏ်ဂူများသည် ယခုအခါ ကားသွားလာရေးအတွက် အသုံးပြုနိုင်ခြင်းမရှိတော့ပေ။ ဒေသခံများ၏ ဘဝနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များအဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားရန် လိုအပ်နေသည်။

မြေပြိုကျမှုမှ ရှောင်လွှဲနိုင်ရန်

လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်လွင်က "ဘူးသီးတောင်-မောင်တောလမ်း မိုင်တိုင်အမှတ် (၈/၀) မှာ အရင်နှစ် မိုးရာသီတွေလို တောင်တွေထပ်မပြိုကျနိုင်အောင်လို့ မြေကာနံရံ မီတာ ၃၁၀ နဲ့ မြေကာနံရံရဲ့ အောက်ခြေမှာ ကျောက်စီရေမြောင်း မီတာ ၃၁၀ ကို ဆောင်ရွက်သွားဖို့ ရှိပါတယ်။ မိုင်တိုင် (၈/၀)နေရာက မြေပြိုတာမကြာခဏ ဖြစ်ပါတယ်။ နဂိုရှိတဲ့ ကတ္တရာလမ်းသားဆိုရင် ချောင်းရေနဲ့ ပဲ့ပြီးပါသွားပါတယ်။ ဒါကြောင့် တောင်ဘက်ကို ချဲ့ပြီး လမ်းသစ်ဆက်ခင်းနေတာပါ။ မိုးများတဲ့အခါမျိုးမှာဆိုရင် တစ်နှစ်ကို အနည်းဆုံးတစ်ကြိမ်လောက် ဖြစ်ပါတယ်။ နှစ်စဉ်နီးပါး ဖြစ်ပါတယ်။ ဒါကြောင့် မြေကာနံရံတွေကို လုပ်ဆောင်မှ တောင်ပြိုကျမှုကို ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။ ကျွန် တော် တို့က တောင်ဘက် မြေထိန်းနံရံ လုပ်ပြီးပြီဆိုတာနဲ့ ချောင်းဘက်၊ ချောက်ဘက်တွေမှာ မြေကာနံရံတွေ ဆက်လက်ပြုလုပ်ဖို့ အစီအစဉ်ရှိပါတယ်။ အချို့နေရာတွေဆိုလုပ်ပြီးပါပြီ။ ဒါပေမယ့် ချောင်းရေစီးကြမ်းတာကြောင့် အချို့နေရာတွေမှာ ပြန်ပြုကျသွားတာတွေရှိပါတယ်" ဟုနှင့် လိုဏ်ဂူငယ်နှစ်ခုရှိသည်။

နှစ် ၁၀၀ လိုဏ်ခေါင်း

လက်ထောက် ညွှန်ကြားရေးမှူး ဦးဇော်မင်းက "နှစ် ၁၀၀ ကြာပြီဖြစ်တဲ့ ဒီလိုဏ်ခေါင်းကြီးဟာ ရေစိမ့်ယိုမှုတွေ ဖြစ်လာတဲ့အတွက် ကျွန်တော်တို့ လမ်းဦးစီးဌာနက ပြုပြင်မွမ်းမံထားပါတယ်။ ဒါပေမယ့် လိုဏ်ခေါင်းကြီးထဲကနေ ယာဉ်ကြီးတွေ ဖြတ်သန်းသွားလို့ မရပါဘူး။ နောက်လုံခြုံရေး၊ ကာကွယ်ရေးအတွက် အသုံးပြုဖို့ စက်ယန္တရားကြီးတွေ၊ သံချပ်ကာယာဉ် စတာတွေ သွားလို့မရတဲ့အတွက် ကျွန်တော်တို့ ၂၀၀၇ ခုနှစ်ကစပြီး ရှောင်ကွင်းလမ်းကို လမ်းကြောင်း ရှာခဲ့ပါတယ်။ အခုရှောင်ကွင်းလမ်းကြောင်းက သုံးဖာလုံအရှည် ရှိပါတယ်။ သုံးဖာလုံရှည်တဲ့အတွက် ဒီလိုဏ်ခေါင်းကို ၂၀၁၀ ပြည့်နှစ်က စတင် ဆောင်ရွက်ခဲ့ကာ ၂၀၁၄ ခုနှစ်မှာ ပြီးစီးပါတယ်။ အခုလို လိုဏ်ခေါင်းရှောင်ကွင်း လမ်းဖောက်လုပ်နိုင်တာကြောင့် ယာဉ်သုံးလက်မထု သံကူကွန်ကရစ်များဖြင့် ပြန်လည်မွမ်းမံထားခြင်းဖြစ်သည်။ အလားတူလိုဏ်ဂူငယ်သည် ဘူးသီးတောင်- မောင်တောလမ်း မိုင်တိုင်အမှတ် ၆ မိုင် ၅ ဖာလုံတွင် တည်ရှိ၍ အရှည် ၉၈ ပေ၊ အချင်း ၁၅ ပေ ၆ လက်မ ၊ အမြင့် ၁၂ ပေ ၆ လက်မနှင့် ထုထည်သုံးပေရှိသည်။

လိုဏ်ဂူကြီးနှင့် လိုဏ်ဂူငယ်တည် ဆောက်ရေးအတွက် ၁၉၁၆ ခုနှစ်က ဖလော်ရီဒါရထားကုမ္ပဏီက Martin ကုမ္ပဏီကို တာဝန်ပေးအပ်နှံသဖြင့် မာတင်ကုမ္ပဏီက ဖောက်လုပ်ခဲ့ခြင်းဖြစ်ကာ ၁၉၁၈ ခုနှစ်မှာ ပြီးစီးခဲ့ကြောင်း သိရသည်။ ယခုအခါ သက်တမ်းနှစ် ၁၀၀ ရှိပြီဖြစ်သည်။

လိုဏ်ခေါင်းရှောင်ကွင်းလမ်း

ဒီလိုဏ်ခေါင်းတွေကိုလည်း ပိတ်ထားခြင်းမရှိတဲ့အတွက် ယာဉ်ငယ်တွေ သွားလို့တော့ရပါတယ်။ ဒါပေမယ့် ယာဉ်တွေအားလုံးက လိုဏ်ခေါင်းရှောင်ကွင်းလမ်းကပဲ သွားလာကြပါတော့တယ်"

ဒီလိုဏ်ခေါင်းရှောင်ကွင်းလမ်းကို ၂၀၁၀ ပြည့်နှစ်က စတင်ဆောင်ရွက်ခဲ့ကာ ၂၀၁၄ ခုနှစ်မှာ ပြီးစီးပါတယ်။ အခုလို လိုဏ်ခေါင်းရှောင်ကွင်းလမ်းဖောက်လုပ်နိုင်တာကြောင့် ယာဉ်ကြီးတွေနဲ့ စက်ယန္တရားကြီးတွေ သွားလာနိုင်ပါပြီ။ အခုဆိုရင် ယာဉ်ကြီး၊ ယာဉ်ငယ်မှန်သမျှ ရှောင်ကွင်းလမ်းကပဲ သွားကြတော့တယ်"ဟု ပြောသည်။

လိုဏ်ဂူကြီးသည် (၇/၇ မိုင်)မှ ၈ မိုင်အကြားတွင်ရှိပြီး လိုဏ်ခေါင်းအရှည်မှာ ၆၅၈ ပေရှိကာ အချင်း ၁၅ ပေ ၆လက်မ ၊ အမြင့် ၁၂ ပေ ၆ လက်မရှိသည်။ သုံးပေထုရှိသည့် အုတ်သားများနှင့် စီထားပြီး ရေယိုစိမ့်မှုမရှိစေရန် လိုဏ်ဂူကြီးအား လှမ်းညွှန်ပြရင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းက ဆိုသည်။

အနောက်ဘက်တံခါးမှ ဘူးသီးတောင်-မောင်တောကားလမ်းကို ဒေသတည်ငြိမ်လာပြီး ပွင့်လင်းရာသီလည်း ရောက်ရှိနေပြီဖြစ်သဖြင့် မွမ်းမံပြင်ဆင်မှုများ ပြုလုပ်နေမှုကြောင့် မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက ဝါးပိတ်ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီး

နေပြည်တော် နိုဝင်ဘာ ၁၃

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ ဝါးပိတ်ကျေးရွာအတွင်းသို့ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ၁၀ ဦးခန့် ဝင်ရောက်လာကြောင်း သတင်းအရ ယနေ့ မွန်းလွဲ ၄ နာရီ မိနစ် ၅၀ တွင် တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ရှင်းလင်းရာ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများသည် ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးပြီး ဇင်ပိုင်ညာကျေးရွာဘက်သို့ ထွက်ပြေးသွားသဖြင့် တပ်မတော်သားများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီခန့်တွင် မီးညှိန့်ကျိုးသွားခဲ့သည်။

မီးလောင်မှုကြောင့် နေအိမ် အလုံး ၈၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများသည် တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့အား အများပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် ပြည်ပအဖွဲ့အစည်းများထံမှ အကူအညီ အထောက်အပံ့များ ရရှိစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ဝါးပိတ်ကျေးရွာအတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ မီးရှို့ဖျက်ဆီးခဲ့သဖြင့် တပ်မတော်သားများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်စဉ်

မောင်တောမြို့နယ် ဂွဆုံကျေးရွာအနီးတစ်ဝိုက် နယ်မြေရှင်းလင်းခြင်း ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းနှင့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ထိတွေ့တိုက်ပွဲဖြစ်

နေပြည်တော် နိုဝင်ဘာ ၁၃

ရခိုင်ပြည်နယ် မောင်တောမြို့နယ်မယင်းတောင်ကျေးရွာ၊ ပွင့်ဖြူချောင်းကျေးရွာနှင့် ဂွဆုံကျေးရွာများအနီး၌ နိုဝင်ဘာ ၁၂ ရက်က ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့် ပတ်သက်၍ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက် ၉ နာရီခန့်တွင် တပ်မတော်စစ်ကြောင်းက ဂွဆုံကျေးရွာသို့ နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ကျေးရွာအတွင်း မီးလောင်ကျွမ်းလျက်ရှိသည့် အိမ်ခြေအလုံး ၅၀အား တွေ့ရှိရပြီး ဓားရှည်ကိုယ်စီ ကိုင်ဆောင်ထားသည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ခုနစ်ဦးခန့်က တိုက်ခိုက်ရန် ပြေးထွက်လာသဖြင့် တပ်မတော်စစ်ကြောင်းက ပစ်ခတ်ရှင်းလင်းရာ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ခြောက်ဦးကို အသေဖမ်းဆီးရမိခဲ့သည်။

ထို့အတူ တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒါးကြီးဇားတောင်ရွာသို့ ယနေ့မွန်းလွဲ ၁ နာရီခန့်တွင် ရောက်ရှိ ရှင်းလင်းစဉ် ကျေးရွာအတွင်းမှ တုတ်၊ ဓားများကိုယ်စီကိုင်ဆောင်ထားသည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ၂၀ ခန့်က တိုက်ခိုက်ရန်ပြေးထွက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ရှင်းလင်းရာ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ၁၉ ဦးအား အသေဖမ်းဆီးရမိခဲ့သည်။

ဆက်လက်ပြီး တပ်မတော်စစ်ကြောင်းက ဂွဆုံကျေးရွာနှင့် ဒါးကြီးဇားတောင် ကျေးရွာဝန်းကျင်အား အသေးစိတ် ဆက်လက်ရှင်းလင်းရာ အကြမ်းဖက် စီးနင်းတိုက်ခိုက်သူ အလောင်းသုံးလောင်းအား ထပ်မံရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ဂွဆုံကျေးရွာအတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ မီးရှို့မှုကြောင့် မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်

တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် မော်တော်ယာဉ်များအား အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်

နေပြည်တော် နိုဝင်ဘာ ၁၃

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းသည် ကျီးကန်းပြင်နယ်ခြားစောင့် ရဲကွပ်ကဲမှု ဌာနချုပ်မှ ဂွဆုံကျေးရွာဘက်သို့ ယမန်နေ့ မွန်းလွဲ ၄ နာရီ ၁၀ မိနစ်က မော်တော်ယာဉ်များဖြင့် ထွက်ခွာစဉ် သူဦးလာကျေးရွာအနီးရှိ တံတားသို့အရောက် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက လက်လုပ်ရှော့တိုက်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ မော်တော်ယာဉ်တစ်စီး မိုင်းစထိမှန်ပျက်စီးခဲ့ပြီး လူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

အလားတူ ကျီးကန်းပြင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ကွပ်ကဲမှု ဌာနချုပ်မှ တောင်ပြိုကျေးရွာသို့သွားရောက်ရန် ထွက်ခွာလာသည့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ လိုက်ပါလာသော မော်တော်ယာဉ်အား မွန်းလွဲ ၃ နာရီ မိနစ် ၂၀ ခန့်က ဖော်ကီတောင်တံတားအနီး၌ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက လက်လုပ်ရှော့တိုက်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ကားဒေါမ်းပိုက်နေရာအား ထိမှန်ပျက်စီးခဲ့ပြီး လူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

လူသတ်အလောင်းဖျောက်ရာတွင် ပါဝင်ခဲ့သည့် တရားခံပြေး သတင်းအရ ပိတ်ဆို့ဖမ်းဆီးရာတွင် မူးယစ်ဆေးဝါးပါမိ

ဘားအံ နိုဝင်ဘာ ၁၃

ကရင်ပြည်နယ် ဘားအံမြို့တွင် နိုဝင်ဘာ ၁၂ ရက်က ဘားအံခရိုင် မူဝင်းနှိမ်နင်းရေး အဖွဲ့ခေါင်းဆောင် ရဲအုပ်သက်စိုးဦး ဦးစီးအဖွဲ့သည် တရားခံပြေးတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ ဘားအံမြို့ အမှတ်(၄)ရပ်ကွက်အတွင်း ပိတ်ဆို့ ဖမ်းဆီးခဲ့ရာ တရားခံပြေးဖြစ်သူ စိုးပိုင်ဦး(ခ)အကျ (၃၂နှစ်) ရဲသာကျေးရွာအုပ်စု ဘားအံမြို့နယ်နေသူအား သုတလမ်းအတွင်း ဆိုင်ကယ်ဖြင့် ဝင်ရောက်လာစဉ် ဖမ်းဆီးရမိခဲ့သည်။

ထို့နောက် ပူးပေါင်းအဖွဲ့မှ ၎င်းမောင်းနှင်လာသည့် ဆိုင်ကယ် ဘောက်အတွင်းမှ ကပ်ခွာအိတ်ဖြင့် ထည့်ထားသော WY ဆေးပြား ၁၄၀၀၊ မြန်မာငွေရောရာ ၅၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ပူးပေါင်းအဖွဲ့မှ မူးယစ်ဆေးဝါးဆေးပြား ၁၄၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သော တရားခံပြေးဖြစ်သူ စိုးပိုင်ဦး(ခ) အကျမှာ ဘားအံမြို့မရဲစခန်း(ပ) ၁၆၀/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၂/၂၀၁/၃၂၄/၁၀၉ အမှုဖြင့် အလိုရှိသူဖြစ်ပြီး လွန်ခဲ့သည့် ၁၀-၇-၂၀၁၄ ရက်က ဘားအံမြို့နယ် မိုင်းကယ်ကျေးရွာနေ ဦးဝင်းကျော်က မြို့ကလေးအုပ်ချုပ်ရေးမှူး ဦးစောမောင်ထူးထံ လာရောက်ကာ ဘားအံမြို့နယ် ပေါ့ထော်ကျေးရွာနှင့် နောင်ကမြို့ကျေးရွာကြား လမ်းဘေးရေမြောင်းအစပ်တွင် အမျိုးသမီးတစ်ဦး သေဆုံးနေကြောင်း သတင်းပို့ချက်အရ ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာမှ အဆိုပါ အမျိုးသမီးအလောင်းတွင် နဖူးနှင့် လက်တို့၌ ဒဏ်ရာများဖြင့် ပုပ်ပွနေကြောင်း စစ်ဆေးတွေ့ရှိရ၍ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်အရေးယူနိုင်ရန်အတွက် ဘားအံမြို့မ ရဲစခန်းက အမှုဖွင့်ဆောင်ရွက်ခဲ့ပြီး စုံစမ်းဖော်ထုတ်ရာ လူသတ်အလောင်း ဖျောက်ရာတွင် ပါဝင်ခဲ့သည့် ကျားကလေး(ခ)သန်းဌေး(ခ)နိုင်ငံခြား (၃၀ နှစ်) မြဝတီမြို့ အောင်နိုင်ဌေး (၃၈နှစ်) ရဲသာကျေးရွာ ဘားအံမြို့နယ်၊ အဒူး(ခ)စဖိုးကြည် (၃၈ နှစ်)နှင့် အစင်(ခ)စောဝင်းသိန်း (၃၈ နှစ်) ကော့ဒါန်မယ်ကျေးရွာ ဘားအံမြို့နယ် (တရားခံပြေး)တို့နှင့်အတူ ပြစ်မှုကျူးလွန်ခဲ့သူဖြစ်ကာ အမှုမှ ထွက်ပြေးတိမ်းရှောင်နေသူဖြစ်ကြောင်း ဘားအံရဲစခန်းမှ သိရသည်။

မူးယစ်ဆေးဝါးနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် စိုးပိုင်ဦး (ခ)အကျကို ရဲအုပ်သက်စိုးဦးက တရားလိုပြုလုပ်၍ ဘားအံရဲစခန်း၌ အမှုဖွင့်အရေးယူထားပြီး ယခင်ကျူးလွန်ခဲ့သည့် အမှုဖြင့်ပါ တရားစွဲတင်ပို့နိုင်ရေးအတွက် ဘားအံမြို့မ ရဲစခန်းတွင် ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

ခရီးသည်တင်ယာဉ် အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲထိုးကျ ယာဉ်မောင်းသေဆုံးပြီး ခရီးသည် ကိုးဦးဒဏ်ရာရ

မိုင်းပျဉ်း နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် အနောက်ဘက် ငါးမိုင်ခန့်အကွာ ကျိုင်းတုံ-တောင်ကြီး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၃၂၆/၇)နှင့်(၃၂၆/၈) ကြားတွင် နိုဝင်ဘာ ၁၁ ရက်က ခရီးသည်တင်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲထိုးကျခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျိုင်းတုံမြို့မ တောင်ကြီးမြို့သို့ ယာဉ်မောင်းတင်လင်းဇော်(ခ)ကိုယ်လေး (၂၈နှစ်) မိုင်းဖြတ်မြို့နေသူ မောင်းနှင်သည့် 6L/---- ဒို့ညီနောင် ခရီးသည်တင်ယာဉ်သည် မိုင်းပျဉ်းမြို့မ အနောက်ဘက် ငါးမိုင်ခန့်အကွာတွင် လမ်းချော်၍ အရှိန်မထိန်းနိုင်ဘဲ ပေ ၂၅၀ ခန့်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်မှုဖြစ်ပွားရာ ယာဉ်ပေါ်ပါသူ ၁၁ ဦးအနက် ယာဉ်မောင်းမှာ သေဆုံးပြီး ခရီးသည်ကိုးဦးတွင် ထိခိုက်ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိခဲ့သဖြင့် မိုင်းပျဉ်းမြို့ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မိုင်းပျဉ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

ငွေကျပ် ၃၁၅ သိန်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ မိုးကုတ်မြို့နယ် ရဲတပ်ဖွဲ့ဝင်များ ဖော်ထုတ်ဖမ်းဆီး

မိုးကုတ် နိုဝင်ဘာ ၁၃

မိုးကုတ်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၀ ရက်က ပန်းမထိပ်စစ်ဆေးရေးဂိတ်တွင် ပိတ်ဆို့ရှာဖွေမှု ပြုလုပ်စဉ် ငွေကျပ် ၃၁၅ သိန်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးမှု နှစ်မှုကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၀ ရက် ည ၈ နာရီခွဲခန့်က မိုးကုတ်မြို့ ပန်းမထိပ်စစ်ဆေးရေးဂိတ်တွင် မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဆန်းလွင် ဦးစီးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ရှမ်းပြည်နယ် မြောက်ပိုင်း မန်တုံမြို့နယ် ပန်ခါကြီး အဆာမီးတို့ မောင်းနှင်လာသော ကျေးရွာမှ ယောရှု(ခ)အီသားနှင့် ဆိုင်ကယ်ကို စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၀၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၃ သိန်းကျော်ရှိ မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်၍ စောင့်ဆိုင်းစစ်ဆေးနေစဉ် မန်တုံမြို့မှ ဝင်ရောက်လာသော ယောန(ခ)လီလေး မောင်းနှင်လာသော မော်တာယာဉ်အား ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၀၀၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂ သိန်းကို စစ်ဆေးတွေ့ရှိ သိမ်းဆည်းရမိသည်။

မူးယစ်ဆေးဝါးများအား သယ်ဆောင်လာကြသည့် ယောရှု(ခ)အီသား၊ အဆာမီးနှင့် ယောန(ခ)လီလေးတို့အား မိုးကုတ်မြို့မရဲစခန်းက အဖွဲ့ဖွင့်စစ်ဆေးလျက်ရှိကြောင်းနှင့် ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေဝါ(မိုးကုတ်)

ကသာမြို့ အထွက်တွင် ယာဉ်တိုက်မှုဖြစ်ပွား

ကသာ နိုဝင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့အထွက်တွင် နိုဝင်ဘာ ၁၂ ရက်က ယာဉ်တိုက်မှုဖြစ်ပွားသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကသာမြို့အမှတ်(၉)ရပ်ကွက် သံလမ်းကူးအနီးတွင် ဒေါ်လေးမိမောင်းနှင်နေသော ဆိုင်ကယ်အား ယာဉ်မောင်း ဦးကျော်မြင့်မောင်းနှင်လာသော IK /----ယာဉ်မှ ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ပြီး ယာဉ်မှာမောင်းနှင်ထွက်ပြေးသွားစဉ် မြို့အဝင်/အထွက် စစ်ဆေးရေးဂိတ်အကျော်တွင် တစ်ဖက်ယာဉ်ကြောလမ်းဘေးချောက်ထဲသို့ ရောက်ရှိပြီး တိမ်းမှောက်သွားခြင်း ဖြစ်ကြောင်း သက်ဆိုင်ရာ ရဲတပ်ဖွဲ့စစ်ဆေးချက်အရ သိရသည်။

လူအောင် (ကသာ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်
ထားဝယ်မြို့
တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း)အသုံးစရိတ်ဆွဲငြိုးရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်မှ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းစီမံကိန်းသစ်များဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) ဆန္ဒဖော်ထုတ်ကွင်း(ဟစ်တိုင်)ဆောက်လုပ်ခြင်းလုပ်ငန်း Lot-1
(ခ) လွှတ်တော်ရုံးသစ်အတွက် သုံးစွဲရန်လိုအပ်သော ရေအရင်းအမြစ်တူးဖော်သွယ်တန်းခြင်းနှင့်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း Lot-2
(ဂ) လွှတ်တော်ရုံးဝင်းအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း Lot-3
(ဃ) လွှတ်တော်ရုံးဝင်းအတွင်းဓာတ်အားရရှိရေးဆောင်ရွက်ခြင်းနှင့် ပြင်ပလျှပ်စစ်ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်းလုပ်ငန်း Lot-4
(င) လွှတ်တော်ရုံးသစ်ဓာတ်လှေကားတပ်ဆင်ခြင်းလုပ်ငန်း Lot-5
(စ) လွှတ်တော်ရုံးဆောက်လုပ်ခြင်းလုပ်ငန်း(ဖြည့်စွက်လုပ်ငန်းများ) Lot-6

၂။ တင်ဒါအဆိုပြုလွှာပုံစံနှင့်တင်ဒါစည်းကမ်းချက်များအားကုမ္ပဏီ/ဒေသခံလုပ်ငန်းရှင်ကိုယ်တိုင် (သို့မဟုတ်) ၄င်းတို့၏တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူနွှင့်ရှိသည်။

၃။ တင်ဒါအဆိုပြုလွှာတင်သွင်းသည့် ပုံစံများအား တစ်စုံလျှင် ကျပ် (၅၀၀၀/-)၊ (၁၀၀၀၀/-)၊ (၁၅၀၀၀/-)ဖြင့် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံး၊ ထားဝယ်မြို့တွင် ၂၃-၁၁-၂၀၁၆ရက်မှ ၇-၁၂-၂၀၁၆ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

၄။ တင်ဒါအာမခံစပေါ်ငွေပေးသွင်းပြီးဖြစ်ကြောင်း အထောက်အထားများဖြစ်သည့် ငွေသွင်းချလန ်ရှုရင်းများကို တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံး၊ ထားဝယ်မြို့သို့ ၈- ၁၂-၂၀၁၆ ရက် ၁၆း၀၀ နာရီထက် နောက်မကျစေဘဲ ပေးပို့ရမည်။

၅။ တင်ဒါတင်သွင်းခြင်းနှင့် ဖွင့်လှစ်ခဲ့ပွဲကို ၉-၁၂-၂၀၁၆ ရက် ၁၀း၀၀ နာရီမှစ၍ Lotတစ်ခုချင်းစီအလိုက် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံး၊ ထားဝယ်မြို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၃၅၆၈၊ ၀၅၉-၂၃၅၅၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ
ထားဝယ်မြို့

အောင်သာကုန်းရပ်ကွက်အတွင်း မူးယစ်ဆေးဝါးသုံးစွဲသူများ ဖမ်းမိ

ပန်းမောက် နိုဝင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပန်းမောက်မြို့နယ် အောင်သာကုန်းရပ်ကွက်၌ နိုဝင်ဘာ ၁၂ ရက်က မူးယစ်ဆေးဝါးသုံးစွဲသူများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပန်းမောက်မြို့နယ်ရဲစခန်းမှ ရဲအုပ်မင်းကိုလွင်၊ မံထုံရဲကင်းစခန်းမှူး မင်းမော်နှင့် အဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ အောင်သာကုန်းရပ်ကွက်နေ ဆန်ဒြေး(ခ)ကြာတိုး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဆန်ဒြေး(ခ)ကြာတိုနှင့် ဆန်ဦးတို့ နှစ်ဦးကိုတွေ့ရှိပြီး စက္ကူဖြင့်ထုပ်ထားသည့် ဘိန်းဖြူဟုယူဆရသော ဖြူဝါစပ်ကြားအမှုန့် အလေးချိန်မဲ့ပါ တစ်ထုပ်၊ ဘိန်းဖြူသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ပုဆိုးစအတွင်းမှ အဖြူရောင်ဘူးတစ်ဘူးတို့ကို တွေ့ရှိရ၍ မူးယစ်ဆေးဝါး လက်ဝယ်ထားရှိသုံးစွဲသူ ဆန်ဒြေး(ခ)ကြာတို(၃၆ နှစ်)အောင်သာကုန်းရပ်ကွက်နှင့် ဆန်ဦး(၄၆ နှစ်)ကျွဲကောကုန်းကျေးရွာ ပန်းမောက်မြို့နေသူတို့အား ပန်းမောက်မြို့နယ် ရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကျော်စွာ(ပန်းမောက်)

တရားမဝင်သစ်ခိုးထုတ်မှုကို ပြည်သူများက သတင်းပေးလိုသော်လည်း အခက်အခဲများရှိနေဟုဆို

ရေတာရှည် နိုဝင်ဘာ ၁၃

တရားမဝင် သစ်ခိုးထုတ်မှုများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သည့် လုပ်ငန်းများတွင် ပြည်သူလူထု၏ သတင်းပေးကူညီမှု များစွာရှိခဲ့ပြီး ယခုနောက်ပိုင်း တာဝန်သိစွာ သတင်းပေးသူတို့အနေဖြင့် ခြိမ်းခြောက်ခံရမှုများကြောင့် လည်းကောင်း၊ သတင်းပေးသူကို ပြန်လည်ပြောပြခြင်းများကြောင့် လည်းကောင်း ဆက်လက်ကူညီဆောင်ရွက်ပေးနိုင်ရန် အခက်အခဲကြုံတွေ့နေရကြောင်း ကိုယ်တိုင်ကြုံတွေ့ရသူများက ပြောသည်။

"ကျွန်တော်တို့က အတိအကျ သတင်းပေးတယ်။ လာဖမ်းတော့လည်း မိတယ်။ ဒါပေမယ့် သူတို့ပြန်သွားတော့ ဒီလူက ဒီဖုန်းနံပါတ်နဲ့ဆက်လို့ဆိုတာမျိုး ပြောသွားတော့ ကျွန်တော်တို့မှာ သစ်သမားတွေရဲ့ ခြိမ်းခြောက်တာခံရတယ်"ဟု ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာအုပ်စုနေ ဒေသခံတစ်ဦးက ပြောသည်။ ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက် တရားမဝင် သစ်များကို သယ်ဆောင်ရန် အခက်အခဲဖြစ်လာသည့် အတွက် ယခုနောက်ပိုင်း အမြန်လမ်းပိုင်းကို ယာဉ်ငယ်များအသုံးပြုကာ သယ်ဆောင်မှုများ ပိုမိုများပြားလာနေသည်ကို ဖမ်းဆီးရမိမှု မှတ်တမ်းများအရ သိရသည်။

တရားမဝင်သစ်များ ဖမ်းဆီးမှု၌ သယ်ဆောင်လာမှ ဖမ်းဆီးခြင်းထက် ကြိုတင်ကာကွယ်မှုလုပ်ငန်းများဖြစ်သော စက်လှေများကို မှတ်ပုံတင်စေခြင်းနှင့် စာရင်းကောက်ယူခြင်း၊ သိမ်းဆည်းခြင်းလုပ်ငန်းများကို မြို့နယ်အဆင့်အနေဖြင့် ကော်မတီဖွဲ့စည်းထားသော်လည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း သစ်တောတာဝန်ခံရှိသူ တစ်ဦးက ပြောသည်။ "ကျွန်တော်တို့မြို့နယ်မှ တရားမဝင် စက်လှေကိုင်ဆောင်ရောင်းဝယ်ခြင်းကို အရေးယူဆောင်ရွက်နိုင်ဖို့ ကော်မတီဖွဲ့စည်းထားပါတယ်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာနတွေပါ။ ဒါပေမယ့် အခြားလုပ်ငန်းရပ်တွေကို ဦးစားပေးဆောင်ရွက်နေရတဲ့အခါကျတော့ ဒီစက်လှေတွေကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေ ကတစ်ဆင့် စာရင်းကောက်ယူမယ်၊ အပ်နှံခိုင်းမယ်၊ နောက်ရောင်းချတဲ့ဆိုင်တွေကိုလည်း မရောင်းချဖို့ တားမြစ်တာတွေ လုပ်ရင် သစ်တောထိန်းသိမ်းရေးအတွက် အများကြီးအထောက်အကူပြုမှာပါ"ဟု ၄င်းက ဆက်လက်ပြောသည်။

သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်လမ်းပိုင်း၌ သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေးတပ်ဖွဲ့ဝင်များက တရားမဝင် သစ်သယ်ဆောင်မှုများကို ဆက်တိုက်ဖမ်းဆီးလျက်ရှိသော်လည်း ဆွာဆည်ဘက်မှ သိုင်းဝကျေးရွာနှင့် အမြန်လမ်းသို့တက်သည့် လမ်းပိုင်းတွင် ညစဉ် သစ်တင်ယာဉ်များ မောင်းနှင်သွားလာမှုကို ထိထိရောက်ရောက် အရေးယူပေးရန် လိုအပ်နေသေးကြောင်း ဒေသခံများက ပြောသည်။

ကိုလွင်(ဆွာ)

❁ *ကျောဖုံးမှ*

ဒါကြောင့် ကျွန်တော့်ကစားသမားတွေအနေနဲ့ ပွဲအတွေ့အကြုံအများကြီး လိုပါတယ်။ ကျွန်တော်တို့အတွက် အရေးကြီးတဲ့ပွဲဖြစ်ပြီး ပွဲကောင်းတစ်ပွဲ ဖြစ်လာမှာပါ”ဟု ပြောကြားခဲ့သည်။

နည်းပြ လိုပက်ဇ်သည် စပိန်လာလီဂါနာမည်ကြီးကလပ် ရီးရဲမက်ဒရစ်အသင်းကို ကိုင်တွယ်ဖူးပြီး အာရှအသင်းများ၌ နည်းပြအဖြစ် ဆောင်ရွက်ခဲ့ဖူးသူဖြစ်သည်။ အိုမန်အသင်းသည် နိုဝင်ဘာ ၁၁ ရက်က ဂျပန်လက်ရွေးစင်အသင်းနှင့် ဂျပန် နိုင်ငံ၌ ခြေစမ်းကစားခဲ့ရာ လေးဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။

ပြိုင်ပွဲအကြို

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် အိုမန်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး နိုဝင်ဘာ ၁၄ ရက် ယနေ့ ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းခြေစမ်းပွဲမှာ မြန်မာ့လက်ရွေးစင်အသင်း၏ ဆူဇူကီး ပြိုင်ပွဲမတိုင်မီ နောက်ဆုံး ယှဉ်ပြိုင်ကစားသည့်ခြေစမ်းပွဲလည်းဖြစ်သည့်အတွက် လက်ရွေးစင်ကစားသမားများ၏ ခြေစွမ်းကို ဘောလုံးဝါသနာရှင်များ ကြည့်ရှုအကဲဖြတ်နိုင်မည်ဖြစ်သည်။

အထက်မြန်မာပြည် ဇုန်အလိုက် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပိုလ်စွဲသွားသည့် မြစ်ကြီးနားဇုန်အသင်းအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တံခွန်စိုက် ဆုဖလား ပေးအပ်ချီးမြှင့်စဉ်

(အဆိုပါ ဘောလုံးပြိုင်ပွဲတွင် မြစ်ကြီးနားဇုန်အသင်းက မန္တလေးဇုန်(၂)အသင်းအား တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။)

တင်မောင်(မန်းကိုယ်ပွား)

ရန်ကုန်မြို့တွင်း ဈေးရောင်းဈေးဝယ်များဖြင့်စည်ကားနေသည့် ညဈေးတန်းကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

● *ကျောဖုံးမှ*

အဆိုပါအစီအစဉ်သည် လောလောဆယ် မြို့တွင်းအဓိက လမ်းမကြီးများမှ ဈေးသည်များအား ပြောင်းရွှေ့ဖွင့်လှစ်ခွင့် ပေးခြင်းဖြစ်ကြောင်း၊ နောက်ပိုင်းတွင် အခြားသောမြို့နယ်နှင့် လမ်းကြားဈေးသည်များကိုလည်း မြေလွတ်ရှိသော အခြေအနေပေးသည့်နေရာများတွင် ပြောင်းရွှေ့ကာ ညဈေးတန်းများအဖြစ် ပြောင်းရွှေ့ဖွင့်လှစ်ခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဓိကလမ်းမကြီး လေးလမ်းမှ လမ်းဘေးဈေးသည်များအား စာရင်းကောက်ယူထားရာ ဆိုင်ပေါင်း ၅၀၀၀ ကျော်ရှိပြီး မိမိတို့မြို့နယ်အလိုက် ကမ်းနားလမ်းတွင် ညဈေးအဖြစ် ပြောင်းလဲရောင်းချခွင့်ပေးမည်ဖြစ်သည်။

အဆိုပါ ကမ်းနားလမ်းညဈေးသစ် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက်ညနေပိုင်းတွင် ဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

Golden Future ဖူဆယ်ဘောလုံးကွင်းသစ် မန္တလေးဗထူးကွင်းအနီးတွင် ဖွင့်လှစ်

မန္တလေး နိုဝင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ဖူဆယ်ဘောလုံးမျိုးဆက်သစ် အားကစားသမားများပေါ်ထွန်းရေးနှင့် ဖူဆယ်ဘောလုံး အားကစားသမားများ ယှဉ်ပြိုင်လေ့ကျင့်ကစားနိုင်ရေးအတွက် ဘောလုံးအားကစားဝါသနာရှင်မိသားစုက မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် ၇၁ လမ်းနှင့် လမ်း ၇၀ ကြား ၂၉လမ်း ဗထူးကွင်းမြောက်ဘက်တွင် Golden Future ဖူဆယ် ဘောလုံးကွင်းသစ် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက် ၈ နာရီကကျင်းပခဲ့သည်။

အခမ်းအနားတွင် အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် Golden Future ဖူဆယ် ဘောလုံးကွင်းမန်နေဂျာ ဦးမျိုးသိန်းတို့က ဘောလုံးကွင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(အောက်ပုံ)**

အဆိုပါဖူဆယ်ဘောလုံးကွင်းသစ် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဖူဆယ်ဘောလုံးပြိုင်ပွဲ သုံးပွင့်ဆိုင်ကျင်းပရာ ပြည့်စုံအသင်းက အား/ကာသိပ္ပံအသင်းကို လေးဂိုး-ဂိုးမရှိနှင့် အား/ကာဖူဆယ်လက်ရွေးစင်ဟောင်းအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် ယှဉ်ပြိုင် အနိုင်ရရှိသွားကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦး-ဒေါ်ညိုညိုသန်းတို့၏ သားတပည့်၊ ရေဦးမြို့နေ ဦးသန်းပို-ဒေါ်ငွေးကြွယ်တို့၏ သားထွေး

မောင်မျိုးနိုင်

B.A (Myanmar) ဒု-ဦးစီးမှူး (ကညန၊ မိတ္တီလာ)

နှင့်

မိတ္တီလာမြို့နေ ဦးဘိုးသန်းဆင့်-ဒေါ်သန်းသန်းဦးတို့၏ သမီးထွေး

မမြင့်သီဒါ

B.E (Electrical) (Q;)

တို့၏ ၁၁-၁၁-၂၀၁၆ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော မိတ္တီလာမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး ဦးသန်းထွန်းဦး၊ ၁၂-၁၁-၂၀၁၆ရက်တွင် မိတ္တီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ နဝင်းဧကျောင်းတိုက်၌ မင်္ဂလာဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော နှစ်ဖက်ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအားလုံး၊ ကိုယ်တိုင် မကြွရောက်ဖြစ်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးကြပါသော အရာရှိများနှင့်မိတ်သင်္ဂဟသူငယ်ချင်းများအားလုံး၊ ၁၃-၁၁-၂၀၁၆ရက်တွင် မိတ္တီလာမြို့၊ တော်ဝင်နန်းခန်းမ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ ကျောင်းအုပ်ကြီးဦးဝင်းနောင်နှင့် ဇနီးဒေါ်ခွဲ့ခွဲ့ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မိတ္တီလာ ခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးနှင့်ဇနီး ဒေါ်မြင့်မြင့်လွင်တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော ညီမငယ် မင်္ဂြိမ်းဆုသာ၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဗန်းကိုင်ဆောင်ပေးပါသော ညီမငယ် မဆုမွန်မြင့်၊ မင်္ဂလာလက်ထပ်လက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော ညီမငယ် မခန့်ခန့်ဆု၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးစိန်မြင့်ကျော်၊ USA ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေးအဖွဲ့၊ မိတ်ကပ်ဆံပင်နှင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော 42-Smart၊ ဒီဇိုင်နာကိုမင်းလွင်၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော ရွှေဝတ်လွှာဖိတ်စာလုပ်ငန်း၊ ပန်းအလှဆင်ပေးပါသော Rose Villaပန်းအလှ ဆင်လုပ်ငန်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော Melody တေးဂီတအဖွဲ့များနှင့် ကြွရောက်ချီးမြှင့်ပေးကြပါသော နှစ်ဖက်ဆွေမျိုး မိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သော မိဘဆွေမျိုးများနှင့်
မောင်မျိုးနိုင်-မမြင့်သီဒါ

ဖိတ်ကြားလွှာ

ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်အသင်း (ချောင်းသာဇုန်) ၏ နှစ်ပတ်လည်အစည်းအဝေးနှင့် (၂၀၁၆-၂၀၁၉) အလုပ်အမှုဆောင်ရွေးချယ်ပွဲ ကျင်းပပြုလုပ်နိုင်ရန်အတွက် ဟိုတယ်ပိုင်ရှင်များအနေဖြင့် အောက်ပါအစီအစဉ်အတိုင်း မပျက်မကွက်တက်ရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ အသင်း၏ အလုပ်အမှုဆောင်အဖြစ် ရွေးချယ်ခံမည့် ပုဂ္ဂိုလ်များအနေဖြင့် အစည်းအဝေးကျင်းပမည့်အချိန်တွင် တစ်ပြိုင်နက် အဆိုပြုလွှာတင်သွင်း၍ အရွေးချယ်ခံနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

အစည်းအဝေးကျင်းပမည့်နေ့ရက် - (၁၉-၁၁-၂၀၁၆) စနေနေ့။
အစည်းအဝေးကျင်းပမည့်အချိန် - မွန်းလွဲ ၁း၀၀ နာရီ
အစည်းအဝေးကျင်းပမည့်နေရာ - MHA ရုံးခန်း၊ အမှတ် (၃/က)၊ ဝေဇယန္တာလမ်းနှင့် သံသုမာလမ်းထောင့်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရှမ်းပြည်နယ် (လားရှိး)၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်တွင် အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂများကို ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်းအသေးစိတ်နှင့်ပတ်သက်၍လည်းကောင်း၊ ဝယ်ယူမည့် ရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂများ၏ အမျိုးအမည်၊ အရေအတွက်နှင့် အသေးစိတ်အချက်အလက်များ စံနှုန်းပုံစံများနှင့်ပတ်သက်၍လည်းကောင်း၊ သိရှိလိုပါက ဝယ်ယူရေးလုပ်ငန်းကော်မတီသို့ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ၊ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများအား အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

စတင်ရောင်းချမည့်ရက် - ၁၅-၁၁-၂၀၁၆ ရက် (အင်္ဂါနေ့)
ပိတ်မည့်ရက်နှင့်အချိန် - ၁၂-၁၂-၂၀၁၆ ရက် (တနင်္လာနေ့) ညနေ ၄း၀၀ နာရီ
အိတ်ဖွင့်တင်ဒါရောင်းချမည့်နေရာ - ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံး (လားရှိး) ဝယ်ယူရေးလုပ်ငန်းကော်မတီ လားရှိး ဖုန်း-၀၈၂-၂၂၀၃၀၁၃

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၃၇၊ ဦးပိုင်အမှတ်၁၀၊ ၄၁×၄၂လမ်းကြား၊ ၅၃×၅၄လမ်းကြားရှိ ဗိုလ်မှူးစန်းလွင်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးဇော်ဇော်ထွန်း ၁၃/ကတန (နိုင်)၀၀၈၃၁၉မှ မြေနေရာချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အေလာမြို့၊ မြို့သစ်မူလွန် တတိယတန်း(A)မှ မနှိုင်းယှဉ်မြင့်မိုရ်အား မမြတ်သော်တာဦးဟု ပြောင်းလဲခေါ်ပါရန်။ **မမြတ်သော်တာဦး**

မိဘအမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အေလာမြို့၊ မြို့သစ်မူလွန် တတိယတန်း(A)မှ မမြတ်သော်တာဦး၏ မိဘအမည်မှန်မှာ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နေ ဦးမြတ်ဇော်ထွန်း-ဒေါ်သီတာဦးဖြစ်ပါကြောင်း။ **ဦးမြတ်ဇော်ထွန်း-ဒေါ်သီတာဦး**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃F၊ မြေကွက်အမှတ် V Class 24 နှင့် 25၊ မြေကွက်တည်နေရာအမှတ် ၁၅၁/၁၅၃/၁၅၅၊ (၃၈)လမ်း၊ (၆)ရပ်ကွက်၊ (Myingyan District Co.Operative Whole Sale Society Ltd)အမည်ပေါက် မြေပိုင်မြေဖြစ်ပါသည်။ မြင်းခြံမြို့နယ်၊ သမဝါယမအသင်းမှ ယင်းမြေကို ဝယ်ယူခဲ့ကြောင်း၊ မြင်းခြံမြို့နယ် သမဝါယမအသင်းကို ၁၉၉၂ခုနှစ် သမဝါယမအသင်း ဥပဒေအရဆုမွန် ရတနာအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း မြင်းခြံမြို့နယ်၊ ဆုမွန်ရတနာအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းမှပိုင်ဆိုင်သောအမှတ် ၁၅၁/၁၅၃/၁၅၅၊ ၃၈လမ်း တည်ရှိရာမြေအား အသင်းအမည်ပေါက် လျှောက်ထားခြင်းကို ကန့်ကွက်ရန်မရှိကြောင်းနှင့် ထောက်ခံကြောင်း၊ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ၈-၅-၂၀၁၅ရက်စွဲပါအကြောင်းကြားစာနှင့်အမည်ပေါက်ရေးဆောင်ရွက်ပေးနိုင်ပါရန် သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၂၃-၆-၂၀၁၆ ရက်စွဲပါစာဖြင့် ထောက်ခံပေးပို့စာ၊ မြေအမည်ပေါက် အရောင်းအဝယ်စာချုပ် ၂၀၅၅/၂၀၁၆(စာချုပ်ရုံးလက်ခံအမှန်)နှင့် ဆုမွန်ရတနာ အထွေထွေစီးပွားရေးလုပ်ငန်း၊ သမဝါယမအသင်း၊ မှတ်ပုံတင်လက်မှတ် ခ-၂၇၇၈/အထ/မြင်းခြံ တို့ကိုတင်ပြ၍ ယင်းအသင်း၏အဖွဲ့ဝင် ဦးထွန်းမြင့် ၉/မခန(နိုင်)၁၀၃၂၉၁မှ ဆုမွန်ရတနာအထွေထွေစီးပွားရေးလုပ်ငန်းအမည်ပြောင်း လျှောက်ထားလာရာတရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၃၄၁၅၄ Jialing 90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်ထွန်း(ခ)သန်းထိုက်စိုး ၉/မဟမ(ဧည့်)၀၀၀၀၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ကျွန်တော်နဲ့ လွတ်လပ်ပြီး တရားသောကုန်သွယ်မှု

ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

တလောက ကျွန်တော် ထိုင်းနိုင်ငံ ပန်ကောက်မြို့ကို ရောက်ခဲ့တယ်။ အစည်းအဝေးနှစ်ခုမှာ ပါဝင်ပြီး ဆွေးနွေးဖို့ ဖိတ်ကြားတဲ့အဖွဲ့အစည်းနှစ်ခုကလည်း သဘာဝခြင်းမတူညီကြဘူး။ တစ်ဖက်က ထိုင်းနိုင်ငံက အကြီးဆုံးဘဏ်ဖြစ်တဲ့ ပန်ကောက်ဘဏ်၊ တစ်ဖက်ကတော့ အာရှရဲ့ ပစိဖိတ်ဒေသဆိုင်ရာ တရားသောကုန်သွယ်မှုကို အားပေးနေတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းများ ရုတ်တရက်ကြည့်ရင်တော့ ဆန့်ကျင်ဘက်တွေ ထူးခြားတာက ပွဲကိုတစ်ရက်တည်းမှာ လုပ်မှာမို့ နံနက်ပိုင်းမှာ ပန်ကောက်ဘဏ်အတွက် ဆွေးနွေးပွဲ၊ ညဘက်မှာတော့ အရပ်ဘက် လူ့အဖွဲ့အစည်းတွေအတွက် ပန်ကောက်ဘဏ်က ကြီးမှူးကျင်းပတဲ့ပွဲကို နာမည်ကြီးဟိုတယ်တစ်ခုမှာလုပ်တာ။ ခေါင်းစဉ်က အေအီးစီ ၂၀၁၆ အတွက် စီးပွားရေးဖိုရမ် ဖြစ်တယ်။ ပန်ကောက်ဘဏ်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောတယ်။ ပွဲမစမီ ကျွန်တော်တို့ ထိုင်းဘုရင်ကြီး နတ်ရွာစံသွားတဲ့ အထိမ်းအမှတ်နဲ့ လက်ပတ်အမည်းရောင်ကို ဝတ်ဆင်စေတယ်။ ပရိသတ်အားလုံးလိုလိုက ဝမ်းနည်းတဲ့အနေနဲ့ အနက်ရောင်တွေ ဝတ်ဆင်ထားကြတာ ဘုရင်ကြီးကို တိုင်းသူပြည်သားတွေအားလုံး ကြည်ညိုကြတယ်။ ရင်ထဲက ရှိတဲ့ ဝမ်းနည်းမှုက ပေါ်လွင်လှပါတယ်။ အဖွင့်အမှာစကား ပြောပြီး တစ်ချိန်က ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုမှာ ခေါင်းဆောင်ခဲ့ပြီး ဒုတိယဝန်ကြီးချုပ် တာဝန်ယူခဲ့သူက ဖိုရမ်အတွက် မိန့်ခွန်းပြောခဲ့ပါတယ်။ သူတစ်ချိန်က ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်းကို တာဝန်ယူခဲ့သူဖြစ်တာမို့ ကုန်သွယ်မှုရဲ့ အရေးပါပုံကို နိုင်ငံတကာ အတွေ့အကြုံကို အခြေခံပြီး တင်ပြခဲ့တယ်။ ကုန်သွယ်မှုဟာ နိုင်ငံတစ်နိုင်ငံအတွက်၊ ဒေသတစ်ခုအတွက်သာမက တစ်ကမ္ဘာလုံးအတွက်ပါ အရေးပါပုံကို ဖော်ပြခဲ့ပါတယ်။ ကုန်သွယ်မှုနဲ့ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတို့ရဲ့ ဆက်စပ်မှုကို ဝေဝေဆာဆာ ဖော်ထုတ်ခဲ့တယ်။ ပရိသတ်အများစုဟာ ထိုင်းနိုင်ငံသားတွေဖြစ်တာမို့ အေအီးစီက ရမယ့်အခွင့်အရေးတွေကို ဘယ်လိုရအောင် ကြိုးစားဖို့လိုတာကိုလည်း သတိပေးခဲ့ပါတယ်။

ကုန်သွယ်မှုနှင့်ပတ်သက်လာရင် လွတ်လပ်ပွင့်လင်းဖို့လိုတာကို စီးပွားရေးပညာရှင်တွေအားလုံးက လက်ခံကြတယ်။ ကျွန်တော် မှတ်မိတာက မြန်မာစီးပွားရေးပညာရှင်တွေအနက် အထင်ရှားဆုံးဖြစ်တဲ့ ဆရာကြီးပါမောက္ခ ဒေါက်တာဦးလှမြင့်ဟာ ကုန်သွယ်မှုကို အထူးပြုလေ့လာခဲ့တယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေ တိုးတက်ဖွံ့ဖြိုးလိုပါက ကုန်သွယ်မှုကို အားကိုးဖို့လိုကြောင်း ထောက်ပြခဲ့တယ်။ ဆရာကြီးရဲ့အကြံကို စင်ကာပူ၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ ထိုင်ဝမ်၊ ဟောင်ကောင်နိုင်ငံတွေက လိုလိုလျင်လျင်လက်ခံခဲ့တယ်။ ဒါကြောင့်လည်း သူတို့ဟာ အာရှကျား၊ အာရှနဂါးတွေဖြစ်လာခဲ့တယ်။ ဈေးကွက်ကို ပွင့်လင်းမြင်သာအောင် ဖန်တီးဖို့ အရေးကြီးကြောင်း သက်သေပြခဲ့တယ်။ ဝမ်းနည်းစရာကောင်းတာက ဆရာကြီးရဲ့အကြံကို မြန်မာနိုင်ငံက လက်မခံခဲ့ဘူး။ ပြည်တွင်း ဖူလုံမှုကို ဦးစားပေးပြီး နိုင်ငံတကာနဲ့ ဆက်ဆံပြီး ကုန်သွယ်မှုကို ရှောင်ခဲ့တယ်။

အေအီးစီဟာ အမှန်တော့ တစ်ချိန်က ဥရောပနိုင်ငံခြောက်နိုင်ငံက တည်ထောင်ခဲ့တဲ့ ဘုံဈေးကွက်ပဲဖြစ်တယ်။ ဒီတုန်းက အီတလီနိုင်ငံ ရောမမြို့မှာ စတင်ခဲ့တာမို့ ရောမအစုအဖွဲ့ကို သတ်မှတ်ခဲ့တယ်။ အခုတော့ အဖွဲ့ဝင်နိုင်ငံ ၂၅ နိုင်ငံ ကျော်ရှိနေပြီ။ ဒါပေမယ့် မကြာသေးမီကာလက ဗြိတိန်နိုင်ငံဟာ အီးယူကထွက်ခွာခဲ့တယ်။ ဒီဘုံဈေးကွက်တွေကို အနောက်အမေရိကမှာ၊ တောင်အမေရိကနဲ့ အာဖရိကနိုင်ငံတွေမှာလည်း ဖန်တီးခဲ့တယ်။ အရှေ့တောင်အာရှအတွက် အေအီးစီဖြစ်တယ်။ အမေရိကန်ပြည်ထောင်စုက ဦးစီးပြီး ပစိဖိတ်ဒေသနိုင်ငံများအတွက် ဘုံဈေးကွက်ဖော်ထုတ်ဖို့ ကြိုးစားနေတယ်။ ဘုံဈေးကွက်ရဲ့အနှစ်သာရက အဖွဲ့ဝင်နိုင်ငံ အချင်းချင်း လွတ်လပ်စွာ ကုန်သွယ်မှုကို အားပေးခြင်းဖြစ်တယ်။ အခွန်အခကင်းလွတ်မှုကို ဦးစားပေးတာဖြစ်တယ်။

ကုန်သွယ်ရေးလွတ်လပ်မှုနဲ့ပတ်သက်လာရင် အငြင်းပွားမှုတွေရှိတယ်။ အမေရိကန်ပြည်ထောင်စု သမ္မတရွေးကောက်ပွဲမှာ လွတ်လပ်သော ကုန်သွယ်မှုကို မနှစ်မြို့တဲ့လက်မခံချင်တဲ့အရေအတွက်က အများကြီးဖြစ်နေတာ တွေ့မြင်ရတယ်။ လွတ်လပ်စွာ ကုန်သွယ်မှုကြောင့် ပြည်တွင်းမှာ အလုပ်လက်မဲ့တွေ တိုးလာတာလို့လည်း ယူဆကြတယ်။

ဒါကြောင့် လွတ်လပ်စွာ ကုန်သွယ်မှုကို အန္တရာယ်တစ်ခုအနေနဲ့ ယူဆနေခဲ့ကြတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေ လုပ်ငန်းတွေအတွက် ကာကွယ်စောင့်ရှောက်မှုတွေပေးဖို့ တိုက်တွန်းနေကြတယ်။ အေအီးစီဟာ ပြည်တွင်းဈေးကွက်တွေကိုဖွင့်ပြီး နိုင်ငံအချင်းချင်း လွတ်လပ်စွာ ကုန်သွယ်မှုကို အားပေးတာဖြစ်ပါတယ်။

ဒုတိယဝန်ကြီးချုပ် မိန့်ခွန်းပြောပြီးတဲ့အချိန် စီးပွားရေးစကားပိုင်းကို ကျင်းပခဲ့ပါတယ်။ ပါဝင်ဆွေးနွေးတဲ့သူ လေးဦးတရုတ်ပြည်နဲ့ မကြာမီ နံပါတ်(၃)ဖြစ်တော့မယ့် အိန္ဒိယပြည် အကြားမှာရှိနေတဲ့ မြန်မာနိုင်ငံရဲ့စီးပွားရေးအလားအလာဟာ အလွန်ကောင်းမွန်လှပါတယ်။ စီးပွားရေးဖိုရမ်မှာ အေအီးစီကို တရုတ်နိုင်ငံနဲ့ မည်သို့မည်ပုံ ဆက်သွယ်ဆက်စပ်သင့်သလဲဆိုတာ ဆွေးနွေးကြတယ်။ ဒါကြောင့်လည်း ကျွန်တော်က သတိပေးလိုက်ပါတယ်။ အေအီးစီအဖွဲ့ဝင်နိုင်ငံတွေအနက် တရုတ်ပြည်နဲ့ နယ်စပ်တဲ့နိုင်ငံ တစ်နိုင်ငံသာရှိပြီး ဒီနိုင်ငံဟာ မြန်မာဖြစ်ကြောင်း အခုလိုသတိပေးခဲ့တာကို ပရိသတ်တွေက အသိအမှတ်ပြုခဲ့တယ်။ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုက ရခဲ့တဲ့နိုင်ငံရေးအကျိုးအမြတ်တွေကို စီးပွားရေးနဲ့လူမှုရေးနယ်ပယ်တွေမှာရအောင် ကြိုးစားနေကြောင်း တင်ပြခဲ့ပါတယ်။ ပရိသတ်တွေအများစုဟာ ထိုင်းစီးပွားရေးလုပ်ငန်းရှင်တွေဖြစ်တယ်။သူတို့ကိုမြန်မာပြည်မှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့ကိုလည်း တိုက်တွန်းခဲ့ပါတယ်။

ကျွန်တော်တို့ စကားပိုင်းမှာ အင်ဒိုနီးရှားနိုင်ငံက ဝန်ကြီးတစ်ဦးပါဝင်ခဲ့တယ်။ အသက်ကခပ်ငယ်ငယ် အင်္ဂလိပ်လို ကောင်းကောင်းပြောတတ်တယ်။ သူ့ရဲ့ဝန်ကြီးဌာနကို မေးကြည့်တော့ အံ့သြသွားတယ်။ သူက အင်ဒိုနီးရှားနိုင်ငံရင်းနှီးမြှုပ်နှံမှုအဖွဲ့ရဲ့ ဥက္ကဋ္ဌဖြစ်ပြီး သူ့ကိုဝန်ကြီးတစ်ဦးအနေဖြင့်တာဝန်ပေးထားတာ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အလေးထားပုံကိုထူးထူးခြားခြား ဖော်ထုတ်တာဖြစ်တယ်။ သူမှာတခြား တာဝန်ဝတ္တရားတွေမရှိဘဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေတိုးလာအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ တစ်ခုတည်းကို အာရုံရှိတယ်။ ဒါကြောင့် နိုင်ငံတကာကိုသွားပြီး မိမိတို့နိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့တိုက်တွန်းခဲ့တယ်။ ရင်းနှီးမြှုပ်နှံနိုင်မယ့် ပုဂ္ဂိုလ်တွေ၊ ကုမ္ပဏီတွေနဲ့ဆက်သွယ်ပြီး သူတို့ရဲ့စီးရိမ်မှုတွေ၊ ကြောင့်ကြမှုတွေ ဖြေရှင်းပေးခဲ့တယ်။ အင်ဒိုနီးရှားနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ကြိုဆိုပြီး ရင်းနှီးမယ့်သူ လွယ်ကူစေအောင် ဖန်တီးထားကြောင်းဖော်ပြခဲ့တယ်။

ဒီပုံစံကို ကျွန်တော့်တို့နိုင်ငံမှာ စဉ်းစားဖို့ကောင်းပါတယ်။ ကျွန်တော်ကိုယ်တိုင်မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှာ နှစ်နှစ်နီးပါးတာဝန်ယူခဲ့တယ်။ ကော်မရှင်ဟာ မြန်မာနိုင်ငံကို ရင်းနှီးလိုချင်သူတွေရဲ့ လျှောက်လွှာကို စိစစ်ခဲ့ကြတယ်။ လျှောက်လွှာကို လက်ခံသင့် မသင့် ဆုံးဖြတ်ခဲ့ရတယ်။ အမှန်တော့လျှောက်လွှာစိစစ်မှုသာမက၊ ရင်းနှီးမြှုပ်နှံမှုတွေတိုးအောင် ဘယ်လိုဆောင်ရွက်သင့်သလဲဆိုတာကို အာရုံပြုဖို့လိုအပ်ပါတယ်။ အစိုးရအသစ်လက်ထက်မှာ လိုအပ်တဲ့ပြောင်းလဲမှုတွေကို မြန်မြန်ဆန်ဆန်လုပ်နိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ စကားပိုင်းက နှစ်နာရီကျော်ကျော်ကြာတာ။ နေ့လယ်စာစားချိန်မှာ တည်ခင်းတဲ့ နေ့လယ်စာစားပြီး နောက်တစ်ဖွဲ့ကို မော်တော်ယာဉ်နဲ့ထွက်ခဲ့တယ်။ လုပ်မယ့်နေရာက ဗန်ကောက် မြို့ကနေ နှစ်နာရီနီးပါးသွားရတာ။ လုပ်မယ့်နေရာကလည်း မြစ်တစ်ခုရဲ့ ကမ်းနံဘေးမှာ တည်ထားတဲ့ဟိုတယ်။ စီစဉ်တဲ့အဖွဲ့အစည်းက အာရှဒေသတရားသောကုန်သွယ်မှုအဖွဲ့အစည်းရဲ့ညီလာခံတက်ရောက်တဲ့သူတွေက အရပ်ဘက်လူ့အဖွဲ့အစည်းမှာ ဦးစီးနေကြသူတွေ။ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံကနေ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိတဲ့ ကျွန်းနိုင်ငံငယ်တွေ၊ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ နီပေါနိုင်ငံတွေလည်းပါဝင်တယ်။ အာဆီယံ အဖွဲ့ဝင်နိုင်ငံတွေလည်း စုစုပေါင်း ၂၀၀ ကျော်။ တရားသောကုန်သွယ်မှုဟာ လူပ်ရှားမှုတစ်ရပ်ဖြစ်ပြီး အခြေခံမူ (၁၀)ချက်ကို သတ်မှတ်လက်ခံထားတာဖြစ်တယ်။

၁။ မသန်စွမ်းတဲ့ ထုတ်လုပ်သူများအတွက် စီးပွားရေးအခွင့်အလမ်းတွေဖော်ထုတ်ရေး
၂။ ပွင့်လင်းမြင်သာမှုနဲ့တာဝန်ခံမှု
၃။ မျှတသောကုန်သွယ်ရေးဆက်သွယ်မှု
၄။ မျှတသောဈေးနှုန်းပေးချေမှု
၅။ အသက်မပြည့်သူလုပ်သားများနဲ့ပတ်သက်ပြီးကာကွယ်စောင့်ရှောက်မှု
၆။ လွတ်လပ်စွာစည်းရုံးမှု၊ ခွဲခြားဆက်ဆံမှု ရှောင်ကြဉ်မှု
၇။ လုပ်ငန်းခွင်အခြေအနေကို မြှင့်တင်မှု
၈။ အရည်အသွေးမြင့်တင်ပေးမှု
၉။ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းမှု
၁၀။ တရားသောကုန်သွယ်မှုကိုမြှင့်တင်မှု

အမှန်တော့ တရားသောကုန်သွယ်မှုဟာ ဆင်းရဲနွမ်းပါးမှုလျော့ပါးရေးနဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကိုအားပေးခြင်းပဲဖြစ်ပါတယ်။ ဖွင့်ပွဲအခမ်းအနားကို ည ၆ နာရီမှာ စတင်ခဲ့ပြီး အာရှဒေသဆိုင်ရာဥက္ကဋ္ဌက မိန့်ခွန်းပြောပါတယ်။ ကျွန်တော့်ကို ၁ နာရီ မိန့်ခွန်းပြောခွင့်ပေးပါတယ်။ ကျွန်တော်က တရားသော ကုန်သွယ်မှုလှုပ်ရှားမှု အာရုံစိုက်သင့်တဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်တွေကို တင်ပြခဲ့ပါတယ်။

အမှန်တော့ ဒီလှုပ်ရှားမှုဟာ တစ်ကမ္ဘာလုံးက လက်ခံထားတဲ့ စဉ်ဆက်မပြတ်ရည်မှန်းချက် (၁၇) ချက်ကို ထောက်ခံအားပေးခြင်းသာဖြစ်ပါတယ်။ ပရိသတ်တွေကိုကြည့်ပြီး ချီးကျူးမိတယ်။ သူတို့ဟာ အရပ်ဘက်အဖွဲ့အစည်းတွေမှာ တာဝန်ယူနေကြသူ ကျေးရွာ/ရပ်ကွက်လူထုတွေနဲ့ ရင်းနှီးတဲ့သူတွေ ဆင်းရဲမှုကို ကိုယ်တိုင်ကိုယ်ကျရင်ဆိုင်နေပြီး လိုအပ်တဲ့အဖြေတွေကို ပေးနိုင်ဖို့ကြိုးစားခဲ့တယ်။

ကျွန်တော့်ရဲ့ တင်ပြချက်မှာ မနက်က ဆင်ခြေခဲ့တဲ့ လွတ်လပ်တဲ့ကုန်သွယ်မှုကို အားပေးဖို့လိုပြီး ပိုပြီးတရားမျှတအောင် ကြိုးစားသင့်ကြောင်း အကြံပြုခဲ့ပါတယ်။ လွတ်လပ်သော ကုန်သွယ်မှုကို အတိုက်အခံမလုပ်ဘဲ ကုန်သွယ်မှုကို ပိုမိုမျှတအောင်ကြိုးစားသင့်ကြောင်း ပြောခဲ့ပါတယ်။ တစ်ဖက်ကလည်း ပရိသတ်တွေကို ၁၉၄၅ ခုနှစ်က ကုလသမဂ္ဂ တည်ထောင်စဉ် လက်ခံခဲ့တဲ့ လွတ်လပ်မှုသုံးရပ်ကိုလည်း တင်ပြခဲ့တယ်။ ပထမလွတ်လပ်မှုက အကြောက်တရားက လွတ်လပ်မှုဖြစ်ပြီး ဒုတိယလွတ်လပ်မှုက ကြောင့်ကြခြင်းက လွတ်လပ်မှုဖြစ်တယ်။ နောက်ဆုံးလွတ်လပ်မှုကတော့ တန်ဖိုးရှိအသက်ရှင်မှုပဲဖြစ်တယ်။ အမှန်တော့ ကျွန်တော်တို့ အားလုံးဟာ ဒီလွတ်လပ်မှုသုံးရပ်ကို လိုလားကြတယ်။ တမ်းတကြပါတယ်။ ဒီလွတ်လပ် မှုသုံးရပ်ကိုစုပေါင်းပြီး ပိုမိုပြည့်စုံတဲ့ လွတ်လပ်မှုလို့ သတ်မှတ်ပါတယ်။

ပွဲနှစ်ပွဲတစ်ရက်တည်းလုပ်ပြီး အခြေအနေအခြေခံတွေက မတူကြပေမယ့် ထူးခြားတာက ကုန်သွယ်မှုအပေါ် အမြင်နှစ်ခုခုနဲ့သုံးသပ်ခြင်းသာဖြစ်တယ်။ တစ်ဖက်က ကုန်သွယ်မှုဟာ လွတ်လပ်ဖို့လိုအပ်သလို တစ်ဖက်ကလည်း တရားမျှတဖို့ လိုအပ်ကြောင်း သတိပြုပါတယ်။

မြန်မာနိုင်ငံဟာ အေအီးစီအဖွဲ့ဝင်ဖြစ်ရုံမက အနောက်ဘက်မှာရှိတဲ့ တောင်အာရှနိုင်ငံတွေနဲ့လည်း နယ်ခြားစပ်နေပါတယ်။ တစ်ကမ္ဘာလုံးမှာရှိတဲ့ နိုင်ငံတွေအနက် စီးပွားရေး အင်အားအနေနဲ့ နံပါတ်(၂)ဖြစ်တဲ့ တရုတ် ပြည်နဲ့ မကြာမီ နံပါတ်(၃)ဖြစ်တော့မယ့် အိန္ဒိယပြည် အကြားမှာရှိနေတဲ့ မြန်မာနိုင်ငံရဲ့စီးပွားရေးအလားအလာဟာ အလွန်ကောင်းမွန်လှပါတယ်။

ရောဝတီမြစ်ဖြတ် ကူးတို့လိုင်း ရေယာဉ်အသက်ကယ်ဝတ်စုံများပေးအပ်

သရက် နိုဝင်ဘာ ၁၃

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နှင့် အောင်လံမြို့ ဧရာဝတီမြစ်ဖြတ်ကူး ရွှေပြည်သစ် ကူးတို့လိုင်းတွင် ခရီးသွားလုပ်သားပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ သဘာဝမုန်တိုင်းအန္တရာယ်ကာကွယ်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့လှူဒါန်းသော ရေယာဉ်အသက်ကယ်ဝတ်စုံ (Life Jacket) များ စက်လေ့ပဲ့ထောင်တွင်ထားရှိနိုင်ရန် ပေးအပ်လှူဒါန်းပွဲကို သရက်မြို့ ကူးတို့ဆိပ်ကမ်း၌ နိုဝင်ဘာ ၁၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။

သရက်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးအောင်တို့က ဝတ်စုံများ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး အသက်ကယ်ဝတ်စုံ ၆၈ ထည်အား စက်လေ့ပိုင်ရှင်များနှင့် ဂိတ်မှူးတို့ထံပေးအပ် လှူဒါန်းခဲ့သည်။

ခရီးသွားပြည်သူများအနေဖြင့် ရေယာဉ်အသက်ကယ်အင်္ကျီကို ခရီးစဉ်တွင် ဝတ်ဆင်ထားပြီး ခရီးလမ်းဆုံးသည့်အခါ ရေယာဉ်ပိုင်ရှင်ထံပြန်လည်အပ်နှံထားရမည် ဖြစ်သည်။ ဝတ်စုံများကို ခရီးသွားပြည်သူများအား မီးသတ်တပ်ဖွဲ့ဝင်များက ဝတ်ဆင်ပေးခဲ့ကြောင်း သိရသည်။

ပေါက်ကလေး(သရက်)

လျှော်ဖြူစိုက်ပျိုးခြင်းဖြင့် တောင်သူဝင်ငွေတိုးတက်အောင်ဆောင်ရွက်

ဇင်ဦး(မြန်မာ့အလင်း) ◆
ဓာတ်ပုံ - သီဟစည်သူ

တောင်သူများ ဝင်ငွေတိုးတက်စေရေး အတွက် အညာမြေတစ်ဝန်း လျှော်ဖြူ လွှမ်းဖို့ဟူသော ဆောင်ပုဒ်နှင့်အညီ ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း လျှော်ဖြူပျိုးပင်သုံးသန်းအား မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် လူတိုင်း လျှော်ဖြူစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါလျှော်ဖြူစိုက်ပျိုးမှုကြောင့် ဒေသခံတောင်သူများ နှစ်ရှည်သီးနှံဖြင့် ဝင်ငွေတိုးတက်မှုရှိကြောင်း ဝမ်းတွင်းမြို့နယ် ဒေသခံအစုအဖွဲ့ပိုင် လျှော်ဖြူစိုက်ခင်းဥက္ကဋ္ဌ ဦးအုန်းညွန့်က ပြောသည်။ လျှော်ဖြူ ဈေးကွက်အနေဖြင့် ယခင်က တစ်ပိသာလျှင် ငွေကျပ် ၈၀၀၀၊ ၁၀၀၀၀ ခန့်သာရှိခဲ့သော်လည်း ယခု ဆိုလျှင် အကြမ်းဖျင်း ပေါက်ဈေးအရ ရေခဲသီးဟုခေါ်သည့် လျှော်ဖြူစေး အဖြူ လုံးတစ်ပိသာလျှင် ငွေကျပ် ၃၀၀၀၀ နှင့် အစေးအမျှင်များကို တစ်ပိသာလျှင် ငွေကျပ် ၄၀၀၀၀ ရောင်းချလျက်ရှိကြောင်း သိရသည်။ လျှော်ဖြူစိုက်ပျိုးမှု တစ်ဧကလျှင် တစ်ရက်ဝင်ငွေ ငွေကျပ်နှစ်သိန်းခွဲ ခန့်ရှိပြီး လုပ်သားငှားခ၊ သယ်ယူခများ အတွက် ငွေကျပ် ၂၅၀၀၀ ခန့် သာကျသင့်သည့်အတွက် အမြတ်ငွေကျပ် ၁၈၀၀၀ ခန့် ကျန်ရှိကြောင်းနှင့် မိသားစုတစ်စုလျှင် လျှော်ဖြူငါးဧကခန့်ရှိလျှင် စီးပွားဖြစ်လာပြီးလူနေမှု အဆင့်အတန်းပါမြင့်မားလာနိုင်ကြောင်း လျှော်ဖြူစိုက်ခင်းဥက္ကဋ္ဌက ပြောသည်။

"ကျွန်တော့်အနေနဲ့ ၁၉၆၆ - ၁၉၆၇ ခုနှစ်မှာ လျှော်ဖြူနဲ့ပတ်သက်ပြီး စိတ်ဝင်စားခဲ့တာ ၂၀၀၄ ခုနှစ်မှာတော့ သစ်တောဦးစီးဌာနကနေပြီး စိုက်ခွင့်ပေးတဲ့အတွက်ကြောင့် လျှော်ဖြူစိုက်ပျိုးသူ ၈၄ ဦးကို ဦးဆောင်ပြီး လျှော်ဖြူစိုက်ပျိုးသူများအဖွဲ့ ဥက္ကဋ္ဌအဖြစ် လျှော်ဖြူစိုက်ပျိုးဧက ၅၅၀ ကို ဦးဆောင်ပြီးတော့ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူအဖြစ် လုပ်ကိုင်ခဲ့ပါတယ်။ ဘာလို့ စိုက်ဖြစ်လဲဆိုတော့ ရိုးစုန်ရွာဆိုတဲ့ရွာလေး တောင်ခြေမှာပေါက်နေတဲ့ လျှော်ဖြူပင်တွေကို အစေးခွာပြီး ရောင်းတာကို ပွဲစားတွေက ဝယ်တဲ့အခါမှာ သူတို့ရဲ့ဝင်ငွေလေး ကောင်းနေတာကို တွေ့ပြီး စိတ်ဝင်စားလာခဲ့တယ်။ လွန်ခဲ့တဲ့ လေးနှစ်လောက်ကစပြီး ကုန်ကျစရိတ်နည်းတယ်။ လျှော်ဖြူဝင်ငွေဟာ ကောင်းလာတဲ့အတွက်ကြောင့် စိုက်ပျိုးသူတွေအတွက် အကျိုးရှိလာပါတယ်။ ကျွန်တော်တို့ကလည်း ဒီအပင်တွေကို မထိရက် မကိုင်ရက်ကိုင်းကျိုးမှာတောင် စိုးရိမ်ပြီး ပြုစုစိုက်ပျိုးနေတာဖြစ်တဲ့အတွက်ကြောင့် သစ်တော့ထိန်းသိမ်းမှု အနေနဲ့လည်း ဖြစ်သွားတာပါ" ဟု ၎င်းကပြောသည်။

စိုက်ပျိုးပုံအဆင့်ဆင့်မှာ တစ်ပင်နှင့် တစ်ပင်အကြား ၁၅ ပေအကွာ တစ်ဧကလျှင် အပင် ၂၀၀ ဝင်၍ ပေ ၂၀ အကွာ စိုက်ပျိုးပါက အပင် ၁၀၀ ခန့်သာ စိုက်ပျိုးနိုင်ပြီး တစ်ပင်နှင့်တစ်ပင်ကြား နီးကပ်လွန်းပါကလည်း အစေးထွက်ရှိမှုလျော့နည်းနိုင်ကြောင်း သိရသည်။ မျိုးစေ့အနေဖြင့် တစ်နိုင်ငံလုံးနေရာအနှံ့ရရှိနိုင်ပြီး ယခုလက်ရှိပေါက်ဈေးမှာ အစေးထွက်သည့် အာမခံအစေ့ ၄၀၀၀ ပါတစ်ပြည်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းနှင့် ရိုးရိုးအစေ့ ၄၀၀၀ ပါ တစ်ပြည်လျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိသည်။

လျှော်ဖြူပင်သည် အပူပိုင်းဒေသတွင် ပေါက်ရောက်ပြီး အိန္ဒိယနိုင်ငံ တောင်ပိုင်း၊ အနောက်ပိုင်းနှင့် မြန်မာနိုင်ငံတို့တွင် ပေါက်ရောက်နိုင်သည်။ ရွက်ကြွေအပင်လတ် အမျိုးအစားဖြစ်ကာ ပင်စည်တိုတောင်း တောင့်တင်း၍ အခေါက်ကို ဓားဖြင့်ခုတ်လိုက်ပါက ဖြစ်ပေါ်လာသော မန်းတက်ဒဏ်ရာမှ ဂလူးကို့(စ်)ဓာတ်ပါ အစေးများကို ခွာယူရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသစ်စေ့အားအလွယ်တကူ စိုက်ပျိုးနိုင်ပြီး ရေစီးရေလာကောင်းမွန်၍ သဲနုန်းဆန်သော ဆင်ခြေလျှောနေရာများတွင် အဖြစ်မြန်သည်ဟု သိရသည်။ အပင်စိုက်ပျိုးပြီး သုံးနှစ်အကြာတွင် အစေးထုတ်ယူနိုင်သဖြင့် အပင်အောက်ခြေတစ်ပေခွဲခန့်မှ စတင်၍ အပင်၏အခေါက်ကို ဓားထစ်ပေးရသည်။ ဓားထစ်ရာတွင်လည်း တစ်ခုနှင့် တစ်ခု လက်မဝက်ခန့်ခွာ၍ ပြုလုပ်ပေးရသည်။ ထို့နောက် တစ်လအကြာတွင် မန်းတက်လာကာ အဆိုပါ မန်းတက်ရာအားဓားဖြင့် ထစ်ပါကအစေးများ ထွက်ရှိလာကာ ခွာယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

"လျှော်ဖြူစေးကို ကားမှန်တွေ လုပ်တဲ့ Fibre တွေထဲမှာ သုံးပါတယ်။ နောက် တစ်ခုက ထိုင်းကထုတ်တဲ့ ငှက်သိုက်အားဆေး ထုတ်လုပ်တဲ့နေရာမှာလည်း လျှော်ဖြူစေးကို ငှက်သိုက်နဲ့ ရောစပ်ထုတ်လုပ်ပါတယ်။ အဲဒီငှက်သိုက်အားဆေးရည်မှာက ငှက်သိုက်အစစ်က ၁၀ ရာခိုင်နှုန်းပါပြီးတော့ လျှော်ဖြူက ၉၀ ရာခိုင်နှုန်းပါပါတယ်။ ငှက်သိုက်က ခုလက်ရှိ ပေါက်ဈေးငွေကျပ် သိန်း ၃၀ ခန့်ရှိနေပြီးတော့ လျှော်ဖြူက တစ်ပိသာကို ငွေကျပ် ၃၀၀၀၀ ဆိုတော့ ဈေးက အလွန်ကွာဟနေတော့ လျှော်ဖြူကို ပဲဝယ်သုံးတာများပါတယ်။အခုနောက်ပိုင်း တရုတ်နိုင်ငံကထုတ်တဲ့ ဆိုင်ကယ်လုပ်တဲ့ ထုတ်ကုန်တွေမှာလည်း လျှော်ဖြူစေးကို အသုံးပြုနေတယ်လို့ သိရပါတယ်။ တရုတ်ဝယ်လက်ကလည်း အလွန်ကြမ်းတဲ့အတွက်ကြောင့်မို့ ဒီမှာ ဈေးတက်နေပါတယ်။ အခုလက်ရှိမှာ ကျွန်တော်တို့ ဧက ၅၅၀ က ထွက်တဲ့ လျှော်ဖြူတွေကိုတော့ တရုတ်နဲ့ ထိုင်းနိုင်ငံကပွဲစားတွေက လာဝယ်ပါတယ်" ဟု ဦးအုန်းညွန့်က ဆက်လက်ပြောပြသည်။

တစ်ရက်လျှင် အပင်တစ်ပင်၏ အထွက်နှုန်းမှာ တစ်ကျပ်သားမှ သုံးကျပ်သားအထိ ထွက်ရှိနိုင်ပြီး နှစ်စဉ်ဇွန်လခန့်မှစ၍ ဒီဇင်ဘာလအထိအစေးများ ထုတ်ယူနိုင်ပြီး ရေပေးနိုင်ပါက တစ်နှစ်ပတ်လုံးထုတ်ယူနိုင်မည် ဖြစ်ကြောင်း သိရသည်။ လျှော်ဖြူ တစ်ဧကလျှင် အပင် ၂၀၀ ပါ စိုက်ခင်းတစ်ခု၏ တစ်နှစ်ဝင်ငွေမှာ အမြတ်ငွေကျပ်သိန်း ၂၀ ခန့်ရှိကြောင်း သိရသည်။

အချိန်အခါမဟုတ်မိုးကြောင့် စပါးခင်းများပျက်စီး

ကေဇူး (AMIA)

ပြီးခဲ့သည့်ရက်ပိုင်းက အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့မှ ရိတ်သိမ်းရမည့်စပါးခင်းများ ပျက်စီးသွားသည်ဟု တောင်သူများထံမှ သိရသည်။

ယခုအချိန်အခါသည် တိုင်းဒေသကြီး၊ ပြည်နယ်အများစုတွင် စပါးမှည့်ရာသီ ဖြစ်သဖြင့် စပါးရိတ်သိမ်းနေသည့် တောင်သူများ အခက်ကြုံနေခြင်း ဖြစ်သည်။

" ရိတ်သိမ်းစက်တွေကလည်း အများကြီးမရှိဘူး။ လူအားနဲ့ပဲ အမိုးအောက်ကိုရောက်ဖို့ ကြိုးစားနေရတယ်။ လယ်သမားတစ်ယောက်မှာ သုံးဧကလောက်တော့ ရိတ်ဖို့ကျန်သေးတယ်"ဟု ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း ပြည်မြို့နယ်က တောင်သူဦးစိုးထွန်းက ပြောသည်။

ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ လယ်ဧကအချို့တွင် စပါးများပျက်စီးသွားပြီး ရိတ်သိမ်းပြီးသားစပါးများကို အခြောက်ခံရေး အတွက်လည်း စိုးရိမ်နေကြခြင်း ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးမျိုးတင့်ထွန်းက "အခုလို ဧကဆယ်နဲ့ချီပြီး ပျက်စီးလာရင် မြို့နယ်စိုက်ပျိုးရေးဦးစီးကို စာတင်ပြီးတော့ သက်သေအထောက်အထားနဲ့ ပြပြီး မြို့နယ်၊ ခရိုင် အဆင့်ဆင့် စာတင်ရင်တော့ အစိုးရက စိုက်စရိတ်ချေးငွေကို ပြန်ဆပ်မယ့်ကာလကို ရွှေ့ဆိုင်းပေးတာတွေ လုပ်ပေးလို့ရပါတယ်"ဟု ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် စပါးမှည့်ချိန်မရောက်သေးသဖြင့် ထိခိုက်၊ ပျက်စီးမှုလျော့နည်းခဲ့သည်ဟု တောင်သူများထံမှ သိရသည်။ ယခုနှစ် မိုးရာသီ စပါးစိုက်ပျိုးချိန်ကလည်း မိုးများပြီး ရေကြီးသဖြင့် စိုက်ဧကအချို့ ပျက်စီးခဲ့သည်။

မိုးရွာသွန်းမှုကြောင့် အခင်းစိုက်တောင်သူများ၏ ပဲမျိုးစုံစိုက်ခင်းများ ဧက ၂၀၀ ကျော် ရေနစ်ဆုံးရှုံး

ဦးကျော်ခဲ . . . .

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်၌ နိုဝင်ဘာပထမပတ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အခင်းစိုက်တောင်သူများ၏ ပဲမျိုးစုံစိုက်ခင်းများ၊ စပါးပျိုးခင်းများ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"မဲဇာချောင်းကတက်လာတဲ့ရေနဲ့ ဧရာဝတီမြစ်ရေဆုံပြီး တိုးလိုက်လို့ အခုလို မြန်မြန်ဆန်ဆန်ကြီး နစ်သွားတာပါ။ ရေကျတာမြန်ရင် တချို့တစ်ဝက်ပြန်ရနိုင်ပါတယ်။ အခုလို ရေစိမ်ကြာနေရင်တော့ ပြန်မကောင်းနိုင်တော့ပါဘူး။ ပြန်စိုက်ဖို့ဆိုရင်လည်း ရာသီကမမီနိုင်တော့လို့ သီးနှံများအထွက်နှုန်းလျော့မယ်။ မျိုးဈေးကလည်း အဆမတန်တက်လာတော့မယ်"ဟု ဝန်လိုကုန်းရွာ တောင်သူတစ်ဦးက ပြောသည်။ အဆိုပါမိုးရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ရေဝအုပ်စုအတွင်း ကွင်းအမှတ် (၈၄၄ ၊ ၈၄၇) တို့တွင် စိုက်ပျိုးထားသော တောင်သူ ၉၂ ဦးတို့၏ မတ်ပဲ ၁၀၆ ဒသမ ၅၀ ဧက ၊ မြေပဲ ၅ ဧက ၊ မြေထောက်ပဲ ၃၅ ဒသမ ၅၀ ဧက ၊ စားတော်ပဲ ၆၀ ဒသမ ၅၀ ဧက နှင့် စပါးစိုက်ခင်း ၂၇ ဧက စုစုပေါင်း ၂၃၄ ဒသမ ၅၀ ဧက ပျက်စီးဆုံးရှုံးမှုကြောင့် အခင်းစိုက်တောင်သူများ စိုးရိမ်ပူပန်နေကြောင်း သိရသည်။

သနပ်ခါးပင်များကို ခြံပြတ်စနစ်ဖြင့် ဝယ်ယူမှုပိုများလာ

ကေဇူး (AMIA)

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်နယ်ထွက် မြန်မာ့သနပ်ခါးပင်များကို ခြံပြတ်စနစ်ဖြင့် ဝယ်ယူမှုပိုများလာကြောင်း အရာတော်ဒေသ သနပ်ခါးစိုက်ပျိုးသူများထံမှ သိရသည်။

ယခင်က တစ်ပင်ချင်းစီ စိတ်ကြိုက်ဝယ်ယူကြသော်လည်း ယခုနှစ်မှစတင်၍ ခြံပြတ်ဝယ်ယူသည့်စနစ်သို့ ပြောင်းလဲဝယ်ယူလာခြင်းဖြစ်ကြောင်း အရာတော်ဒေသမှ သနပ်ခါးစိုက်တောင်သူ ဦးမောင်အောင်က ပြောသည်။

" ခုလိုဝယ်ယူတာက ဈေးကောင်းရပေမယ့် တစ်သီးသာခုတ်လဲ့ရတယ်"ဟု ၎င်းကပြောသည်။သနပ်ခါးစိုက်ပျိုးရာတွင် အနည်းဆုံး သုံးနှစ်မှ ငါးနှစ်အထိ စိုက်ပျိုးပြီး ငါးနှစ် သားအရွယ် သနပ်ခါးတစ်ပင်လျှင် ငွေကျပ် ၁၀၀၀၀ ဝန်းကျင်ခန့် ဈေးရကြောင်း သိရ သည်။

မြန်မာ့သနပ်ခါးကို စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်၊ မုံရွာမြို့နယ်၊ ဘုတလင်မြို့နယ်တို့တွင် အများဆုံးစိုက်ပျိုးကြပြီး မြန်မာပြည်အနှံ့ တင်ပို့ရောင်းချခြင်း ဖြစ်သည်။ လက်ရှိတွင် ရွှေဘိုသနပ်ခါးကို မြန်မာ့မျိုးရင်းအဖြစ် အသိအမှတ်ပြုရန် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ တင်ပြထားကြောင်း သိရသည်။

အပူရှောင်စပါးမျိုးသစ်များ ၂၀၁၇ ခုနှစ် မိုးစပါးချိန်၌ မျိုးသစ်မှတ်ပုံတင်နိုင်ပြီး မကြာမီ တောင်သူများထံဖြန့်ဖြူးနိုင်တော့မည်

ရေဆင်းတက္ကသိုလ်စိုက်ခင်းရှိ အပူဒဏ်ခံစပါးမျိုး စမ်းသပ်စိုက်ခင်းများတွင် ပန်းပွင့်ချိန်များကိုမှတ်တမ်းယူနေစဉ်

ဇူလိုင်မိုး(မြန်မာ့အလင်း)

ဓာတ်ပုံ-ဒေါက်တာသန်းမြင့်ထွန်း

အပူရှောင်စပါးနှင့် အပူဒဏ်ခံစပါး စပါးမျိုးသစ်များကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ သုတေသနလုပ်စမ်းသပ်လျက်ရှိရာ လာမည့် ၂၀၁၇ ခုနှစ် မိုးစပါးချိန်၌ မှတ်ပုံတင် တင်ပြီး မကြာမီ တောင်သူများထံသို့ စတင်ဖြန့်ဖြူးနိုင်တော့မည်ဖြစ်ကြောင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် သတင်းအရင်းအမြစ်တစ်ခုမှ သိရသည်။

"ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) နဲ့ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနတို့ ပူးပေါင်းပြီး မျိုးထုတ်ထားတာဖြစ်ပါတယ်။ အဲဒီမျိုးထုတ်လုပ်မှုကိုမှ ဂျပန်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားတို့မှာ စမ်းသပ်တယ်။ ပြီးတော့ မြန်မာနိုင်ငံမှာလည်း စမ်းသပ်တယ်။ အဲဒီလုပ်ဆောင်ချက်ကို ၂၀၁၄ ခုနှစ်လောက်ကတည်းကစပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှာ စမ်းသပ်တာပါ။ အဲဒီတုန်းကတော့ စမ်းသပ်ကာလပဲဖြစ်တယ်။ အခုတော့ အပူရှောင်စပါးမျိုးသစ်တစ်မျိုးအနေနဲ့ မျိုးသစ်တစ်မျိုးဖြန့်ဖြူးနိုင်ရေးအတွက် ပွင့်ဖြူနဲ့ မှော်ဘီတို့မှာရှိတဲ့ မျိုးသန့်ခြံတွေနဲ့ ရေဆင်းတို့မှာ မျိုးသစ်အသိအမှတ်ပြုလက်မှတ်ရနိုင်ရန် အခုမိုးရာသီ စမ်းသပ်စိုက်ပျိုးနေတာ ခိုင်လုံမှုရှိသွားပြီဖြစ်ပါတယ်။ အပူချိန်ကို အဓိကစမ်းသပ်တာဖြစ်တဲ့အတွက် နွေရာသီမှာပါ ထပ်စမ်းသပ်ဖို့လိုတယ်။ အဲဒါကြောင့် ၂၀၁၆နွေရာသီမှာလည်း အဲဒီနေရာတွေမှာထပ်ပြီး စမ်းသပ်စိုက်ပျိုးသွားမှာပါ။ နွေသီးနှံပြီးတာနဲ့ ၂၀၁၇ မိုးရာသီမှာ မျိုးစေ့ထုတ်လုပ်နိုင်ပြီး များများမကြာမီ အချိန်မှာတော့ တောင်သူတွေဆီကို ဖြန့်ပေးနိုင်မှာပါ။ မျိုးသစ်ထုတ်လုပ်တဲ့အခါ တစ်နေရာတည်းမှာပဲ စမ်းသပ်ပြီး အောင်မြင်တာကိုလက်မခံပါဘူး။ အနည်းဆုံး နေရာသုံးနေရာလောက်မှာ စမ်းသပ်အောင်မြင်မှ မျိုးသစ်ထုတ်ခွင့်ရှိ ပါတယ်။ အနည်းဆုံး နှစ်ရာသီစမ်းသပ်စိုက်ပျိုးရပါတယ်။ နှစ်ရာသီစိုက်ပြီးလို့ လက်ရှိမြန်မာပြည်မှာ စိုက်နေကြတဲ့ မနောသုခ လိုဟာမျိုး အထွက်နှုန်းကောင်းမယ်၊ အပင်အရပ်လည်းပုမယ်ဆိုရင် တောင်သူတွေကလက်ခံမယ်။ အဲဒါကြောင့် ဒီနှစ်ရာသီမှာစမ်းသပ်ပြီးတာနဲ့ တောင်သူတွေကို ပြန်ပြရမှာဖြစ်ပါတယ်။ ဒီလိုမျိုး တောင်သူတွေကတော့ အသိအမှတ်ပြုလိုက်ပြီ။ သူတို့ကလက်ခံပြီဆိုရင် စပြီး တော့ဒီမျိုးကို ဖြန့်ဖြူးတော့မှာဖြစ်ပါတယ်" ဟု အပင်မျိုးမွေးမြူရေး အပင်ဇီဝကမ္မဗေဒနှင့် ဂေဟဗေဒဌာနမှ ကထိက ဒေါက်တာ သန်းမြင့်ထွန်းက ပြောသည်။

ပြောင်းလဲလာသော ရာသီဥတုနှင့် ကိုက်ညီသည့်စပါးမျိုး တောင်သူများရရှိရေးအတွက် နိုင်ငံတကာနှင့်ပူးပေါင်းကာ မျိုးစပါးအသစ်များကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် စမ်းသပ်စိုက်ပျိုးနေကြောင်းသိရသည်။

အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ သုတေသနအေဂျင်စီမှ ပညာရှင်တစ်ဦးပူးပေါင်း၍ နောင်ဖြစ်လာမည့်ပြဿနာကို ကြိုတင်ဖြေရှင်းနိုင်ရန် အတွက် အပူရှောင်နှင့်အပူဒဏ်ခံမျိုးကို စတင်စမ်းသပ် ထုတ်တာဖြစ်သည်ဟု ပြောသည်။

"စပါးအထွက်နှုန်းအနေနဲ့ကတော့ ပြောလို့မရသေးပါဘူး။ ဒါပေမယ့် အခုမိုးစပါး ရိတ်သိမ်းပြီးရင်တော့ ပြောနိုင်မှာဖြစ်ပါတယ်။ အပူဒဏ်ခံ စပါးမျိုးသစ်အထွက်နှုန်းကို မနောသုခ(၂)နဲ့ ဆင်းသုခတို့ရဲ့ အထွက်နှုန်းနဲ့ယှဉ်ပြီး စမ်းခိုင်းထားပါတယ်။ အပူဒဏ်ခံနိုင်တဲ့ မျိုးက ဝတ်မှုန်များများကျမယ်။ ဝတ်မှုန်များများကျရင် မျိုးအောင်တဲ့နှုန်းများပြီး အထွက်နှုန်းကောင်းမယ်။ ဝတ်မှုန်ကျနည်းနဲ့မျိုးကျတော့ မျိုးအောင်နှုန်းနည်းပြီး အထွက်နှုန်းမှာ ကျနိုင်ပါတယ်။ ဆန်သားအနေနဲ့လည်း ပြည်သူတွေစားသုံးနိုင်တဲ့ ဆန်သားမျိုးရအောင် စမ်းသပ်ထားပါတယ်။ နောက်ထပ်လည်း ကျောင်းအနေနဲ့ မျိုးသစ်တွေသုတေသနလုပ်ဖို့ အများကြီးရှိပါသေးတယ်။ တောင်သူတွေဆီကို မျိုးသစ်တွေအမြန်ဆုံးဖြန့်ဖြူးနိုင်ဖို့ဆိုတာက နည်းပညာအခက်အခဲတွေကြောင့် အချိန်အတိုင်းအတာတစ်ခုထိတော့ စောင့်ဖို့လိုပါမယ်" ဟု ထင်းက ပြောသည်။

ယခုအခါ စိုက်ပျိုးရေးတက္ကသိုလ်မှ အထွက်နှုန်းကောင်းသည့် စပါးမျိုး၊ သက်တမ်းတိုစပါးမျိုးနှင့် အပင်ယိုင်လဲမှုဒဏ်ခံနိုင်မည့် စပါးမျိုးများကိုလည်း စမ်းသပ်လျက်ရှိပြီး အနီးပတ်ဝန်းကျင်ရှိတောင်သူများကိုယ်တိုင် ကြိုက်နှစ်သက်သည့်မျိုးကို ရွေးချယ်စိုက်ပျိုးနိုင်ရန် မျိုးရွေးချယ်ခြင်းတို့ကိုလည်း ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ရာသီဥတု ပြောင်းလဲလာသည်နှင့်အမျှ တစ်နေ့တခြား ပူပြင်းလာတယ်။ နောက်ရာသီတွေမှာ အပူချိန်ထပ်ပြီး တက်လာရင် ဒီလိုစပါးမျိုးတွေစိုက်မှ အထွက်နှုန်းကကောင်းမယ်။ နောင်ဖြစ်လာမယ့် အခြေအနေအပေါ်မူတည်ပြီး ကြိုပြီး စမ်းသပ်တာပါ။ တကယ်လို့ပူလာပြီဆိုရင် ကိုယ့်မှာမျိုးရှိတဲ့အတွက် ကြောင့် ချက်ချင်းဒီဟာကိုစိုက်တော့ဆိုပြီး တန်းပေးလို့ရတယ်။

ဥပမာပြောရမယ်ဆိုရင် ဧရာဝတီတိုင်းဒေသကြီးမှာ နာဂစ်ဖြစ်တုန်းက ရေငန်ဝင်တယ်။ အဲဒီအချိန်မှာ ချက်ချင်းအစားထိုးစိုက်ပျိုးဖို့ ဆားငန်ဒဏ်ခံနိုင်တဲ့ စပါးမျိုးကသိပ်မရှိသေးဘူး။ အဲဒီမှာ အခက်တွေ့ခဲ့တာတွေရှိတယ်။ အဲဒါကြောင့် ဒီနှစ်ရာသီဥတုက ပိုပူလာတယ်။ သာမန်စိုက်နေတဲ့ စပါးမျိုးတွေကလည်း အထွက်နှုန်းကျနေပြီဆိုရင် ဒီအပူဒဏ်ခံ စပါးမျိုးကိုတန်းပြီး စိုက်ခိုင်းလို့ရပြီ" ဟု ဒေါက်တာသန်းမြင့်ထွန်းက အပူဒဏ်ခံစပါးနှင့် စပ်လျဉ်း၍ သူ၏ စမ်းသပ်တွေ့ရှိချက်ကို ရှင်းပြသည်။



အပူဒဏ်ခံစပါးမျိုးများကို မျိုးလိုင်းခွဲ၍စမ်းသပ်စိုက်ပျိုးထားစဉ်

ရွှေတောင်(၈) ချည်မျှင်ရှည်ဝါစိုက်ကွင်း သရုပ်ပြပွဲကျင်းပ

တင်အောင်ဝင်း

ပခုက္ကူမြို့နယ် မြစ်ခြေအုပ်စု သိမ်တော်ကျေးရွာ တောင်သူဦးထွန်းရင်၏ ရွှေတောင်(၈)ချည်မျှင်ရှည်ဝါ စိုက်ကွင်း သရုပ်ပြပွဲကို နိုဝင်ဘာ ၈ ရက်က စိုက်ခင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးရန်နိုင်ဝင်းက အမှာစကားပြောကြားပေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်က စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်ကောင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရည်ရည်မွန်က ချည်မျှင်ရှည်ဝါသိပ်ပံနည်းကျ စိုက်ပျိုးရေးနည်းလမ်းကောင်းများအကြောင်း ရှင်းလင်းဆွေးနွေးသည်။ စိုက်ကွင်းသရုပ်ပြပွဲကို သိမ်တော်ကျေးရွာ ပတ်ဝန်းကျင်မှ ဝါစိုက်တောင်သူများ တက်ရောက်ကြပြီး ရွှေတောင် (၈)ချည်မျှင်ရှည်ဝါစိုက်ခင်းအား ဝါသိပ်ပံနည်းကျ စိုက်နည်းစနစ် ၁၀ ချက်နှင့် စိုက်ပျိုးထားသော စိုက်ခင်းဖြစ်ကြောင်း သိရသည်။

ရွှေတောင်(၈)ချည်မျှင်ရှည်ဝါစိုက်ခင်းအား တောင်သူများလာရောက်လေ့လာစဉ်

တစ်ဧကလျှင် ဝါပေါသာချိန် ၁၀၀၀ ရရှိနိုင်ရေးအတွက် မျိုးစေ့၊ နည်းပညာ၊ စိုက်နည်းစနစ်များကို ပခုက္ကူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကူညီပံ့ပိုးပေးထားပြီး မြစ်ခြေရှေ့တန်းစခန်းနယ်မြေအတွင်း စိုက်ဧက ၂၆၀၀ စိုက်ပျိုးထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေးပို့ကုန်များ နိုင်ငံတကာဈေးကွက်ရရှိရေး ပြည်ပမှစက်ပစ္စည်းများဖြည့်ဆည်းရန် စီစဉ်နေ

ကေဇူး (AMIA)

မြန်မာနိုင်ငံမှ စိုက်ပျိုးရေးပို့ကုန်များကို နိုင်ငံတကာသို့တင်ပို့ရာတွင် သတ်မှတ်ထားသော စံနှုန်းများတိုင်းတာရန်အတွက် ခေတ်မီစက်ကိရိယာများနှင့် အရည်အသွေးတိုင်းတာစက်များကို ပြည်ပမှဝယ်ယူဖြည့်ဆည်းရန်စီစဉ်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။

"ကျွမ်းကျင်ပညာရှင်တွေ မွေးထုတ်ဖို့အပိုင်းမှာလည်းရှိတယ်။ နိုင်ငံတကာအဆင့်မီ စက်ပစ္စည်းတွေ ဝယ်ယူဖို့ကျတော့လည်း နိုင်ငံတကာအကူအညီကို တောင်းခံရမယ့်အပိုင်းတွေရှိတယ်။ ညှိနှိုင်းပြီးတော့ အမြန်ဆုံးဆောင်ရွက်ဖို့ ဆောင်ရွက်နေပါတယ်" ဟု ၎င်းကပြောသည်။

ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန် စီစဉ်နေကြောင်း၊ လာမည့် ၂၀၁၇ ခုနှစ်တွင် ဆန်စပါးအရည်အသွေး တိုင်းတာစက်နှင့် ပဲအမျိုးမျိုးအတွက် ဓာတ်ခွဲခန်းများကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယမန်နှစ်က တရုတ်နိုင်ငံသို့ ဆန်တန်ချိန်ခြောက်သိန်းတင်ပို့ရန် အစိုးရချင်းသဘောတူညီထားသော်လည်း သတ်မှတ်အရည်အသွေး မပြည့်မီသည့်အတွက် တရုတ်နိုင်ငံဘက်မှ ဆန်တန်ချိန်နှစ်သိန်းသာဝယ်ယူခဲ့ပြီး အရည်အသွေးပိုင်း အားနည်းသောဆန်များမှာ နယ်စပ်တွင်အဖမ်းအဆီးခံခဲ့ရကြောင်း သိရသည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ပင်လည်ဘူးမြို့နယ် ပေကုန်းကွင်း၌ကျင်းပ

ပင်လည်ဘူး နိုဝင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ခေါက်စင်းအုပ်စု ပေကုန်းကျေးရွာ ပေကုန်းကွင်းအမှတ် (၁၇၆၈)၊ ဦးပိုင်အမှတ် (၄၅)၊ မြေကွက်နံပါတ်(၅၂၇) ဦးတင်လေး၏ လယ်ကွက် မိုးစပါးဆင်းဧကရီ(၃) စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၀ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စပါးစိုက်တောင်သူများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

ပေကုန်းကျေးရွာ တောင်သူဦးတင်လေး၏ မိုးစပါးစံကွက် ဝ ဒသမ ၁၀ ဧကကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း စပါးတင်း ၁၁၀ ထွက်ရှိပြီး ပင်လည်ဘူး မြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများမှာ ဆင်းဧကရီ(၃)မျိုးစပါးကိုသာ အဓိကထား အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

မျိုးလွင်(ပြန်/ဆက်)

စစ်ကိုင်းတိုင်းအတွင်း ပေါ်ဆန်းမွှေးနှင့် ဧရာမင်းမှာ ဈေးကွက်ခိုင်မာသောကြောင့် အောက်ပိုင်းဆန်စပါးဈေးများကဲ့သို့ကျဆင်းဖွယ်မရှိ

မျိုးဝင်းထွန်း(မုံရွာ)
ဓာတ်ပုံ - ကိုတင့် ....

စပါးစိုက်ကွင်းထဲ၌ ပေါင်းရှင်းလင်းခြင်းဆောင်ရွက်စဉ်

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးစပါးများဖြစ်သည့် ပေါ်ဆန်းမွှေးနှင့်ဧရာမင်းမှာ ဒေသတွင်း ဈေးကွက်အပြင် ရန်ကုန်၊ မန္တလေး၊ မကွေး၊ နေပြည်တော်သို့ ပို့ဆောင်ရသည့်အတွက် ဈေးကွက်အခိုင်အမာရှိသောကြောင့် အောက်ပိုင်းဒေသ ဧရာဝတီ၊ ပဲခူးနှင့် ရန်ကုန်ရှိ ဆန်စပါးဈေးများကဲ့သို့ ကျဆင်းဖွယ်မရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များက ခြုံငုံသုံးသပ်ခန့်မှန်းထားသည်။

"စစ်ကိုင်းတိုင်းဒေသကြီးမှာ အခုနှစ် မိုးစပါးတွေအဖြစ် ဧရာမင်း၊ ပေါ်ဆန်းမွှေးစိုက်ဧက ရှစ်သိန်းကျော်၊ မှော်ဘီ-၂၊ ဆင်းဧကရီ-၃ စိုက်ဧက ၃၇၀၀၀၀ကျော်၊ ရွှေသွယ်ရင်၊ မနောသုခ၊ မနော်ဟရီစပါးစိုက်ဧကသုံးသိန်းကျော် စုစုပေါင်းစိုက်ဧက ၁၄ သိန်း ကျော်ကို တန်းမြင့်စပါးအဖြစ် ထုတ်လုပ်ခဲ့တာပါ။ ပေါ်ဆန်းမွှေးနဲ့ ဧရာမင်းက ဒေသတွင်း ဈေးကွက်အပြင် ရန်ကုန်၊ မန္တလေး၊ မကွေး၊ နေပြည်တော်တို့မှာ ဈေးကွက်အခိုင်အမာရှိနေပြီး မှော်ဘီ-၂ နဲ့ ဆင်းဧကရီ-၃က ကချင်ပြည်နယ်နဲ့ တရုတ်၊ ဗန်းမော်ဈေးကွက်ရှိနေတဲ့အတွက် အခုနှစ် မိုးစပါးအထွက်လှိုင်ချိန် ဆန်စပါးဈေးနှုန်းဟာ အောက်ပိုင်းဒေသတွေမှာလို ကျတာမရှိပါဘူး။ အလတ်စပါး ဈေးတစ်တင်းကို ငွေကျပ် ၅၀၀၀၊ ဧရာမင်း၊ ပေါ်ဆန်းမွှေးလို တန်းမြင့်စပါးဈေးဟာ တစ်တင်းကို ငွေကျပ် ၈၀၀၀ အထက် အဖွင့်ဈေးဖြစ်ပေါ်နိုင်ပါတယ်"ဟု ရွှေဘိုခရိုင်ဆန်ကုန်သည်တစ်ဦးက သုံးသပ်ပြသည်။

ရွှေဘိုခရိုင်အတွင်းရှိ ပေါ်ဆန်းမွှေး၊ဧရာမင်း နွေ ၇၄၇ နွေအသွယ်တို့၏ စပါးနှင့်ဆန်ဈေးနှုန်းမှာ အခြေအနေသည် ရွှေဘိုပေါ်ဆန်းမွှေးတင်း ၁၀၀ လျှင် ငွေကျပ် ၁၁၅၀၀၀၀ နှင့် ငွေကျပ် ၁၂၈၀၀၀၀ ဖြစ်ပြီး ဆန်တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀ နှင့် ငွေကျပ်၄၁၀၀၀ဖြစ်သည်။

ထို့အပြင် ဧရာမင်းစပါးတင်း ၁၀၀လျှင် ငွေကျပ် ဆယ်သိန်းနှင့် ဆယ်သိန်းငါးသောင်း ဈေးရှိပြီး ဧရာမင်းဆန်တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀ နှင့် ၄၃၀၀၀ ဖြစ်ပြီး နွေစပါး ၇၄၇ စပါးတင်း ၁၀၀ လျှင် ငွေကျပ် ငါးသိန်းနှင့် ငွေကျပ် ၅၇၅၀၀၀၊ ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀ နှင့် ငွေကျပ် ၂၀၀၀၀၊ နွေအသွယ်တင်း ၁၀၀ လျှင် ငွေကျပ် ၄၉၅၀၀၀ နှင့် ငွေကျပ် ၅၂၀၀၀၀၊ ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀ နှင့် ငွေကျပ် ၂၀၀၀၀ ဈေးများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ယခင်နှစ်က ပေါက်သောဈေးနှင့် နှိုင်းယှဉ်လျှင် ဧရာမင်းစပါးနှင့် ဆန်ဈေးမှာမြင့်၍ အခြားစပါးဆန်ဈေးများ ဈေးအေးနေကြောင်း တိုင်းဒေသကြီးအတွင်းရှိ ဆန်စားသုံးသူများမှာ ရွှေဘိုပေါ်ဆန်းမွှေးထက် ဧရာမင်းဆန်ကို ပိုမိုစားသုံးသော အလေ့အထရှိသောကြောင့် ယခုနှစ် ဧရာမင်းစပါးနှင့် ဆန်ဈေးမြင့်တက်နေခြင်းဖြစ်ကြောင်း သိရသည်။

ခရမ်းချဉ်သီးဈေးနှုန်းမြင့်တက် အိမ်ရှင်မများဈေးဝယ်ခက်

ကျော်ငွေး (ညောင်ဦး) ....

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ဈေးတွင် ခရမ်းချဉ်သီးဈေးနှုန်းမြင့်တက်ပြီး မီးဖိုချောင်အတွက် မိသားစုစားသုံးရန်ဈေးဝယ်ထွက်အိမ်ရှင်မများ ဈေးဝယ်ခက်နေကြောင်း သိရသည်။ "ဝါတွင်းကာလတုန်းက ခရမ်းချဉ်သီးဈေး တစ်ပိဿာ သုံးလေးရာလောက်အထိ ဈေးကျခဲ့တယ်။ ဝယ်လို့လည်း ကောင်းတယ်။ ခရမ်းချဉ်သီးကလည်း

လတ်လတ်ဆတ်ဆတ်ရှိတယ်။ အခုရက်ပိုင်းမှာဝယ်လို့လည်း မကောင်းတော့ဘူး။ လတ်ဆတ်မှုလည်း နည်းတယ်။ တစ်ပိဿာ ငွေကျပ် ၁၇၀၀၊ ၁၈၀၀ ဈေးနှုန်းအထိ မြင့်တက်သွားတယ်။ အဲဒီတော့ ကျွန်မတို့ဈေးဝယ်ထွက် အိမ်ရှင်မတွေ အခက်တွေ့တာပေါ့"ဟု အမျိုးသမီးတစ်ဦးက ပြောသည်။

"ကျွန်မကတော့ ရွာဘက်ကနေကားနဲ့ ဈေးလာဝယ်တာပါ။ မိုးကလည်းရွာနေတယ်။ ဟင်းသီးဟင်းရွက်ကလည်း ဈေးကတက်လာတော့ ဝယ်လို့ခြမ်းလို့မကောင်းဘူး။ ခရမ်းချဉ်သီးဈေးကလည်း ပိုမြင့်လာတယ်။ ခရမ်းချဉ်သီးကလည်း အရောင်းဆိုင်တွေမှာ သိပ်မပေါဘူး။ ခရမ်းခေါင်းသီးဈေးကလည်း တစ်ပိဿာ ငွေကျပ် ၁၅၀၀ ကျော် ၁၆၀၀ လောက် ဈေးမြင့်တယ်။ ဟင်းချက်စားစရာ ဟင်းသီးဟင်းရွက် ဝယ်ရတာလည်းမလွယ်လှပါဘူး။ ဒီရက်ပိုင်းမှာ ဈေးဝယ်လို့ တော်တော်ခက်ပါတယ်"ဟု ကျေးလက်တောရွာမှ မီးဖိုချောင်အတွက် ဈေးဝယ်လာသူ အမျိုးသမီးတစ်ဦးက ပြောသည်။

ဝါသီးနှံအောင်မြင်ဖြစ်ထွန်းမှု သရုပ်ပြပွဲကျင်းပ

ပေါက်ခေါင်း နိုဝင်ဘာ ၁၃

ငွေချည်ခြောက် ချည်မျှင်ချည်ဝါ တစ်ဧက ပိဿာ ၁၀၀၀ နှင့်အထက်ထွက်ရှိမည့် နည်းပညာကို တောင်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် ဝါစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းမှု သရုပ်ပြပွဲအား တိုင်းဒေသကြီး၊ ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် မစိုးရိမ်အုပ်စု မစိုးရိမ်ကျေးရွာကွင်းအမှတ် - ၇၂၃ ရှိ တောင်သူဦးမောင်ဇော်၏ ယာမြေဧက ၅ ဒသမ ၀၀ ပေါ်၌ ကျင်းပခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးမြင့်လွင်၊ ခရိုင်ဦးစီးမှူး ဒေါ်စိန်လှမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငွေး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများနှင့် ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူလယ်သမားများ တက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ဒုတိယတိုင်းဒေသကြီးဦးစီးမှူးတို့နှင့် မြို့နယ်ဦးစီးမှူးတို့က နည်းပညာဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသော တောင်သူလယ်သမားများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဝေဝေ

ယခုတစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

ကေဇူး(AMIA)
ဓာတ်ပုံ - ဟန်စော

ယခုတစ်ပတ်အတွင်း လယ်ယာထွက်ကုန်သီးနှံ ဈေးနှုန်းတွေက အတက်၊ အကျတွေနဲ့ လှုပ်ခတ်နေတာကို တွေ့ရပါတယ်။ သိသိသာသာ ကျဆင်းသွားတာကတော့ ပြည်ပကို အဓိက တင်ပို့နေတဲ့ ပဲစင်းငုံနီ (RC) နဲ့ မတ်ပဲ (FAQ/RC) ဖြစ်ပါတယ်။ နှမ်းရောင်စုံ ဈေးတွေကတော့ ဈေးအနည်းငယ် မြင့်တက်လာပါတယ်။ ပြီးခဲ့တဲ့အပတ်က ထူးထူးခြားခြား ဈေးမြင့်ခဲ့တဲ့ ကြက်သွန်နီတွေကတော့ ယခုတစ်ပတ်မှာ ဈေးပြန်ကျသွားတာကို တွေ့ရပါတယ်။ ဆန်ဈေးတွေကတော့ ဒီတစ်ပတ်လုံးမှာ ပုံမှန်အတိုင်း တည်ငြိမ်နေပါတယ်။

ပဲစင်းငုံနီ (RC) ဈေးသိသိသာသာ ကျဆင်း

ယခုအပတ်မှာ တနလင်္ဂနေ့က ပဲစင်းငုံနီ (RC) တစ်တန်ကို ငွေကျပ် ၉၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး အရောင်းအဝယ် ဖြစ်နေရာကနေ သောကြာနေ့မှာတော့ တစ်တန်ကို ငွေကျပ် ၉၁၀၀၀၀ အထိ ကျဆင်းသွားတာကို တွေ့ရပါတယ်။

တစ်ပတ်အတွင်းမှာ တစ်တန်ကို ငွေကျပ် ၄၀၀၀၀ လောက်ကျ ဆင်းသွားပြီး ပြီးခဲ့တဲ့ အပတ်က ၁၀ သိန်းကျော် အထိ ရှိခဲ့ပါတယ်။

မတ်ပဲ(FAQ/RC)ဈေး စံချိန်တင်ကျဆင်း

အလားတူ ပြည်ပတင်ပို့တဲ့ ပဲအမျိုးအစားတစ်ခုဖြစ်တဲ့ မတ်ပဲ (FAQ/RC)ကတော့ ပြီးခဲ့တဲ့ တနလင်္ဂာက ငွေကျပ် ၁၅၀၀၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ဒီတစ်ပတ် တနလင်္ဂာမှာတော့ ငွေကျပ် တစ်ဆယ့်သုံးသိန်းသုံးသောင်းလောက်ဈေးကျသွားပါတယ်။ နေ့စဉ်တစ်တန်မှာ တစ်သောင်းဝန်းကျင် ဈေးကျနေပြီး သောကြာနေ့မှာတော့ ဆယ့်သုံးသိန်းတစ်သောင်းထိ ကျသွားပါတယ်။ တစ်ပတ်အတွင်း ငွေကျပ် ၅၀၀၀၀ လောက်ကျပြီး ပြီးခဲ့တဲ့အပတ်က ထက် ငွေကျပ် နှစ်သိန်းခွဲလောက် ဈေးကျသွားတာပါ။

ပဲတီစိမ်းဈေးတည်ငြိမ်

ပဲတီစိမ်းကတော့ ယခုတစ်ပတ်လုံး ဈေးနှုန်းအပြောင်းအလဲ ကြီးကြီးမားမား မရှိဘဲ ပိဿာချိန် ၆၀ ကို ငွေကျပ် ၉၈၀၀၀ နဲ့ ငွေကျပ် ၁၀၅၀၀၀ ကြားတွင် အရောင်းအဝယ်ဖြစ်နေပါတယ်။

နှမ်းရောင်စုံဈေးတက်

နှမ်းရောင်စုံဈေးတွေကတော့ အခုအပတ်အတွင်းမှာအနည်းငယ် မြင့်တက်လာတာကိုတွေ့ရပါတယ်။ တနလင်္ဂနေ့ ဈေးအဖွင့်မှာ နှမ်းနက်(စမုံ) တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၁၅၄၀၀၀ ရှိရာကနေ ယခုတစ်ပတ်ရဲ့ နောက်ဆုံးရက်ဖြစ်တဲ့ သောကြာနေ့မှာတော့ ငွေကျပ် ၁၅၅၀၀၀ အထိ မြင့်တက်လာပါတယ်။ နှမ်းနက်ကတော့ ယခုအပတ် တနလင်္ဂနေ့က တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၁၃၀၀၀၀ ရှိရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၁၃၅၀၀၀ အထိ မြင့်တက်လာတာကို တွေ့ရပါတယ်။

နှမ်းညို ယခုအပတ် တနလင်္ဂနေ့က တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၈၁၀၀၀ ရှိရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၇၅၀၀၀ ကို ကျဆင်းသွားပါတယ်။ နှမ်းဖြူကတော့ တနလင်္ဂနေ့မှာ တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၁၀၀၀၀၀ ကနေ သောကြာနေ့မှာတော့ငွေကျပ် ၉၆၀၀၀ အထိ ကျဆင်းသွားတာကို တွေ့ရပါတယ်။ ပန်းနှမ်းလည်း တနလင်္ဂနေ့က တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၈၂၀၀၀ ကနေ သောကြာနေ့မှာတော့ ငွေကျပ် ၇၅၀၀၀ အထိ ကျဆင်းသွားတာကို တွေ့ရပါတယ်။

ဆန်ဈေးနှုန်းတည်ငြိမ်

ယခုတစ်ပတ်မှာ ပေါ်ဆန်းမွှေး ဆန်တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၄၅၅၀၀၊ ဧည့်မထဆန် တစ်အိတ် ငွေကျပ် ၁၈၅၀၀၊ ငစိန်ဆန်တစ်အိတ် ငွေကျပ် ၁၉၀၀၀၊ မြီးတုံးဆန် တစ်အိတ် ငွေကျပ် ၂၂၀၀၀၊ မိုးသုခဆန် တစ်အိတ် ငွေကျပ် ၂၄၀၀၀၊ နွေသီးထပ် ဆန်တစ်အိတ် ငွေကျပ် ၁၇၅၀၀ နဲ့ တစ်ပတ်လုံး အပြောင်းအလဲမရှိ အရောင်းအဝယ်ဖြစ်နေပါတယ်။

ပြည်မြို့နယ်ရှိ ပဲပွဲရုံတစ်ခုတွင် ပဲရွေးနေစဉ်

ကြက်သွန်နီဈေး ပြန်ကျဆင်းလာ

ပြီးခဲ့တဲ့ရက်ပိုင်းက ရုတ်တရက်ဈေး မြင့်တက်ခဲ့တဲ့ ဆိပ်ဖြူ၊ မုံရွာ၊ မိတ္တီလာ၊ မြင်းခြံ၊ မင်းဘူးနယ်တွေက ထွက်ရှိတဲ့ ကြက်သွန်နီဈေးတွေကတော့ ယခုတစ်ပတ် တနလင်္ဂနေ့မှာ တစ်ပိဿာကို အနိမ့်ဆုံးဈေး ငွေကျပ် ၄၀၀ ကနေ အမြင့်ဆုံးဈေး ငွေကျပ် ၁၇၀၀ နဲ့ အရောင်းအဝယ်ရှိရာကနေ ယခုတစ်ပတ်ရဲ့ ဈေးပိတ်ချိန်ဖြစ်တဲ့ သောကြာနေ့မှာတော့ ကြက်သွန်နီ တစ်ပိဿာကို အနိမ့်ဆုံးဈေး ငွေကျပ် ၃၀၀ ကနေ အမြင့်ဆုံးဈေး ငွေကျပ် ၁၂၅၀ နဲ့ အရောင်းအဝယ်ရှိနေပါတယ်။

ကျောက်တံခါးမြို့နယ်တွင် မိုးများ၍ မတ်ပဲခင်းများပျက်စီးနေမှုကိုတွေ့ရစဉ်

ဆောင်းသီးနှံမတ်ပဲစိုက်ခင်းများမိုးမိခဲ့၍ တောင်သူများအခက်တွေ့နေ

ခင်ကို(ကျောက်တံခါး)

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ဆောင်းသီးနှံ မတ်ပဲစိုက်တောင်သူများမှာ စပါးရိတ်သိမ်း၍ ထယ်ရေးထွန်ယက်ကာ ရာသီအမီ မတ်ပဲများစိုက်ပျိုးနေကြကြောင်း သိရသည်။ ဆောင်းသီးနှံမတ်ပဲများ ထွန်ယက်စိုက်ပျိုးချိန်တွင် မိုးများရွာသွန်းခြင်းကြောင့် စိုက်ပျိုးပြီး မတ်ပဲခင်းများ ရေဝပ်၍မျိုးစေ့များမှာ အပင်မပေါက်တော့ဘဲ ပုပ်ပွ၍ ပျက်စီးခဲ့ကြောင်း သိရသည်။

"ကျွန်တော်က ကျောက်တံခါးမြို့နယ် ဗောဓိကွင်းကျေးရွာအုပ်စု ထန်းပင်ကုန်းကွင်းမှ တောင်သူလုပ်ကိုင်သူတစ်ဦးဖြစ်ပါတယ်။ စပါးတွေ အမြန်ရိတ်သိမ်းပြီး ရာသီအမီ ဆောင်းသီးနှံ ရှစ်ဇကကို ထယ်ရေးမောင်းပြီး မတ်ပဲ တစ်ဇက တစ်တင်းနှုန်းနဲ့ ရှစ်ဇက ရှစ်တင်းကြဲပက်စိုက်ပျိုးခဲ့ပါတယ်။ မတ်ပဲကြဲပြီး အခု ငါးရက်အတွင်းမှာ မိုးနှစ်ခါ မိတာကြောင့် ပဲခင်းအကွက်တွေမှာ ရေတွေဝပ်ပြီး အပင်မပေါက်တော့ဘဲ မျိုးစေ့တွေပုပ်ကုန်ပါတယ်။ မတ်ပဲမျိုးက တစ်တင်းကို ငွေကျပ် လေးသောင်းခွဲနဲ့ ဝယ်ကြရပါတယ်။ အခု လေးသိန်းနီးပါးလောက် မျိုးဖိုးဆုံးပြီး နောက်တစ်ခါ ပြန်စိုက်ဖို့ စီစဉ်နေပါတယ်။ ဒီနှားမှာ ကျွန်တော့်လိုဖြစ်ကုန်တဲ့ တောင်သူတွေ အများကြီးပါ။ မိုးကလည်း ယခုရက်ပိုင်းနေတိုင်းလိုရွာနေတာကြောင့် ကျွန်တော်တို့ တောင်သူတွေအနေနဲ့ စပါးမိုးမိ၊ ပဲခင်း မိုးမိနဲ့ တော်တော်ဒုက္ခရောက်နေပါတယ်"ဟု တောင်သူလုပ်ကိုင်သူ ဦးသန်းထိုက်ဦးက ပြောသည်။

ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် သီးနှံများဖြစ်စေရေး ဆောင်ရွက်သွားမည်

နေပြည်တော်ဟိုတယ်ဇုန်ရှိ Park Royal Hotel အစည်းအဝေးခန်းမ၌ ကျင်းပသည့် တီအေ-ဓရဂ္ဂ ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးထုတ်လုပ်မှုစီးပွားရေးကွင်းဆက်ဆိုင်ရာစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲ"ကို ဦးစွာဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ပြောကြားရာတွင်- အာရှဖွံ့ဖြိုးရေးဘဏ်၏ အစီအစဉ်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော တီအေ-ဓရဂ္ဂ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးထုတ်လုပ်မှု စီးပွားရေးကွင်းဆက်ဆိုင်ရာ စီမံကိန်းဆောင်ရွက်ခြင်းသည် နိုင်ငံ၏လယ်ယာကဏ္ဍ လုပ်ငန်းအတွက် အဓိကစိန်ခေါ်မှု ပြဿနာများကို ပူးပေါင်းကူညီဖြေရှင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အဓိကမိုးခေါင်ရေရှားမှုပြဿနာသည် စိုက်ပျိုးသူတောင်သူလယ်သမားများသာမက ပြည်သူတို့၏ လူနေမှုစီးပွားဘဝကို များစွာထိခိုက်ပါကြောင်း၊ စီမံကိန်းအား၊ မိုးခေါင်ရေရှားဒေသများနှင့် ရေကြီးရေလျှံမှုဖြစ်ပွားသည့် ဒေသများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး အကျိုးရလဒ်အနေဖြင့် နိုင်ငံ၏သီးနှံအရည်အသွေးနှင့် ထုတ်လုပ်နိုင်မှုစွမ်းအား များ တိုးမြင့်လာမှာဖြစ်၍ ရာသီပြောင်းလဲမှုဒဏ်ခံ အခြေအနေများလည်း ဖန်တီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မျိုးစေ့ထုတ်လုပ်ငန်းများ၊ လယ်ယာမြေစီမံခန့်ခွဲခြင်းနှင့် လူစွမ်းအား အရင်းအမြစ်များ တိုးပွားလာရေး လယ်ယာကဏ္ဍဆိုင်ရာ မူဝါဒပြုပြင်ပြောင်းလဲခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အပူပိုင်းဇုန်ဒေသများတွင် မြေ၏သိပ်သည်းဆများပြီး မာကျစ်သော မြေမာများကြောင့် မြေဆီလွှာအားနည်းပြီး သီးနှံဖြစ်ထွန်းနိုင်စွမ်း လျော့နည်းသည်ကို တွေ့ရှိရပြီး မြေပြုပြင်ပြောင်းလဲမှုများနှင့် ဇီဝမြေပြုပြင်ထိန်းသိမ်းရန်အတွက် နည်းပညာအကူအညီများ လိုအပ်ပါကြောင်း၊ အပူပိုင်းဇုန်ဒေသများအတွင်း ဆည်ရေသောက်ဧရိယာတိုးမြှင့်နိုင်ရေး၊ ပဲနှင့်ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ရာသီဥတုနှင့် လိုက်လျောညီထွေရှိမည့် သီးနှံများဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

စီမံကိန်းရေအသုံးချမှုစီမံခန့်ခွဲရေးအပိုင်းတွင် သီးနှံများ စိုက်ပျိုးစဉ်ကာလအတွင်း လိုအပ်သည့် အောင်ရေသိုလှောင်မှုနည်းပညာ၊ ကောင်းမွန်သောစီမံခန့်ခွဲမှုအစိုဓာတ်ထိန်းသိမ်းနိုင်မှုနည်းပညာများရရှိရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး မိုးခေါင်ရေရှားဒေသများကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ADB မှ မြန်မာနိုင်ငံဆိုင်ရာ Deputy Country Director Mr.Peter Brimble က ADB အနေဖြင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဆိုင်ရာ မူဝါဒများဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များကိုရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများက တီအေ-ဓရဂ္ဂ ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးထုတ်လုပ်မှုစီးပွားရေးကွင်းဆက်ဆိုင်ရာစီမံကိန်းနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပေးဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ဘိန်းအစားထိုးလက်ဖက်စိုက်ပျိုးလိုသော ကျေးရွာ ၁၀ ရွာအား ဖိတ်ခေါ်ထား

ကေဇူး (AMIA)

မြန်မာနိုင်ငံအတွင်းရှိ ဒေသအသီးသီးတွင် ဘိန်းအစားထိုး လက်ဖက်စိုက်ပျိုးလိုပါက ကျေးရွာ ၁၀ ရွာကို နည်းပညာနှင့် မျိုးများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ လက်ဖက်အသင်းမှ ထုတ်ပြန်ကြေညာလိုက်သည်။

ဘိန်းအစားထိုးလက်ဖက်စိုက်ပျိုးလိုသော ကျေးရွာတစ်ရွာချင်းစီတွင် လက်ဖက်စိုက်ဧက တစ်ရာကျော်ရှိရမည်ဖြစ်ပြီး ကျေးရွာလူဦးရေ ၏ ၇၅ ရာခိုင်နှုန်းက သဘောတူညီရန်လိုအပ်ကြောင်း မြန်မာနိုင်ငံလက်ဖက်အသင်းဒုတိယဥက္ကဋ္ဌဦးကျော်သီဟက ပြောသည်။

ယင်းကဲ့သို့ ကူညီထောက်ပံ့ရာတွင် လက်ဖက်စိုက်တောင်သူများအား မိရိုးဖလာ လက်ဖက်စိုက်ပျိုးနည်းများမဟုတ်ဘဲ အထွက်တိုးစေမည့် နည်းစနစ်များကိုလည်း သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ထို့ပြင် ကျေးရွာတိုင်းတွင် အရည်အသွေးမြင့် လက်ဖက်အစို၊ အခြောက်စက်ရုံများကို ငွေကြေးတတ်နိုင်သည့် ဒေသခံတောင်သူများနှင့် ပူးပေါင်းပြီးဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဘိန်းအစားထိုးလက်ဖက် စိုက်ပျိုးရေးအစီအစဉ်ကို ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တွင် ဂျာမနီ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ) အကူအညီဖြင့် လွှန်ခဲ့သောသုံးနှစ်ခန့်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဘိန်းအစားလက်ဖက်ကို ပြောင်းလဲစိုက်ပျိုးလိုသော မည်သည့်ကျေးရွာမဆို ယခုအစီအစဉ်တွင် ပါဝင်လျှောက်ထားနိုင်ပြီး ဖုန်း-၀၉၇၃၁၅၂၊၀၉-၅၀၂၁၁၂၂၊ ၀၉-၇၉၉၁၀၁၃၂၂ တို့သို့လည်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း မြန်မာ နိုင်ငံ လက်ဖက်အသင်း၏ ထုတ်ပြန်ချက်အရ သိရသည်။

ပဲစိုက်ချိန်အမီ စိုက်ပျိုးစရိတ်ထုတ်ချေးမည်

ယခုနှစ် ပဲစိုက်ပျိုးချိန်တွင် တောင်သူများ ငွေကြေးအခက်အခဲမရှိစေရန်အတွက် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် လယ်ယာဖွံ့ဖြိုးတိုးတက်ရေးဘဏ်က ငွေကျပ်သိန်းပေါင်း တစ်သောင်းခြောက်ထောင်ကျော် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြို့နယ်အတွင်းရှိ ကျေးရွာ ၈၅ ရွာမှ တောင်သူ ၉၅၆၀ က ၎င်းတို့၏ လယ်ဧက ၁၄၅၅၂ တွင် စိုက်ပျိုးရန် ငွေကျပ် ၁၆၄၇၂ သိန်း ကျော်ချေးယူသွားမည်ဖြစ်ပြီး အတိုးနှုန်းမှာ တစ်လလျှင် ၆၇ ပြားနှုန်းဖြင့် တစ်နှစ်အတွက် ၈ ရာခိုင်နှုန်းကျသင့်မည်ဖြစ်ကြောင်း၊ တောင်သူအများစုက မတ်ပဲကို အဓိကစိုက်ပျိုးသွားကြမည်ဖြစ်ပြီး နွေစပါးစိုက်ပျိုးသူအနည်းငယ်လည်း ပါဝင်ကြောင်း၊ အဆိုပါ အတိုးနှုန်းသက်သာသော ချေးငွေများရရှိခြင်းကြောင့်တောင်သူများအတွက် အဆင်ပြေကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)၊ ဓာတ်ပုံ-ကိုတင့်

မိုးစပါးများရိတ်သိမ်းရန်ခက်ခဲ၍ ခြွေလှေ့ရိတ်သိမ်းစက်ကြီးများ ဗန်းမောက်ဌာနသုံးပြုလာ

ကျော်စွာ(ဗန်းမောက်)

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း၌ မိုးစပါး ဆောင်းရာသီစိုက်မြေပဲ အများဆုံးစိုက်ပျိုးလျက်ရှိသော မြို့နယ်ဖြစ်သည်။ ယခု ၂၀၁၆ ခုနှစ် မိုးစပါးများကို ကျေးရွာအုပ်စု ၄၇ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက်အချို့မှ တောင်သူလယ်သမားများကသတ်မှတ်ထားသော စီမံကိန်းလျာထားချက်အတိုင်း စိုက်ဧက ၄၅၅၆၇ ဧက စိုက်ပျိုးခဲ့ကြသည်။

မိုးစပါးစိုက်ခင်းများမှာ အောက်တိုဘာလနောက်ဆုံးပတ်မှ စတင်၍ ရင့်မှည့်လျက်ရှိရာ ရိတ်သိမ်းရန်ပြင်ဆင်နေကြသော်လည်း ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းလျက်ရှိ၍ စပါးရိတ်သိမ်းရန်အခက်အခဲရှိနေကြသည်။

ထို့နောက် ဗန်းမောက်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက နိုဝင်ဘာလပထမပတ်တွင် မိုးအဆက်မပြတ်ရွာသွန်းနေသောကြောင့် စပါးရိတ်သိမ်းရာတွင် လုပ်သားငှားရမ်းခများ စရိတ်ကြီးမြင့်ပြီး လုပ်ငန်းများ တွင်ကျယ်မှုမရှိဖြစ်နေတာကြောင့် ရိတ်သိမ်းခြွေလှေ့စက်ကြီးများကို ငှားရမ်းအသုံးပြုလာကြသည်။ ခြွေလှေ့ရိတ်သိမ်းစက် ငှားရမ်းခမှာ တစ်ဧက ငွေကျပ်ငါးသောင်းခွဲသာဖြစ်၍ အချိန်တိုအတွင်း ရိတ်သိမ်းနိုင်သောကြောင့် အချိန်ကုန်လည်းသက်သာ လူလည်းသက်သာပြီး လုပ်ငန်းတွင်ကျယ်မှုရှိသည်ကို တွေ့ရသောကြောင့် ဒေသခံတောင်သူများ စိတ်ဝင်စားလျက်ရှိသည်။

သဘာဝဘေးအန္တရာယ်များကြောင့် စပါးရိတ်သိမ်းရာတွင် အချိန်အခါမဟုတ်မိုးရွာသွန်းခြင်းဒဏ်ကို ခံနေရသဖြင့် စပါးအထွက်နှုန်းလျော့မည်ကို တောင်သူလယ်သမားများစိုးရိမ်နေကြသည်။ ၂၀၁၆ ခုနှစ် မိုးစပါးများကို ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ စိုက်ဧက ၃၈၈၄၇ ဧကစိုက်ပျိုးထားရှိသည့်အနက်မြို့မရပ်ကွက် ကွင်းအမှတ်(၂၉၂+၆) ဦးပိုင်အမှတ် ၃၃ ရှိ တောင်သူ ဦးညွန့်အောင်နှင့် မကျီးကုန်းကွင်းအမှတ်(၂၉၅ က) ဦးပိုင်အမှတ် ၄၄ ရှိ တောင်သူ ဦးကြားမောင်တို့ စိုက်ပျိုးထားသော မိုးစပါးဆင်းဧကရီ (၃)စပါးများကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုကို ဒေသခံတောင်သူများ လာရောက်လေ့လာကြည့်ခဲ့ကြကြောင်း သိရသည်။

စပါးရိတ်သိမ်းရာတွင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေစဉ်

ယခုအခါအချိန်အခါမဟုတ်မိုးရွာသွန်းလျက်ရှိ၍ လယ်သမားများ စပါးရိတ်သိမ်းမှုနောက်ကျနေကြသဖြင့် အထွက်နှုန်းလျော့နည်းမည်ကိုစိုးရိမ်လျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ရုပ်ပွားတော်ပေါင်း ငါးသိန်းရှစ်သောင်းကျော် ပူဇော်ပွဲ သို့မဟုတ် မုံရွာသမ္မဒ္ဒေဘုရားပွဲတော်

မျိုးဝင်းထွန်း (မုံရွာ)

ဘုရားဖူးများ မျက်နှာမူရာတိုင်းတွင် ဘုရားရုပ်ပွားတော်များကို နောက်ဘက်များပါမကျန် မြောက်မြားစွာ ဖူးမြော်ရသည့် နေရာသည် မြန်မာနိုင်ငံတစ်ဝန်း မည်သည့်အရပ်ဒေသတွင်မျှ မတွေ့မြင်မဖူးမြော်နိုင်သော အံ့ဖွယ်ထူးခြားသည့် လိုဏ်ဘုရားအဖြစ် မုံရွာမြို့နယ်အတွင်း တည်ရှိနေသည်။ မုံရွာသမ္မဒ္ဒေဘုရားဟုတည်ရာအရပ်ဒေသနှင့်တွဲ၍ ဘုရားဘွဲ့နာမတော်သည် ထက်အောက်မြန်မာပြည် အနှံ့အပြားထင်ရှားကျော်ကြားသော ဘုရားစေတီဖြစ်သည်။

အောက်ပင်မစေတီတွင် ထောင့်စေတီများအတန်းလိုက် အစီအရီရမြောက်မြားစွာ တည်ဆောက်ပေးထားရုံသာမက အရပ်လေးမျက်နှာတို့၏ပစ္စယာလေးဆင့်စလုံးတွင်စေတီရုံများတည်ထားပြီး ပစ္စယာတိုင်းအထက်သို့ အနည်းငယ်စီကျုံ၍ တည်ဆောက်ထားရာ စတုတ္ထပစ္စယာစေတီရုံများ၏ အထက်တွင် အထွတ်စေတီတော်ကိုစုပေါင်းညီညာစွာ လေးဘက်လေးတန်မှ တည်ထားသည်မှာ ခိုင်မာစွာ ကြည်နူးဖွယ်အမြင်ဆန်းနေစေသည်။

စတုရန်းပုံဖိနပ်တော်ရှိပြီး ဥဏ်တော် ၈၈ တောင်ရှိ သမ္မဒ္ဒေစေတီတော်အလယ်မဏ္ဍိုင်ကို တည်ထားပြီး စေတီတော်၏ တစ်ဖက်တွင် အလျား ၁၁၁ တောင်၊ အနံ ၅၂ တောင်၊ အမြင့် ၃၆ တောင်ရှိ အာရုံခံတန်ဆောင်းကြီးတစ်ခု ယင်းနှင့်တစ်ဆက်တည်း အလျား ၅၇ တောင်၊ အနံ ၅၂ တောင်၊ အမြင့် ၃၆ တောင်ရှိ စောင်းတန်းတစ်ခုတို့ကို တည်ဆောက်ထားသည်။ စေတီတော်ကြီးကို အဝေးမှဖူးမြော်ပါက စေတီရုံပေါင်း ၈၆၄ ဆူနှင့်တကွ ဖူးမြော်ရမည်ဖြစ်ပြီး စေတီတော်ကြီး ဘေးပတ်လည်တွင် တြိရတနဝါဒ သုံးဆူ၊ တံခွန်တိုင် ၂၀၊ မနုသီဟနှင့် နရသီဟ လေးစီးစီ၊ သမုဒ်ဝလွှင် ၁၄ စီး၊ ဓာတ်တော်ရာဌာနပေါင်း ၁၄၈၆ ဌာန တို့၌ မြတ်စွာဘုရား ဓာတ်တော်ပေါင်း ၃၈၅၀၀ တို့ကို တည်ထားကိုးကွယ်ပြီး တောင်ပြည့်

မုံရွာသမ္မဒ္ဒေဘုရားအား အဝေးမှဖူးတွေ့ရစဉ်

ထိုင်တော်မူ ၆၈ ဆူ၊ ရပ်တော်မူ ၂၉၆ ဆူ ရှိကြောင်း သိရသည်။

မိုးညှင်းဆရာတော်ဘုရားကြီးသည် သမ္မဒ္ဒေစေတီတော်ကို ၁၃၀၁ ခု ဝါဆိုလဆန်း ၅ ရက်မှစ၍ တည်ထားမူကို စတင်ရာ ၁၃၁၄ ခု တပေါင်းလဆုတ် ၃ ရက်တွင် ပြီးစီးအောင်မြင်ခဲ့သည်။ မုံရွာမြို့နယ် မြေနဲ၊ အောင်သာ၊ ဆည်ကြီးတော၊ မင်းရွာတို့ အလယ်ရှိ ၃၇ ဧကကျယ်ဝန်းသော မိုးညှင်းတောရတိုက်ကြီး အတွင်း ခမ်းနားကြီးကျယ်ထူးခြားစွာ တည်ဆောက်ထားခြင်းဖြစ်ပြီး တည်ဆောက်ရာတွင် ဆရာတော်ကြီးသည် မည်သည့် အင်ဂျင်နီယာကိုမျှ တာဝန်ပေးခြင်းမရှိဘဲ ကိုယ်တိုင်လမ်းညွှန်ကြီးကြပ်ကာ တိုက်ကြပ်ဘုန်းကြီးပန်းရန်ဆရာကြီးတို့ကို နှုတ်ဖြင့် စာဖြင့် ညွှန်ကြားတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

စေတီတော်ကြီးမှာ အပြင်ထပ်၊ အလယ်ထပ်၊ အတွင်းထပ် ဟူ၍ အထပ်သုံးထပ်ရှိ လိုဏ်စေတီတော်ကြီးဖြစ်ပြီး ဘုရားဖူး ပရိသတ်မြောက်မြားစွာ ဝင်ရောက်ဖူးမြော်နိုင်အောင် ကျယ်ဝန်းလုံလောက်စွာ တည်ဆောက်ထားခြင်းဖြစ်သည်။ လိုဏ်ပတ်လမ်းတိုက်ခန်းနံရံများတွင် တစ်ပေ၊ ကိုးလက်မ၊ ခြောက်လက်မ၊ လေးလက်မ၊ သုံးလက်မစသည်ဖြင့် ဥဏ်တော်အမျိုးမျိုးရှိသော ရုပ်ပွားတော်ပေါင်း ၅၅၂၅၇ ဆူတို့သည် အောက်ခြေအလယ်၊ အထက်တို့၌ အတန်းလိုက် အကန့်လိုက် ညီညာစွာ ကိန်းဝပ်နေသည်ကို ဖူးတွေ့ရမည်ဖြစ်သည်။ ဘုရားဖူးများသည် မျက်နှာမူရာတိုင်းတွင် ဘုရားရုပ်ပွားတော်များကို နောက်ဘက်ဘေးဘက်များပါမကျန် မြောက်မြားစွာ ဖူးမြင်နေကြရမည်ဖြစ်သည်။ အာရုံခံအတွင်းတွင်သာမက အပြင်စောင်းတန်းအာရုံခံ မျက်နှာပတ်လည်တွင်လည်း ပန်းရန်ဆရာတို့ လက်စွမ်းပြထားသော အင်္ဂတေသစ်သီးကြီးငယ်များဖြစ်သည့် ဖရဲ၊ ပိန္နဲ၊ သရက်သင်္ဘော၊ ငှက်ပျော၊ အုန်းစသော သစ်သီးမျိုးစုံကို အရောင်စုံလင်စွာ ထာဝရကပ်လှူထုလုပ်ထားသည်ကို တွေ့ရမည်ဖြစ်သည်။

မိုးညှင်းသမ္မဒ္ဒေဘုရားပွဲတော်ကို နှစ်စဉ်တန်ဆောင်မုန်းလဆန်းမှစတင်ကျင်းပပြီး အတီး၊ အမှုတ်၊အက၊ အခုန်များမပါဘဲ ကျင်းပကာ မြေသပိတ်မဖြင့် ဘုရားဒါယကာရွှေးကာ ဆွမ်းတော်ကြီးကပ်ပွဲ၊ တရားပွဲတို့ကို ကျင်းပသည်။ တန်ဆောင်မုန်းလပြည့်နံနက်ပိုင်းတွင် သံဃာတော်အပေါင်း ၁၀၀ ကျော်ကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပရာ မုံရွာနယ်တွင် အစည်ကားဆုံးနှင့် ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများ လာရောက်လှူဒါန်းမှု အများဆုံးပွဲတော်အဖြစ် ရပ်တည်နေသည်။ စေတီတော်ပတ်လည် လျှောက်လမ်းများတွင် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များသည် ကြွရောက်လာသော သံဃာတော်များကို ဆွမ်းဆန်နှင့်အတူ ဝတ္ထုဒွေပစ္စည်းများကို လှူဒါန်းကြသည့် မြန်မာ့ရိုးရာအလှူမြင်ကွင်းများကို ပွင့်လင်းရာသီသို့ရောက်ရှိနေပြီဖြစ်သောကြောင့် နိုင်ငံခြားသားဧည့်သည်များ စိတ်ဝင်စားသော ပွဲတစ်ပွဲအဖြစ်လည်းဖြစ်သည်။

မိုးညှင်းသမ္မဒ္ဒေဘုရားကို မန္တလေး၊ စစ်ကိုင်းဘက်မှလာလှူငင် ဘုရားဖူးခရီးသွားများသည် မြေနဲရွာအရောက်မှ သမ္မဒ္ဒေသို့ သွားကြသည်များရှိသလို မန္တလေး-စစ်ကိုင်းမှ မုံရွာသို့အလာ လမ်းတစ်လျှောက် ထင်ရှားသော အမရပူရ၊ တောင်သမန်၊ အင်းဝ၊ ရွှေကြက်ယက်၊ ရွှေကြက်ကျ၊ စစ်ကိုင်းမြို့ပေါ်ဘုရားများနှင့် စစ်ကိုင်းတောင်ပေါ်ဘုရားများ၊ ကောင်းမှုတော်၊ ကံတလူဘုရားများ မြင်းမူချောင်းဦးဒေသရှိ ဝင်စရာဒေသများကို ဝင်ရောက်လေ့လာဖူးမြော်နိုင်သည်ဖြစ်ရာ ခရီးသွားဒေသအဖြစ် ချိတ်ဆက်မိသောဒေသအဖြစ် တည်ရှိနေပါကြောင်း။ ။

မြန်မာလက်ဝှေ့ကျော် ဖျံသွေးက ထိုင်းလက်ဝှေ့ကျော်အား တတိယအချီတွင် အလဲထိုး

ဘားအံ နိုဝင်ဘာ ၁၃

(၆၁)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးနှင့် ရိုးရာအောင်လံ လုပွဲများကိုနိုဝင်ဘာ ၁၁ ရက်ည နောက်ဆုံးနေ့ပွဲစဉ်များတွင် စောမင်းအောင်(မြန်မာ)နှင့် ဘားမီချိုင်း(ထိုင်း)၊ သွေးသစ်အောင်(မြန်မာ)နှင့် ချိုင်း

ဖျံသွေး(မြန်မာ)နှင့် တာဝမ်ချိုင်း (ထိုင်း)တို့ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။

စကမ်း(ထိုင်း)၊ ဖျံသွေး(မြန်မာ)နှင့် တာဝမ်ချိုင်း(ထိုင်း)၊ တွဲဆိုင်း သုံးဆိုင်း ငါးချိစိန်ခေါ်ပွဲကြီးကို ယှဉ်ပြိုင်ထိုးသတ်ကြကြောင်း သိရသည်။

မြန်မာ့ရိုးရာလက်ဝှေ့အောင်လံဗိုလ်လုပွဲများ၊ ကြားအထူးပွဲစဉ်များနှင့်အတူ မြန်မာ-ထိုင်း စိန်ခေါ်ပွဲကြီးများကို နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ မွန်းတည့် ၁၂ နာရီမှ စတင်ယှဉ်ပြိုင်ကြပြီး နိုဝင်ဘာ ၁၁ ရက် ညပိုင်း ငါးရက်မြောက်နေ့ နောက်ဆုံးနေ့ပွဲစဉ် ထိုင်း-မြန်မာ ရိုးရာလက်ဝှေ့ ငါးချိစိန်ခေါ်ပွဲကြီးတွင် စောမင်းအောင် (မြန်မာ)နှင့် ဘားမီချိုင်း(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ဒုတိယအချီ နှစ်မိနစ်ကျော်ခန့် တွင် စောမင်းအောင် (မြန်မာ)က ဘားမီချိုင်း(ထိုင်း)ကို အလဲထိုးအနိုင်ရရှိခဲ့ပြီး သွေးသစ်အောင် (မြန်မာ)နှင့် ချိုင်းစကမ်း(ထိုင်း)တို့ ငါးချိမြောက်အထိ အလူးအလဲ ယှဉ်ပြိုင်ထိုးသတ်ကြရာ ပူးတွဲသရေ ရရှိခဲ့သည်။ ဆက်လက်၍ ပွဲကြည့်ပရိသတ် ပိုမိုစိတ်ဝင်စားလျက်ရှိသော ဖျံသွေး(မြန်မာ)နှင့် တာဝမ်ချိုင်း (ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ဒုတိယအချီ ၂ မိနစ် စက္ကန့် ၂၀ တွင် တာဝမ်ချိုင်း(ထိုင်း) အနားတောင်းခဲ့ပြီး ဆက်လက်ယှဉ်ပြိုင်ကြရာ တတိယအချီ ၁ မိနစ် ၄၄ စက္ကန့်တွင် ဖျံသွေး(မြန်မာ)မှ တာဝမ်ချိုင်း(ထိုင်း)အား အလဲထိုးအနိုင်ရရှိ သွားခဲ့သည်။

နောက်ဆုံးည ရိုးရာအောင်လံဗိုလ်လုပွဲများတွင် သုထက်အောင် (ဇာနည်မောင်) နှင့် ရွှေဖားစည်(စက်ရုံ) တွဲဆိုင်း၊ ထက်အောင်ဦး(တောင်ကလေး)နှင့် ကျားပေါက်(ရန်စစ်ငြိမ်း)တွဲဆိုင်းတို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ တွဲဆိုင်း နှစ်ဆိုင်းလုံး သရေသာရရှိခဲ့ကြကြောင်း သိရသည်။

နေမျိုးလွင်

ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ရိုးရာဒုံးအကပြိုင်ပွဲများ စည်ကားစွာကျင်းပ

ဘားအံ နိုဝင်ဘာ ၁၃

ကရင်ပြည်နယ် ဘားအံမြို့တွင် ကရင်တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ်ပွဲတော် (၆၁)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ရိုးရာဒုံးအကပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင်ဒုံး ၁၆ ဒုံးအနက်မှ ၁၀ ဒုံးအား ရွေးချယ်၍ ဆန်ခါတင်(ဖိုင်နယ်)ပြိုင်ပွဲကို နိုဝင်ဘာ ၁၁ ရက် ည ၇ နာရီက ယှဉ်ပြိုင်ကပြဖျော်ဖြေကြရာ ဆုရရှိသည့် ဒုံးအဖွဲ့များအား နိုဝင်ဘာ ၁၂ ရက် နံနက် ၁ နာရီတွင် ဆုများ ပေးအပ်ချီးမြှင့်သည်။

ကရင်ရိုးရာဒုံးအကပြိုင်ပွဲ ဆန်ခါတင်(ဖိုင်နယ်)ပွဲစဉ်များကို ကပြဖျော်ဖြေယှဉ်ပြိုင်ခဲ့ကြပြီး ဆုများကို ချီးမြှင့်ရာ ရာဧည့်သပထမဆုရ တက္ကသိုလ်များ စုပေါင်းယဉ်ကျေးမှုဒုံးအဖွဲ့၊ ရာဧည့်သ ဒုတိယဆုရ အိန္ဒိယမိဇိုတိုက်နယ် စုပေါင်းယဉ်ကျေးမှုဒုံးအဖွဲ့၊ ရာဧည့်သ တတိယဆုရ ဘားအံမြို့မကိုယ်စားပြု ခလောက်နို့ကျေးရွာဒုံးအဖွဲ့တို့အား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်နော်ဖဲလုစ်ကလည်းကောင်း၊ တေးသီချင်းပထမဆုရ ကြာအင်းဆိပ်ကြီးမြို့နယ်ကိုယ်စားပြု ဘုရားသုံးဆူဒုံးအဖွဲ့၊ ဒုတိယဆုရ တက္ကသိုလ်များစုပေါင်းယဉ်ကျေးမှုဒုံးအဖွဲ့၊ တတိယဆုရ မြဝတီခရိုင်ကိုယ်စားပြု စုပေါင်းယဉ်ကျေးမှုဒုံးအဖွဲ့တို့အား လွှတ်တော်ကိုယ်စားလှယ် ဦးစောရှားဖေါင်အွာကလည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက ဒုံးအကပြိုင်ပွဲ ပဥ္စမဆုရ ကော့ကရိတ်မြို့နယ် ကိုယ်စားပြု ယဉ်ကျေးမှုဒုံးအဖွဲ့၊ စတုတ္ထဆုရ ဘားအံမြို့မကိုယ်စားပြု ခလောက်နို့ကျေးရွာဒုံးအဖွဲ့၊ အကြိုးစားဆုံးဆုရရှိသော ဖူတခေတ် စုပေါင်းယဉ်ကျေးမှုဒုံးအဖွဲ့တို့အား လည်ကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်က ဒုံးအကပြိုင်ပွဲ တတိယဆုရ ကြာအင်းဆိပ်ကြီးမြို့နယ် ကိုယ်စားပြု ဘုရားသုံးဆူဒုံးအဖွဲ့၊ ဒုတိယဆုရ မြဝတီခရိုင်ကိုယ်စားပြု စုပေါင်းယဉ်ကျေးမှု ဒုံးအဖွဲ့၊ ဒုံးအကပြိုင်ပွဲ ပထမဆုနှင့် ဘက်စုံတံခွန်စိုက်ထူခွန်ဆု ရရှိသော တက္ကသိုလ်များ စုပေါင်းယဉ်ကျေးမှုဒုံးအဖွဲ့တို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ပုလဲမြို့နယ်အတွင်း မြေသားလမ်းအဆင့်မြှင့် ချောင်းကူးတံတားတည်ဆောက်မည်

ပုလဲ နိုဝင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၃၀၀ ကျော်ဖြင့် ကြက်ရင်း-ခေါင်းတွာ-လက်ပံကျေးရွာချင်းဆက် မြေသားလမ်းအား ကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် သိန်း၈၀၀ကျော်ဖြင့် လက်ပံချောင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်က "ကျွန်တော်တို့ ဌာနအနေနဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုမှသည် ကျေးလက်လူမှုစီးပွားဘဝမြင့်မားတိုးတက်လာစေရေးအတွက် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၃၀၀ ကျော်နဲ့ ကြက်ရင်း-ခေါင်းပွာ-လက်ပံကျေးရွာချင်းဆက် မြေသားလမ်းအရှည် ၆ မိုင်ခွဲ၊ အကျယ် ၁၂ ပေ ကို ကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၈၀၀ ကျော်ဖြင့် လက်ပံချောင်းကူးသံပေါင်ရက်မသစ်သားတံတား အရှည် ပေ ၁၂၀၊ အမြင့် ၁၂ ပေ၊ အကျယ် ၁၄ ပေ တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ် " ဟု ပြောသည်။

အဆိုပါလမ်းသည် မိုးတွင်းကာလတွင် ဆိုင်ကယ်နှင့် မော်တော်ကားများ သွားလာမရဘဲ ခြေကျင်ခရီးသာ သွားလာနိုင်ခြင်း၊ ရေကြီးချိန်၊ ချောင်းရေကျချိန်များတွင် ဖြတ်ကူးရန်ခက်ခဲခြင်းများကြောင့် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မင်းခန့်စိုး(ဒဂျောမြေ)

စစ်တွေမြို့သို့ ပြောင်းရွှေ့လာသော ဒေသခံတိုင်းရင်းသားများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

စစ်တွေ နိုဝင်ဘာ ၁၃

မောင်တောဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် စစ်တွေမြို့သို့ပြောင်းရွှေ့လာကြသော ဒေသခံတိုင်းရင်းသားများအား အောက်တိုဘာ ၁၆ ရက်ညနေပိုင်းက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများ သွားရောက်တွေ့ဆုံ အားပေးခဲ့ကြသည်။ အဆိုပါပြောင်းရွှေ့လာကြသောဒေသခံတိုင်းရင်းသားများသည် စစ်တွေမြို့ကုန်တန်းရပ်ကွက်ရှိ ပညာလက်ံာရ ဘုန်းတော်ကြီးကျောင်းတိုက်တွင် အိမ်ထောင်စု ၄၄ စု လူဦးရေ ၁၇၃ ဦးနှင့် စက်ရုံစုရပ်ကွက် ရတနာ့ဝိမာန်ဘုန်းတော်ကြီးကျောင်းတိုက်တွင် အိမ်ထောင်စု ၈၇ စု လူဦးရေ ၂၇၄ ဦး ရောက်ရှိနေကြောင်း သိရသည်။ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းတိုက်များသို့ သွားရောက်ပြီး အားပေးစကားပြောကြားကာ ဆန်အိတ် ၃၀၊ ဆီပိသာ ၃၀၊ ငွေကျပ် ၁၅ သိန်းနှင့် ရေသန့်၊ ဖျာ၊ ခြင်ထောင်များထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ အောက်တိုဘာ ၁၆ ရက် တွင် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များမှ စစ်တွေမြို့သို့ ပြောင်းရွှေ့လာကြသော ဒေသခံများအား စစ်တွေမြို့ကုန်တန်းရပ်ကွက်ယတ္တာရာဘုန်းတော်ကြီးကျောင်းတွင် အိမ်ထောင်စု ၅၁ စု လူဦးရေ ၁၈၂ ဦး နှင့် ဓမ္မာရာမဘုန်းတော်ကြီးကျောင်းတိုက်တွင် အိမ်ထောင်စု ၃၇ စု လူဦးရေ ၁၂၈ ဦးတို့အား ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သောအကူအညီများ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အသိပညာတိုးပွားစေရေးအတွက် ရှမ်းပြည်နယ်တစ်ခွင်စာပေဟောပြောပွဲများ ကျင်းပမည်

နောင်ချို နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှစီစဉ်ပြီး ကျောင်းတွင်းစာပေဟောပြောပွဲများကို စာရေးဆရာဇော်ခိုင်ဦး ဟောပြောမှုများနှင့်အတူ အခြေခံပညာကျောင်းပေါင်း ၃၀ တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ နိုဝင်ဘာ ၁၅ ရက်မှစတင်ကာ ရှမ်းပြည်နယ် နောင်ချို၊မြို့နယ်ရှိ ဘန့်ဘွေး၊ ညောင်ထောက်၊ ခြေမြစ်ပင်၊ ဆင်လမ်းစု၊ ဆမ္မဆယ်၊ အုမ္မသီး၊ ရေဝင်၊ သုံးဆယ်၊ ဟိုခို၊ သရက်ကုန်း၊ ဆီဆုံ၊ ရတနာသိဂီ၊ နောင်ချို၊ ကံကြီး၊ နမ့်ဆောင်ဟူး၊ နောင်တော၊ ရွှေမုဋ္ဌော၊ မဲပုတ်၊ ရာပြင်၊ လုံကာ၊ ရေတွင်းကြီး၊ စံပြရွှေဂူ၊ အစရှိသည့် ကျောင်းများတွင်လည်းကောင်း၊ ဆက်လက်ပြီးရွာငံမြို့နယ်မှ ကျောင်းငါး ကျောင်းနှင့် နမ့်ဖက်ကာရှိကျောင်းများတွင်လည်း ဒီဇင်ဘာလဆန်းအထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်းပွဲစီစဉ်သူများက ပြောသည်။

ဟောပြောပေးမည့် စာရေးဆရာဇော်ခိုင်ဦးက "ရှမ်းပြည်နယ်ပွဲတွေအတွက် ပြင်ဆင်ထားပါတယ်။ အဓိကပစ်မှတ်ကတော့ မူးယစ်ဆေးဝါးအန္တရာယ်ကို လူငယ်တွေသိအောင်လို့ အားထုတ်ပြီးစာရေးဆရာတစ်ယောက်အနေနဲ့ပြောပေးမယ်လို့ ပြင်ဆင်ထားတယ်"ဟု ပြောကြားသည်။

ကျောင်းသား ကျောင်းသူများ၏ သုတ၊ ရသစာပေချစ်စိတ်နှင့် စာပေအားတန်ဖိုးထားတတ်စေမည့် စိတ်ဓာတ်အားမြှင့်တင်ပေးရန်၊ စာဖတ်ချင်စိတ်နှင့် စာဖတ်စွမ်းအားတိုးမြှင့်ပေးရန်၊ မိမိရပ်ရွာ၊ မြို့နယ်နှင့် နိုင်ငံအားချစ်ခင်မြတ်နိုးသည့် စိတ်ဓာတ်ကိုမွေးမြူမြှင့်တင်ပေးရန်၊ အကျင့်စာရိတ္တနှင့် စည်းကမ်းရှိလိုစိတ်ကိုမြှင့်တင်ပေးရန်၊ တိုင်းရင်းသားအချင်းချင်း ချစ်ခင်စည်းလုံးမှု၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ရိုင်းပင်းကူညီလိုမှု စိတ်ဓာတ်များ ကိန်းအောင်းလာစေရန်အစရှိသည့် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်ထူး**

လူငယ်နှင့်မူးယစ်ဆေးဝါးပြဿနာ သန်လျင်၌ အသိပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၁၃

မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းမှ ကြီးမှူးကျင်းပသော လူငယ်နှင့် မူးယစ်ဆေးဝါးပြဿနာအသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၁ ရက်က သန်လျင်မြို့နယ် မင်းဂလွန်းကျေးရွာ အုပ်စုရှိ မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။ လူငယ်နှင့် မူးယစ်ဆေးဝါး၊ မူးယစ်ဆေးဝါးနှင့် ဥပဒေရေးရာ၊ လူကုန်ကူးမှုအကြောင်း သိကောင်းစရာ စသည်တို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဟောပြောပေးခဲ့ကြပြီး သန်လျင်မြို့နယ်အတွင်း အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သန်းဝင်း (သန်လျင်)**

ဇီကာပိုင်းရပ်စ်နှင့် ခံတွင်းကျန်းမာရေးအသိပညာပေး

ကလေး နိုဝင်ဘာ ၁၃

ကလေးမြို့ရှိ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား ဇီကာပိုင်းရပ်စ် (Zika Virus) နှင့် ပတ်သက်၍ကျန်းမာရေးအသိပညာပေးဟောပြောမှုကို နိုဝင်ဘာ ၈ ရက် နံနက် ၁၀ နာရီက ကလေးရဲစခန်းခမ္မာရုံတွင် ပြုလုပ်သည်။

အရေပြားအထူးကုဆရာဝန်ဒေါက်တာစိုးမိုးထွေးက ဇီကာပိုင်းရပ်စ်ဖြစ်ပေါ်လာပုံ၊ ကူးစက်ပုံ၊သွေးလွန်တုပ်ကွေးရောဂါနှင့်ဆင်တူပုံ၊ ခြင်မှတစ်ဆင့်ကူးစက်နိုင်ပုံများ၊ ယင်းရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် စနစ်ကို တစ်ပတ်လျှင် သုံးကြိမ်ခန့် ပြုလုပ်သွားပါက ရောဂါမဖြစ်ပွားနိုင်ကြောင်းဟောပြောပေးခဲ့သည်။

ထို့နောက် သွားဘက်ဆိုင်ရာဆရာဝန်ကြီး ဒေါက်တာဘိုဘိုအောင်က သွားနှင့် ခံတွင်းကို ဂရုစိုက်ရန်လိုကြောင်း၊ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အရက်သေစာသောက်စားခြင်းတို့ကြောင့် သွားပိုးစားခြင်းသွားဖုံးရောင်ခြင်း(ရေစိုးကမ်းပြို)၊ ကင်ဆာရောဂါများဖြစ်နိုင်ခြင်းကြောင့် သွားများကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် တိုက်သင့်ကြောင်း၊ ခံတွင်းကင်ဆာရောဂါမှာ မြန်မာနိုင်ငံသည် အဆင့်(၅)၊ (၆) ဆင့်တွင်ရှိကြောင်း၊ ကင်ဆာရောဂါတွင် အဆင့်(၄)ဆင့်ရှိကြောင်း၊ ပထမအဆင့်တွင် ၉၀ ရာခိုင်နှုန်း၊ ဒုတိယအဆင့်တွင် ၈၀ ရာခိုင်နှုန်း၊ တတိယအဆင့်တွင် ၅၀ ရာခိုင်နှုန်း၊ စတုတ္ထအဆင့်တွင် ၂၀ ရာခိုင်နှုန်းသာ ကုသနိုင်ကြောင်း၊ သွားစိုက်သွားနှတ်မည်ဆိုပါက ရောဂါကူးစက်နိုင်ပါသဖြင့် ပြည်သူ့ဆေးရုံကြီး၌သာလာ ရောက်ပြသနိုင်ကြောင်း ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား ပညာပေးဟောပြောခဲ့သည်။ **ဂျွန်နိုင်း**

ထိုင်းရောက် မြန်မာအလုပ်သမားများအတွက် MYANMAR LIVE သတင်းဂျာနယ် အခမဲ့ထုတ်ဝေဖြန့်ချိမည်

ကော့သောင်း နိုဝင်ဘာ ၁၃

ထိုင်းနိုင်ငံအတွင်း ရောက်ရှိအလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများသတင်းအချက်အလက် သိရှိနိုင်ရေး "MYANMAR LIVE" သတင်းဂျာနယ်ကို ဒုတိယအကြိမ်အဖြစ် နိုဝင်ဘာ ၁၅ ရက်တွင် ထုတ်ဝေဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။

သတင်းဂျာနယ်သည် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအရေး အစဉ်တစိုက် ကူညီမှုပေးလျက်ရှိသည့် အဖွဲ့အစည်းများ ပူးပေါင်းစီစဉ် ထုတ်ဝေခြင်းဖြစ်ပြီး ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာ့ရွှေ့ပြောင်းအလုပ်သမားများ စာဖတ်ခြင်းအလေ့အထတိုးပွားလာစေရန်နှင့် မိမိတို့ပတ်ဝန်းကျင်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ ပြည်ပမှလာရောက် အလုပ်လုပ်ကိုင်ကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ထိုင်းနိုင်ငံနှင့်ပတ်သက်သည့် စည်းကမ်းဥပဒေများ၊ ထိုင်းနိုင်ငံအတွင်း အလုပ်သမားအခက်အခဲပြဿနာများအား ကူညီဖြေရှင်းပေးလျက်ရှိသည့် အဖွဲ့အစည်းများအကြောင်းနှင့် သိသင့်သိထိုက်သည့်ဗဟုသုတများ၊ အလုပ်သမားလူတန်းစားအလွှာအတွင်း မိမိအလုပ် လုပ်ကိုင်သည့်နိုင်ငံ၏ ဓလေ့ထုံးစံများ၊ သိသင့်သိထိုက်သည့် အခြားဗဟုသုတဖြစ်ဖွယ် စိတ်ဝင်စားဖွယ်ရာများနှင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်လျက်ရှိသည့် သတင်းအချက်အလက်များအား သိရှိနိုင်ရေးအတွက် ရည်ရွယ်ထုတ်ဝေကြောင်း သိရသည်။

ကောင်းမွန်ဆွဲဆောင်မှုရှိသည့် အပြင်အဆင်များဖြင့် တစ်လလျှင် ၁၅ ရက်နှင့် ၃၀ ရက်များတွင် နှစ်ကြိမ်ထုတ်ဝေကာ ရွှေ့ပြောင်းအလုပ်သမားများသို့အခမဲ့ ဖြန့်ဝေမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံအခြေစိုက် မြန်မာအလုပ်သမားအခက်အခဲများအား ကူညီမှုပေးလျက်ရှိသည့် SCPM & AAC မဟာမိတ်အဖွဲ့မှတစ်ဆင့် သိရသည်။ **ကျော်စိုး(ကော့သောင်း)**

ဝက်ပါပွဲတော် ရိုးရာမပျက် ဆင်နွှဲ

ကသာ နိုဝင်ဘာ ၁၃

မြန်မာ့ယဉ်ကျေးမှုဟန်နဲ့ ဘာသာတရားယဉ်ကျေးမှုဟန်များ ပုဒ္ဓဘာသာဝင်သူတော်စင်များ ယုံကြည်သည့် မွန်မြတ်သော ဓလေ့ထုံးတမ်းအစဉ်အလာများကို ခေတ်နှင့်လိုက်လျောညီစွာ ပြုပြင်ပြောင်းလဲ၍ တစ်နေရာနှင့် တစ်နေရာ မတူညီသောဟန်များဖြင့် ဘာသာရေးလုပ်ငန်းကို နှစ်သက်ကြည်နူးစွာ ပွဲလမ်းသဘင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသောနိုင်ငံဖြစ်သည့်အတွက် ကမ္ဘာမှာ ပေးကမ်းစွန့်ကြမှု အများဆုံးနိုင်ငံအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည့် မြန်မာမှုဟန်ကို ယနေ့တိုင်ထိန်းသိမ်းထားရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် မြန်မာ့ယဉ်ကျေးမှုဖြစ်သောတစ်နှစ်မှာတစ်ကြိမ် တစ်ကြိမ်မှာ တစ်ရက်တည်း(ကထိန)ကထိန်အလှူတော်မင်္ဂလာပွဲကို ဘုန်းတော်ကြီးကျောင်းများတွင် ကထိန်ခင်းကြလျက်ရှိပြီး နေရာတိုင်းပြုလုပ်ခြင်းမရှိသော ဝက်ပါပွဲတော်ကို ကသာမြို့ရှိသက်ပန်းကျောင်းတိုက်၌ ၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက် ညနေ ၄ နာရီတွင် ဝက်ပါဖွင့်လှစ်၍ မီးရှူးမီးပန်းများဖောက်ခြင်း၊ အိုးစည်းဒိုးပတ်များတီး၍ ပျော်မြူးကခုန်လျက်မင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး ဧည့်ပရိတ်သတ်များကိုလည်း မဲဇလီဖူးသုတ်ဝေငှကျွေးခြင်း၊ ပိုက်ဆံကျဲခြင်း မင်္ဂလာကုသိုလ်ယူ၍ ဝက်ပါအတွင်း ပျော်ရွှင်စွာ လမ်းလျှောက်ကြရာ ကလေးငယ်များ ပျော်ရွှင်လျက်ရှိကြသည်။

ညပိုင်းအပန်းပြေစေရန် ဇာတ်သဘင်ကပွဲများ ထည့်သွင်းထားရှိရာ တန်ဆောင်တိုင် လပြည့်နေ့အထိ ငါးညတိုင်တိုင် ကပြဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်သည် ဝံသာနုခေတ်မှ ဝံသာနုသံဃသမဂ္ဂအဖွဲ့ဦးစီးနာယက သက်ပန်းဆရာတော်ဘုရားကြီး ဦးကေတုကဦးစီး၍ စတင်ပြုလုပ်ခဲ့ရာ ယခုသီတင်းသုံးနေထိုင်သော သက်ပန်းဆရာတော် ဦးမဏ္ဍာလ လက်ထက်ထိတိုင် နှစ်ပေါင်း ၁၂၀ ကျော်ခန့်မှ ကျင်းပခဲ့သော ပွဲတော်ဖြစ်သည့်အတွက် နှစ်စဉ်စည်ကားသိုက်မြိုက်လျက်ရှိသည်။

ယခင်က သက်ပန်းဝက်ပါပွဲတော်ရက်များတွင် ကသာမြို့မှ ပန်းချီဆရာကြီး ဦးဘသော် (၁၉၁၁-၂၀၁၃) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွဲ့ဖြိုးရေး တက္ကသိုလ် (အငြိမ်းစား ပန်းချီ ကထိက ဖွဲ့ဖြိုးရေးသိပ္ပံ)၏ ရှေးမြန်မာတို့၏ဝတ်စားဆင်ယင်မှု၊ ရိုးရာအက ဟန်ပန်များ၊ ဇာတ်နိပါတ်တော်ဆိုင်ရာပန်းချီများ၊ လူကြီးလူငယ်ဆိုင်ရာ ကာတွန်းပန်းချီများ၊ သုတေသနပြုရေးဆွဲထားသော ပန်းချီကားပြခန်းများ နှစ်စဉ်ထည့်သွင်းပြသခဲ့ပြီး အသက် ၉၅ နှစ်တွင် ကွယ်လွန်သွားခဲ့ရာ လက်ဆင့်ကမ်း ပန်းချီပညာမတိမ်းကောအောင် ဟာဂျူလီ (ကသာ)မှ ခေတ်သစ် ခေတ်ဟောင်းပန်းချီကားပေါင်း ၁၅၀ ကျော်ခန့် ထည့်သွင်းပြသခြင်း ဆောင်ရွက်ခဲ့သဖြင့် ပွဲတော်ရက်မတိုင်မီကပင် တစ်မူထူးခြားလှသော ဝက်ပါပွဲတော်မှာ ကသာမြို့တွင် သက်ပန်းပွဲတော်သည် အစည်ကားဆုံးပွဲတော်ဖြစ်သည့်အတွက် အမှီပြုစျေးဆိုင်ခန်းများကြား ပျော်ရွှင်စွာတိုးဝှေ့ရင်း အတူနွဲ့ပျော်ကြရန် ဖိတ်ခေါ်လိုက်ရပါသည်။ **ငွေအိုး (ကသာ)**

ဥတ္တရသီရိမြို့နယ်အတွင်းရှိ ရေကြီးရေလျှံသည့်ကျေးရွာများတွင် သောက်သုံးရေတွင်းများ အလျင်အမြန်တူးဖော်ပေးမည်

နေပြည်တော် နိုဝင်ဘာ ၁၃

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော တောင်ညို၊ ဆယ်သိမ်း၊ ကျောင်းစု၊ မရမ်းခုံ၊ မအူလေးပင်ကျေးရွာများတွင် နိုဝင်ဘာ ၁၀ ရက်က ရွာသွန်းခဲ့သောမိုးကြောင့် တံခွန်တိုင်ချောင်း၊ ချောင်းမကြီးချောင်းမှ လျှံတက်လာသော ချောင်းရေများကြောင့် မအူလေးပင်ကျေးရွာအတွင်းရှိအိမ်ခြေ ၉၈ လုံးအတွင်းသို့ အမြင့်ပေ ၃ ပေခန့် ရေဝင်ရောက်ခဲ့ရာ ရေဝင်ရောက်ခြင်းခံရသည့် နေအိမ်များတွင် နေထိုင်သောလူဦးရေစုစုပေါင်း ၁၆၈ ဦးအနက် ၁၀၁ ဦးအား ရေဝင်ရောက်မှုမရှိသည့် ဆွေမျိုးများနေအိမ်တွင် ခေတ္တတည်းခိုနေထိုင်လျက်ရှိကြောင်း သိရသည်။

၆၀ ဦးအား မအူလေးပင် (အလက-ခွဲ)ကျောင်းတွင် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ရွှေ့ပြောင်းထားပြီး ကျန် ခုနစ်ဦးအား ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ကျောင်းထိုင်ဆရာတော်မှ ခေတ္တတည်းခိုနေထိုင်ရန် ခေါ်ယူ၍လည်းကောင်း၊ မရမ်းခုံကျေးရွာတွင် အိမ်ခြေ ၁၄ လုံးအတွင်း၌ ရေများအမြင့်ပေ ၂ ပေခန့်ဝင်ရောက်ခဲ့ပြီး ကျေးရွာအဝင်လမ်းရှိ Box Culvert (အရှည် ၁၈ ပေ၊ အကျယ်၅ပေ)တစ်စင်းပျက်စီးဆုံးရှုံးခဲ့ပြီး ကျန်ကျေးရွာများတွင် ရေဝင်ရောက်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း မြို့နယ်တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

အဆိုပါရေများဝင်ရောက်လျက်ရှိသည့် ကျေးရွာများသို့ နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်၊ ဦးအေးမောင်စိန်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက သွားရောက်၍ ရောင်ရောက်လျက်ရှိသည့် ကျေးရွာများအတွင်းမှ ပြည်သူများအား သောက်သုံးရေပြေတ်လပ်မှုမရှိစေရေးအတွက် သောက်သုံးရေများ ဖြန့်ဝေပေးခြင်း၊ ရေနစ်မြုပ်လျက်ရှိသည့် ရေတွင်းများအား အမြန်ဆုံး ပြန်လည်တူးဖော်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **(ဥတ္တရခရိုင် ပြန်/ဆက်)**

စာဖတ်ရှုနိုင်မြင့်မားစေရေး ဟောပြောစည်းရုံး

ကလေး နိုဝင်ဘာ ၁၃

အခြေခံပညာဦးစီးဌာန၊ ကလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ ကလေးမြို့နယ် မြို့သာရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ပေါက်ခုံကျေးရွာအခြေခံပညာမူလတန်းကျောင်းတို့၌ နိုဝင်ဘာ ၁၁ ရက်က စားသုံးသူအကာအကွယ်ပေးရေး၊ စာဖတ်ရှုနိုင်မြင့်မားရေးအသိပညာပေးဟောပြောပွဲနှင့် နိုင်ငံတော်အကြီးအကဲများ၏တိုင်းကျိုးပြည်ပြုလုပ်ငန်းများ ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံပြပွဲများပြုလုပ်ဆောင်ရွက်သည်။ အဆိုပါဟောပြောပွဲတွင် စာဖတ်ရှုနိုင်မြင့်မားရေးအသိပညာပေးဟောပြောခြင်း၊စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြပြီး ပြန်/ဆက်ဦးစီးဌာနမှ စာအုပ်စာစောင်များလှူဒါန်းပေးခဲ့ကာ စားသုံးသူရေးရာဦးစီးဌာနမှ ကဗျာရွတ်ဆိုပေးသော ကျောင်းသား ကျောင်းသူလေးများအား ဆုချီးမြှင့်ကြောင်း သိရသည်။ **ချင်းတွင်းသား**

တီဘီရောဂါနှင့် အထွေထွေရောဂါများ မိုးနဲမြို့နယ်တွင် ကွင်းဆင်းကုသပေး

မိုးနဲ နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်နှင့် ကျိုင်းတောင်းမြို့ရှိ ရပ်ကွက်နှင့် ကျေးရွာများရှိ ဒေသခံပြည်သူများသက်ရှည်ကျန်းမာစွာ ရှင်သန်နေထိုင်နိုင်ရေးအတွက် တီဘီရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊ သလိပ်စစ်ဆေးပေးခြင်းနှင့် အထွေထွေရောဂါကုသပေးခြင်းကို တောင်ကြီးမြို့ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းမှ ဒေါက်တာ ဒေါ်အိအိချော ဦးစီးအဖွဲ့နှင့် မိုးနဲမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ဇင်မီဟန် ဦးစီးအဖွဲ့တို့ ပူးပေါင်း၍ မိုးနဲမြို့ပေါ်ရှိရပ်ကွက်များ၊ မယ်ဇလီမြို့ငယ်ကျေးရွာ၊ ဆိုက်ဖယ်ကျေးရွာ၊ ကျိုင်းတောင်းမြို့တုန်ဟုန်းကျေးရွာ နှင့် ကွန်မုံ(S/C) တို့တွင် ဒေသခံပြည်သူများအား နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ကွင်းဆင်းစစ်ဆေးစမ်းသပ် ကုသမှုများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်မှုတွင် ဒေသခံပြည်သူ ၁၃၉၇ ဦးအား အထွေထွေရောဂါကုသပေးနိုင်ခဲ့ပြီး တီဘီရောဂါ ရှာဖွေစမ်းသပ်ပေးမှု ၅၉၀ နှင့် သလိပ်စစ်ဆေးစမ်းသပ်ပေးသူ ၅၁ ဦးတို့အား ဓာတ်မှန်၊ လိုအပ်သောစစ်ဆေးစမ်းသပ်မှုများနှင့် ဆေးဝါးများအခမဲ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

မျိုးညွန့်ရွှေ(မိုးနဲ)

ဒုဘိုင်းနိုင်ငံသို့ ခရီးသွားလာရေးမြှင့်တင်

ရန်ကုန် နိုဝင်ဘာ ၁၃

Emirates လေကြောင်းလိုင်းဖြင့် ဒုဘိုင်းသို့ သွားပါက ဗီဇာလျှောက်ထားမှုအား ဒီဇင်ဘာ ၇ ရက်အထိ အခမဲ့ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မှ ခရီးသွားများအနေဖြင့် ကမ္ဘာပေါ်ရှိ နေရာဒေသပေါင်း ၁၅၀ ကျော်သို့ သွားရာတွင် ဒုဘိုင်းအား ခရီးတစ်ထောက်နားနေရာအဖြစ် အသုံးပြုနိုင်ရုံသာမက ဒုဘိုင်းမြို့သည် ခေတ်ဟောင်းနှင့် ခေတ်သစ်၊ ကမ္ဘာ့အရှေ့ပိုင်းနှင့် အနောက်ပိုင်းစသည့် အရာအားလုံးကို တစ်နေရာတည်းတွင် တွေ့မြင်ခံစားနိုင်သည့် မြို့တစ်မြို့အဖြစ် တည်ဆောက်ထားခြင်းဖြစ်သည်။ ကမ္ဘာနှင့်ချိတ်ဆက်နေသည့် အချက်အချာကျ စီးပွားရေးနေရာတစ်ခုထက်ပိုသည့် ဒုဘိုင်းတွင် မည်သည့်ခရီးသွားများအတွက်မဆို သင့်လျော်သည့် ပတ်ဝန်းကျင်နှင့် ဝန်ဆောင်မှုများကို ပေးစွမ်းနိုင်ကြောင်း လေကြောင်းလိုင်းက သတင်းထုတ်ပြန်သည်။

စွန့်စားမှုကို နှစ်သက်သည့် ခရီးသွားများအတွက် ကမ္ဘာ့နာမည်ကြီး ဗိသုကာတည်ဆောက်မှုများဖြစ်သည့် ကမ္ဘာ့အမြင့်ဆုံးအဆောက်အအုံ The Burj Khalifa နှင့် လူလုပ်ကျွန်းများ ဖြစ်သည့် The Palm Jumeirah တို့ရှိသည်။ ယခုနှစ်တွင် ဒုဘိုင်းသို့ ခရီးနှင်မည့် ခရီးသွားများသည် နိုဝင်ဘာ ၁၇ ရက်မှ ၂၀ ရက်အတွင်း ကျင်းပမည့် ဒုဘိုင်း၏ အားကစားပွဲများဖြစ်သည့် DP world Tour Championship များကိုလည်း ကြည့်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သွန်းဝဿန်

တီဘီရောဂါအရှိန်မြှင့်ရှာဖွေရေး ကွင်းဆင်းဆောင်ရွက်

မြောင် နိုဝင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့၌ တိုင်းဒေသကြီးတီဘီဌာနအဖွဲ့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ဒေါက်တာအောင်ကျော်စိုး ဦးဆောင်သည့် တီဘီရောဂါအရှိန်မြှင့်ရှာဖွေရေး အဖွဲ့ဝင်များသည် မြောင်မြို့မြောက်ရပ်ကွက် ပြည်သူ့ဆေးရုံရှိ သံဃာ့ဆေးရုံ

ခန်းမဆောင်၌ နံနက် ၉ နာရီမှစတင်၍ ဝေဒနာရှင်များအား အခမဲ့ရောဂါရှာဖွေကုသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့ အနေနဲ့ ဒီမြို့နယ်မှာရှိတဲ့ ပြည်သူတွေ တီဘီရောဂါလျော့နည်းစေဖို့နဲ့ ရောဂါတိုးပွားခြင်း မရှိစေဖို့အတွက် ကုသဆောင်ရွက်တဲ့ လုပ်ငန်းတွေကို ပြုလုပ်သွားပါမယ်။ မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာတွေကိုလည်း သွားရောက်ကုသမှုတွေ ပြုလုပ်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ အခု မြောင်မြို့ပေါ်မှာ ဒီနေ့တစ်နေ့လုံး ဝေဒနာရှင်တွေကို ကုသခြင်းလုပ်ငန်း အဆင့်ဆင့် ပြုလုပ်သွားမှာပါ"ဟု အဖွဲ့ဝင်တစ်ဦးက ပြောသည်။

အဆိုပါ ရောဂါရှာဖွေစမ်းသပ်ရာသို့ ဝေဒနာရှင် ၁၅၂ ဦး လာရောက်ပြသခဲ့ကြပြီး တီဘီပိုးတွေ့ရှိသူ ငါးဦးနှင့် ဆေးတိုက်ကြွေးခြင်း ၁၄ ဦး ဖြစ်ကြောင်း သိရသည်။

တင်ကိုကို

သမိုင်းဝင် ကမ်းနားဟိုတယ် နိုဝင်ဘာ ၁၅ တွင် ပြန်လည်ဖွင့်လှစ်မည်

ရန်ကုန် နိုဝင်ဘာ ၁၃

အရှေ့တောင်အာရှ၏ အထင်ကရဟိုတယ်တစ်ခုဖြစ်ပြီး သက်တမ်းအရှည်ကြာဆုံးသော မြန်မာဟိုတယ်ဖြစ်သည့် The Strand Yangon ကို အသွင်သစ်ဖြင့် နိုဝင်ဘာ ၁၅ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ဟိုတယ်သည် အရှေ့တောင်အာရှတွင် ပထမဆုံးဖွင့်လှစ်သည့် ကိုလိုနီခေတ် ဇိမ်ခံဟိုတယ်များအနက်တစ်ခုဖြစ်ပြီး ဟိုတယ်လုပ်ငန်း လုပ်ကိုင်သူ the Sarkeis ညီအစ်ကိုတို့က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကိုလိုနီခေတ်လက်ရာ ဗိသုကာများ ယနေ့တိုင်ရှိသေးကြောင်း အဆိုပါ ဟိုတယ်၏ တာဝန်ရှိသူ အိုလီဗာက ပြောကြားသည်။

ဟိုတယ်ကို ခြောက်လခန့် ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီး မြန်မာ့ရိုးရာ ယွန်းထည်များ၊ ကျောက်သားကြမ်းခင်းများနှင့် ကျွန်းသားပရိဘောဂများ အသုံးအဆောင်များပါမကျန် မူလဗိသုကာလက်ရာများကို အသေးစိတ် ပြုပြင်ထိန်းသိမ်းထားကြောင်းနှင့် ဟိုတယ်အခန်း ၃၁ ခန်းအား ရှေးဟောင်းဂန္ထဝင်လက်ရာ အနုပညာများဖြင့် တန်ဆာဆင်ထားကြောင်း သိရသည်။

သွန်းဝဿန်

ပင်လည်ဘူးမြို့၌ကျေးရွာချင်းဆက်အဆင့်တိုးမြှင့်ကျောက်ချောလမ်းခင်း

ပင်လည်ဘူး နိုဝင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကဿာခရိုင် ပင်လည်ဘူးမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ပင်လည်ဘူး-မိချောင်းအင်းသွားလမ်း မှန်ကူသာကျေးရွာနှင့် နန်းလုံကားကျေးရွာအကြား ကျေးရွာချင်းဆက် အဆင့်တိုးမြှင့် ကျောက်ချောလမ်းအဖြစ် ပြုလုပ်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါလမ်းသည် ၂၀၁၄-၂၀၁၅ခုနှစ် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြေသားလမ်းအဖြစ် ပြုလုပ်ဆောင်ရွက်ထားရှိပြီး ယခုအခါ ဒေသခံပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်စေရေး အတွက် အဆင့်တိုးမြှင့်ပြီး ကျောက်ချောလမ်းအဖြစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၄၁၃ သန်းဖြင့် ပင်လည်ဘူး-မိချောင်းအင်းသွားလမ်း မှန်ကူသာကျေးရွာနှင့် နန်းလုံကား ကျေးရွာကြား အရှည် ၅ မိုင်၊ အကျယ် ၁၂ ပေရှိ အဆင့်တိုးမြှင့်ကျောက်ချောလမ်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ပင်လည်ဘူး - မိချောင်းအင်းလမ်းသည် မြို့နှင့်ဆက်သွယ်ထားသောလမ်းဖြစ်ပြီး အခုလို မှန်ကူသာကျေးရွာနှင့် နန်းလုံကားကျေးရွာအကြားကို မြေသားလမ်းအဖြစ်မှ ကျောက်ချောခင်းလမ်းအဖြစ်ပြုလုပ်ဆောင်ရွက်ပေးသဖြင့်ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စီးပွားရေးလုပ်ငန်းများအတွက် ပိုမိုကောင်းမွန်စွာ သွားလာနိုင်တော့မည်ဖြစ်သည်။

မျိုးလွင် (ပင်လည်ဘူး)

သဘာဝဓာတ်ငွေ့ထုတ်ဖော်ခြင်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လူထုတွေ့ဆုံ

ကျောက်ဖြူ နိုဝင်ဘာ ၁၃

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းဝေးခန်းမ၌ နိုဝင်ဘာ ၁၀ ရက်က ရွှေစီမံကိန်း၏အနာဂတ်ဖွံ့ဖြိုးမှုဆိုင်ရာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လူထုတွေ့ဆုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇေယျ (MOGE) က အမှာစကားပြောကြားခဲ့ရာ ရွှေသဘာဝစီမံကိန်းကို ၂၀၀၉ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် အကောင်အထည်ဖော်ခဲ့ကြောင်း ပြောကြားသည်။

အဆိုပါစီမံကိန်းသည် စစ်တွေမြို့နှင့် ၇၀ ကီလိုမီတာကွာပြီး ကျောက်ဖြူမြို့နှင့် ၁၅၀ ကီလိုမီတာ ကွာဝေးကြောင်း၊ သဘာဝဓာတ်ငွေ့ထုတ်ယူမှုကြောင့်ဖြစ်ပေါ် လာမည့် ပတ်ဝန်းကျင်ထိခိုက်မှုဆိုးကျိုးများကို သေချာစစ်ဆေးသွားမည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ရွှေစီမံကိန်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးမင်းကျော်သူကလည်း ရွှေစီမံကိန်း၏ သမိုင်းကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၀၆ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပုံများကို ပြောကြားခဲ့ပြီး ဒေါ်မြတ်မွန်ဆွေက ရွှေစီမံကိန်း ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအဆင့်ဆင့်ကိုပြောကြားခဲ့ပြီး ဒေသခံများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်းသိရသည်။

ခရိုင်(ဖြန်/ဆက်)

ဂျပန်နိုင်ငံမှတည်ဆောက်ပေးသည့် ကျောင်းဆောင်သစ်ဖွင့်

ပခုက္ကူ နိုဝင်ဘာ ၁၃

ပခုက္ကူမြို့နယ် ဆိကွဝကျေးရွာအုပ်စု အရာတော်သဘာဝဓာတ်ငွေ့ရေနံမြေတွင် ရေဘေးသင့်ကျောင်းများ ပြန်လည်တည်ဆောက်ရေးစီမံချက်အရ ဂျပန်ပြည်သူပြည်သားများ၏ ကူညီမှုဖြင့် JICS မှတာဝန်ယူတည်ဆောက်ခဲ့သော အထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ဖွင့်ပွဲကို နိုဝင်ဘာ ၉ ရက်က ကျင်းပသည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက အမှာစကားပြောကြားပေးခဲ့ပြီး ဂျပန်နိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr.Hideaki Matsuo၊ နှင့် JICS မှ ညွှန်ကြားရေးမှူး Mr.Daiki Shinoda တို့က ကျောင်းဆောင်ဆောက်လုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ တိုင်းဒေသကြီးပညာရေးမှူး ဦးကျော်အေးနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ များ JICS မှတာဝန်ရှိသူများ တက်ရောက်ကြသည်။ကျောင်းဆောင်သစ်ကို ကျပ်သိန်း ၉၀၀ ဖြင့် ဂျပန်ပြည်သူပြည်သားများက ကူညီတည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကားနှင့်ကားပေါ်ပါလူများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် "ကား" တိုင်းတွင် မီးသတ်ဆေးဘူးဆောင်ထားပါ

မီးသတ်ဦးစီးဌာန

အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

(၁၁)ညအိပ်(၁၂)ရက်ခရီးစဉ်နှင့်(၄)ညအိပ်(၅)ရက်အထူးခရီးစဉ်

အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့သည် ယခုနှစ် ၂၀၁၆-၂၀၁၇ခုနှစ်၊ ဘုရားဖူးရာသီတွင် သံဝေဇနီယလေးဌာန(အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များအား ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ နောက်ဆုံးပတ်မှစတင်၍ "အောင်ချမ်းသာမှသင့်ဆန္ဒပြည့်ဝဝေရမည်" ဟူသောဆောင်ပုဒ်နှင့်အညီတစ်ပတ်ခြားတနလင်းနေ့တိုင်းထွက်ခွာရန်စီစဉ်ထားရှိသည့်(၁၁)ညအိပ်(၁၂)ရက်ခရီးစဉ်အပြင်အထူးခရီးစဉ်အဖြစ်ကျန်းမာရေးအတွက်ကြောင့်ခရီးရှည်မသွားနိုင်သောသူများနှင့်အချိန်မပေးနိုင်သောသူများအတွက်(၄)ညအိပ်(၅)ရက်အထူးခရီးစဉ်ကိုစီစဉ်ထားရှိပါသည်။ခရီးစဉ်မှာ ဗုဒ္ဓဂယာ(၂)ည၊ဗာရာဏသီ(မိဂဒါဝုန်)(၁)ည၊အပြန်ဗုဒ္ဓဂယာ(၁)ညဖြစ်ပါသည်။ထွက်ခွာမည့်ရက်မှာအောက်ပါအတိုင်းဖြစ်ပါသည်။(၄)ညအိပ်(၅)ရက်အထူးခရီးစဉ်မှာ-

အထူးခရီးစဉ်(၁)၂-၁-၂၀၁၇ ၊ အထူးခရီးစဉ်(၂) ၁၆-၁-၂၀၁၇

ပုံမှန်(၁၁)ညအိပ်(၁၂)ရက်ခရီးစဉ်များမှာ-

(၁) ၂၆-၉-၂၀၁၆ (ဆောက်ရှိ)	(၅) ၂၁-၁၁-၂၀၁၆ (ပြည့်ပြီး)	(၉) ၁၆-၁-၂၀၁၇ (၉)ဦးလို	(၁၃) ၁၃-၃-၂၀၁၇ (၁၅)ဦးလို
(၂) ၁၀-၁၀-၂၀၁၆ (ဆောက်ရှိ)	(၆) ၅-၁၂-၂၀၁၆ (ပြည့်ပြီး)	(၁၀) ၃၀-၁-၂၀၁၇ (၅)ဦးလို	(၁၄) ၂၇-၃-၂၀၁၇ (၁၅)ဦးလို
(၃) ၂၄-၁၀-၂၀၁၆ (ဆောက်ရှိ)	(၇) ၁၉-၁၂-၂၀၁၆ (ပြည့်ပြီး)	(၁၁) ၁၃-၂-၂၀၁၇ (ပြည့်ပြီး)	(၁၅) ၁၀-၄-၂၀၁၇ (ပြည့်ပြီး)
(၄) ၇-၁၁-၂၀၁၆ (ထွက်ခွာ)	(၈) ၂-၁-၂၀၁၇ (၉)ဦးလို	(၁၂) ၂၇-၂-၂၀၁၇ (ပြည့်ပြီး)	(သင်္ကြန်ပိတ်ရက်)

အထက်ပါခရီးစဉ်များပြောင်းလဲခြင်းမရှိပါ။မိမိသွားလိုသောခရီးစဉ်များကိုရွေးချယ်၍ Power Palace Hotel အမှတ်-၁၆၊ပြည်သာယာလမ်း၊ဘောက်ထော်၊ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၁-၅၅၉၇၁၉၊၀၁-၅၄၄၂၈၇၊၀၁-၄၀၀၈၁၆၊ ၀၉-၇၃၁၅၂၈၆၀၊ ၀၉-၇၃၁၅၁၃၁၃၊ ၀၉-၅၁၂၈၆၂၁သို့အမြန်ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။ သင်္ကြန်ဆောင်

ပွဲတော်အုပ်ဆန်ဆိုင်

ဗျာပုံဆန်နူးနူးအိအိလေး-အရောက်ပို့ ၄၀၀၀၀ကျပ်နော်

(အဟောင်းစစ်စစ်ပါ)

☎:01512443, 0973017656, 095055574,

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ (၈)ကွက်၊ ရွှေစည်းခုံ ၂ လမ်း၊ အိမ်အမှတ် ၂၀/၃၁၅-F နေ ဦးကျော်သူရအောင်၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အရှေ့လားသော်-လမ်းကြား၊ အနောက်လားသော်-ချောင်း၊ တောင်လားသော်-ဦးပိုင်အမှတ် ၇၇၊ မြောက်လားသော် အစိုးရလမ်းတွင်တည်ရှိသော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၄)၊ အကွက်အမှတ် ၈၊ စည်းခုံရပ်၊ ဦးပိုင်အမှတ် ၇၆၊ မြေယာအမှတ် 142၊ မြေဧရိယာ ၀ ဒသမ ၀၇၁ ဧကရှိမြေနှင့် မြေပေါ်ရှိနေအိမ်အကျိုးခံစားခွင့်များကို ဒေါ်သိန်းမြဂရန်အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အထက်ပါမြေနှင့် နေအိမ်အကျိုးခံစားခွင့်များအား ဒေါ်သိန်းမြက တာဝန်ခံရောင်းချသောကြောင့် ဦးကျော်သူရအောင်မှ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူထားပါသည်။ ယင်းမြေကွက်အတွက် အရောင်းအဝယ်ကိစ္စအား ပြီးပြတ်အောင်ဆောင်ရွက်ပြီး ငွေအကျေပေးချေမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများ၊ တရားရုံးတားဝရမ်းအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဦးကျော်သူရအောင်ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဦးကျော်သူရအောင်မှ ငွေအကျေပေးချေပြီး အရောင်းအဝယ်ကိစ္စအား ပြီးဆုံးတိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျော်သူရအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သာ LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၅၅၀)
အမှတ် ၁၂၈၊ ၈လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့
ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊
၀၉-၇၈၂၀၄၅၈၇၅၊ ၀၉-၇၉၂၀၄၅၈၇၅

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၆၇၇၁ AMSS L/T P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမိုးဟိန်း ၉/နထက(နိုင်) ၁၁၄၈၆၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၉၆၇၂၄ Super Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းတိုးအောင် ၉/ဝတန(နိုင်) ၁၄၇၀၂၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၇၅၊ လူနေရပ်ကွက်အမှတ် အောင်မြေသာစည်အိမ်ရာ၊ မြေကွက်အမှတ်၁၅၊ ဧရိယာဝဒသမ ၁၁၃ဧက နှစ်၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဦးဝင်းဌေး၊ ဒေါ်စန်းသီတာဖြစ်ပါသည်။ အမည်ပေါက်နှစ်ဦးအနက် ဇနီး(ကွယ်လွန်)၍ ခင်ပွန်းဖြစ်သူ ဦးဝင်းဌေး ၁၂/ကမရ (နိုင်) ၀၂၀၀၂၉မှ ဇနီးသည်၏ ပိုင်ဆိုင်ခွင့်အစုအား အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် သေဆုံးမှုလက်မှတ်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5K/7792 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

Since1860 Armstrong FLOORING

ဆေးရုံဆေးခန်းကျန်းမာရေးဌာနများအတွက်အသင့်တော်ဆုံး

HEALTHCARE SOLUTION FLOORING

စိတ်ကြိုက်ဒီဇိုင်းဖော်နိုင်သော အဆင့်မြင့် ကြမ်းခင်း

Healthcare Flooring

ဆေးရုံသုံးအထူးကြမ်းခင်း

BUY → GET FREE

Healthcare Flooring ၁၀ကျင်း

Glass Basin ၁ခုလက်ဆောင်

*Terms & Condition Applied

Marketed by: Home Distribution Group

Since 1996 Home think of House, think of Home

Building – N , Room No. (33,34) သီရိရတနာ လက်ကားဈေး၊ သုမ္မောလမ်း၊ အောင်မင်္ဂလာ အဝေးပြေး ကားဝင်းအနီး၊မြောက်ဥက္ကလာပ။

☎ 09 79 700 70 88
09 79 700 70 99

MOMO - My Ooredoo, My Offer

အူရီဒူးသုံးစွဲသူတစ်ယောက်ချင်းစီအတွက် MOMO ရဲ့ ၅၀% ငွေဖြည့် အပိုလက်ဆောင်၊ အခမဲ့ အင်တာနက်၊ ၃ ဆ အပိုလက်ဆောင်၊ Unlimited Facebook အပြင် အခြားစိတ်လှုပ်ရှားစရာ အစီအစဉ်များစွာကို ရယူလိုက်ပါ

ooredoo

*234# ကို အပတ်တိုင်း ခေါ်ဆိုပါ

၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပမည့် စာအုပ်ဈေးပွဲတော်အတွက် ဆိုင်ခန်းများစာရင်း ပေးသွင်းနိုင်ပါကြောင်း

ပြန်ကြားရေးဝန်ကြီးဌာနက ကျင်းပမည့် ခေတ်ပြိုင်သမိုင်းဆိုင်ရာစာပေ စာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲကို ဒီဇင်ဘာလ (၁ရက်မှ ၄ရက်အထိ) သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန (PPD)တွင် ကျင်းပသွားမည် ဖြစ်ပါသည်။

ဆိုင်ခန်းအကျယ်အဝန်းမှာ (၈×၆)ပေရှိပြီး ဆိုင်ခန်းဖွင့်လှစ်သူများအနေဖြင့် ဈေးပွဲတော် (၄)ရက်စာအတွက် ဆိုင်ခန်းဖွင့်လှစ်ခငွေကျပ် ၆၀၀၀၀နှုန်း ပေးသွင်းရမည်ဖြစ်ပါသည်။ ၂၅-၁၁-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဈေးပွဲတော်ဆိုင်ခန်းနေရာများကို မဲနှိုက်ရွေးချယ်ပေးသွားမည်ဖြစ်ပါသည်။ စာအုပ်ဆိုင်ဖွင့်လှစ်ရောင်းချလိုသူများအနေဖြင့် ၂၁-၁၁-၂၀၁၆ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါသည်။

(ရန်ကုန်တက္ကသိုလ်အတွင်း ကျင်းပမည့်စာအုပ်ဈေးပွဲတော်နှင့် နိဘယ်လ်မြန်မာစာအုပ်ဈေးပွဲတော်အတွက်ပါ အစီအစဉ်များတင်ပြမည်ဖြစ်ရာ စာအုပ်တိုက်ပိုင်ရှင်များကိုယ်တိုင် တက်ရောက်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း

ဖုန်း-၀၉-၃၀၀၀၂၃၁၁သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တောင်ဥမို့အဆင့်မြင့် Commercial Complex တည်ဆောက်ရန် စိတ်ဝင်စားသူများလာရောက်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီးအစိုးရသည် တောင်ဥမို့ အဆင့်မြင့် Commercial Complex အဆောက်အအုံတည်ဆောက်ခြင်းနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအား စိတ်ဝင်စားမှုဖော်ပြချက် (EOI) ချိပ်ပိတ်တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စိတ်ပါဝင်စားသည့် ပြည်တွင်းကုမ္ပဏီများ(သို့) ပြည်တွင်းပြည်ပ ဖက်စပ်လုပ်ကိုင်လိုသောကုမ္ပဏီများသည် စိတ်ဝင်စားကြောင်းစာကို Company Profile ၊ လုပ်ငန်းတစ်ခုလုံးဦးစီး၍ အကောင်အထည်ဖော်ခဲ့သည့် ယခင်လုပ်ကိုင်ခဲ့ဖူးသော လုပ်ငန်းအတွေ့အကြုံများ၊ ကုမ္ပဏီ၏ ငွေကြေးနှင့်ဘဏ္ဍာရေးဆိုင်ရာ အထောက်အထားများပူးတွဲ၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ (tgocommercialcomplex @gmail.com) သို့ E-mail ဖြင့်ဖြစ်စေ၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၃၀ရက် ညနေ ၄နာရီ နောက်ဆုံးထားပြီး ပေးပို့နိုင်ပါသည်။

ရွေးချယ်မည့်စံချိန်စံညွှန်းများ

၁။ လုပ်ငန်းနှင့်သက်ဆိုင်သောနည်းပညာနှင့် အတွေ့အကြုံ
၂။ ငွေကြေးခိုင်မာမှုအထောက်အထားများ
၃။ ကုမ္ပဏီတစ်ခုချင်းစီ၏ အထူးလုပ်ငန်းကျွမ်းကျင်မှု အချက်အလက်များ၊
၄။ ကုမ္ပဏီဝန်ထမ်းဖွဲ့စည်းပုံဇယား။

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ထရော်စခန်းကြီးကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းဝင်အမှတ် ၂၆၄၄ မောင်ကျော်လင်းထွန်း နဝမတန်း(A)၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇင်ထွန်းဖြစ်ပြီး မွေးသက္ကရာဇ်မှာ မွေးစာရင်းအရ ၄-၂-၂၀၁၂ ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှဆောင်ရွက်မည့် ကျိုက်ထီးရိုးဘုရားလမ်း၊ ကတ္တရာလမ်းခဲ့ခြင်း ၀ဒသမ၂၆၁ မိုင် ၄၂၀ မီတာ၊ ကမြောကင်းမြို့သစ် (၄)လမ်း ၁ဒသမ၀၅၉ မိုင် ၁၇၀၅ မီတာ၊ (၅)လမ်း ၁ဒသမ၀၆၉မိုင် ၁၇၂၀ မီတာ၊ (၆)လမ်း ၁ ဒသမ ၀၅၆ မိုင် ၁၇၀၀မီတာ၊ (၇)လမ်း ၁ဒသမ ၅၅၄ မိုင် ၂၅၀၀ မီတာတို့အား ကတ္တရာအလွှာသစ်ခင်းခြင်း၊ မြေသားတာပေါင်ဖို့ခြင်း၊ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများနှင့် ပေ ၂၀အရှည်၊ ၁၅ပေအရှည်၊ ၁၀ပေ အရှည်စုစုပေါင်းတံတား ၁၇ စင်းတို့အား အသစ်တည်ဆောက်ခြင်း၊ တံတားများ၏ ချဉ်းကပ်လမ်းမြေဖို့ခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသည်။

- **တင်ဒါလျှောက်ထွာစတင်ရောင်းမည့်ရက်** - ၂၈-၁၁-၂၀၁၆ ရက်
- **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၇-၁၂-၂၀၁၆ ရက်၊ ၁၆း၀၀နာရီ
- **တင်ဒါဖွင့်ပွဲ ပြုလုပ်မည့်ရက်နှင့်အချိန်** - ၈-၁၂-၂၀၁၆ ရက်၊ ၁၀း၀၀နာရီ
- **တင်ဒါတင်သွင်းမည့်နေရာနှင့် တင်ဒါဖွင့်ပွဲပြုလုပ်မည့်နေရာ** - တနင်္သာရီတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊ ထားဝယ်မြို့။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၃၀၆၅၃သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစီစစ်ရွေးချယ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန နေပြည်တော်-ရေဆင်း

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဓာတ်ခွဲခန်းသုံးပစ္စည်း
- Lab Equipment — 4 Lot
- Material of Laboratory Chemicals — 1 Lot

(ခ) Air Con နှင့်အခြားပစ္စည်း — 1 Lot
(ဂ) ရုံးသုံးစက်ကိရိယာပစ္စည်း — 1 Lot
(ဃ) ရုံးသုံးပရိဘောဂ — 1 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၇-၁၁-၂၀၁၆ ရက်မှ စတင်ရောင်းချသွားမည်ဖြစ်ပြီး ၃၀-၁၁-၂၀၁၆ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးထားတင်သွင်းရန်ဖြစ်သည်။

၃။ အသေးစိတ် အချက်အလက်များကိုသိရှိလိုပါက ဖုန်း- ၀၆၇-၄၁၆၅၂၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF ELECTRICITY AND ENERGY
NATIONAL ELECTRIFICATION PROJECT
Invitation for Bids

Date: 14th November, 2016
SPECIFIC PROCUREMENT NOTICE
IDA Credit No:5727-MM
Contract Title: Distribution Transformer for National Electrification Project
Reference No:C1-G1

1. The Ministry of Electricity and Energy has received financing from the World Bank towards the cost of the National Electrification Project, and intends to apply part of the proceeds towards payments under the contract for Distribution Transformer for National Electrification Project.
2. The Ministry of Electricity and Energy now invites sealed bids from eligible bidders for supply of 11/0.4kV-50kVA, 100kVA, 200kVA, 315kVA and 33/0.4kV-100kVA, 200kVA and 315kVA distribution transformer, for the total quantities of 5389 transformers to be delivered in 2017 and 2018 to multiple destinations in all Regions and States of Myanmar. Domestic perference with the margin of 15% will apply. The goods will be grouped into 10 lots and bidders may submit bid for any one or more lots. Evaluation and award of contract will be on a lot-wise basis.
3, Bidding will be conducted through the International Competitive Bidding procedures as specified in the World Bank's Guidelines: Procurement of Goods, Works and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers [edition of January 2011 revised on July 2014] ("Procurement Guidelines") and is open to all eligible bidders as defined in the Procurement Guidelines. In addition, please refer to the paragraphs 1.6 and 1.7 setting for the World Bank's policy on conflict of interest.
4. Interested eligible bidders may obtain further information from Project Manager, Office No(27), Ministry of Electricity and Energy, nep.pmomoep@gmail.com and inspect the bidding documents during office hours 10:00 to 16:00 hours at the address given below.
5. A complete set of bidding documents in CD with English language may be purchased by interested eligible bidders upon the submission of a written application to the address below and upon payment of a nonrefundable fee of Myanmar Kyats 100000. The method of payment will be transferred to the following account:
   Electricity Supply Enterprise, account no. SEE 10316 at Myanma Economic Bank in Nay Pyi Taw, Myanmar. The transferred slip shall be submitted with the above application. Once the application and the transferred slip received the bidding documents will be provided in the CD.
   In case of any difficulty in purchasing the bidding documents, interested parties may contact in writing:
   1. Director General
      Department of Electric Power Planning
      Ministry of Electricity and Energy
      City: Nay Pyi Taw
      Country: The Republic of the Union of Myanmar
      Email:dep.pssp.info@gmail.com
   2. Ms. Xiaoping Wang, Task Team Leader
      The World Bank
      Address: 30th Floor, Siam Tower.
      989 Rama I Road, Pathumwan Bangkok 10330, Thailand
      Email:xwang3@worldbank.org
6. Bids must be delivered to the address below on or before 10:00 am, 30th December, 2016. Electronic bidding will not be permitted. Late bids will be rejected. Bids will be publicly opened in the presence of the bidders' designated representatives at the address below at 10:00 am, 30th December, 2016.
   Director General Office, Department of Electric Power Planning
   Office No(27), Ministry of Electricity and Energy, Nay Pyi Taw
   The Republic of the Union of Myanmar
7. All bids must be accompanied by a Bid Security as described in the bidding document.
8. The address referred to above para 4 and 5 are:
   Attention : Director General Office, Department of Electric Power Planning Office No(27), Ministry of Electricity and Energy, Nay Pyi Taw
   The Republic of the Union of Myanmar
   Telephone : +9567410203
   Facsimile : +9567410077
   E-mail : nep.pmomoep@gmail.com
   Web site : http://www.moep.gov.mm

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ C-Band IPSTAR (MPT Satellite Terminal) သုံးစွဲသူများသို့ မေတ္တာရပ်ခံချက်

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ C-Band IPSTAR (MPT Satellite Terminal) ဝန်ဆောင်မှုသုံးစွဲသူများအတွက် Thaicom-7 ဂြိုဟ်တုအား အသုံးပြုနေရာမှ ပိတ်သိမ်း၍ Myanmar Satellite ဂြိုဟ်တုပေါ်သို့ပြောင်းလဲအသုံးပြုနိုင်ရန် စီစဉ်လျက်ရှိရာလက်ရှိ IPSTAR Terminal များကို Myanmar Satellite (62° East) သို့ ပြောင်းလဲချိန်ညှိခြင်း၊ စက်ပစ္စည်းအစိတ်အပိုင်းအချို့ လဲလှယ်တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကိုယ်စား မြတ်သန္ဓာကုမ္ပဏီလီမိတက်မှ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၇ ရက်မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်အတွင်း (အခမဲ့) ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ C-band IPSTAR ဝန်ဆောင်မှုသုံးစွဲသူများအနေဖြင့် ပြောင်းရွှေ့ခြင်းလုပ်ငန်းအတွက် မြတ်သန္ဓာကုမ္ပဏီလီမိတက်သို့ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၄ရက် နောက်ဆုံးထား၍ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

၄။ **ဆက်သွယ်ရန်လိပ်စာမှာ -**
မြတ်သန္ဓာကုမ္ပဏီလီမိတက်၊ အမှတ် ၅၇၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၈၅၀၅၂၄၃၃၊ ၀၉-၄၄၅၀၅၂၄၃၃၊ ၀၉-၄၄၄၄၃၄၃၄၄၊
၀၁-၅၄၄၈၀၁၊ ၀၁-၆၅၃၃၉၆၊ ၀၁-၆၅၃၃၉၇
E-mail:migration.itcs-mpt@mtdcomm.net

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ရေနံလုပ်ကွက်အမှတ်အေ-၆ တွင်ရေနံတွင်းတူးခြင်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း

Woodside Energy (Myanmar) Pte., Ltd. သည် မြန်မာနိုင်ငံ၊ ဧရာဝတီတိုင်းဒေသကြီး၊ ကမ်းလွန်ဒေသရှိ ရေနံလုပ်ကွက်အမှတ် အေ-၆ တွင် ရေနံတူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် ရှိသည်။ ၂၀၁၇ခုနှစ်အစောပိုင်းကာလတွင် နေရာပြောင်းရွှေ့သွားလာနိုင်သောရေနံးတူးဖော်သည့်သဘော်ကို အသုံးပြု၍ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အနီးဆုံးကမ်းရိုးတန်း မှအနည်းဆုံး(၂၁)မိုင်အကွာတွင် ရေနံတွင်းများတူးဖော်ခြင်းကို လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေနှင့် နည်းဥပဒေများအရ Woodside Energy (Myanmar) Pte Ltd သည် ရေနံတူးဖော်ခြင်းလုပ်ငန်းဆိုင်ရာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment) ကို လုပ်ဆောင်ရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာဆန်းစစ်ခြင်း လေ့လာမှုများကို Environmental Resources Management (ERM)နှင့် E Guard Environmental Services တို့မှ Woodside ကိုယ်စား မြန်မာနိုင်ငံပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် အညီလေ့လာဆောင်ရွက်ပြီးစီးပြီးဖြစ်ပါသည်။ သက်ဆိုင်သူများ နှင့် တွေ့ဆုံညှိနှိုင်းပွဲများကို ဗဟိုအဆင့်အပြင် ဒေသအလိုက် နေပြည်တော်၊ ရန်ကုန် နှင့် ဧရာဝတီတိုင်းဒေသကြီး တို့တွင် လည်း ပြုလုပ်ဆောင်ရွက်ပြီးဖြစ်ပါသည်။

ထပ်မံသိရှိလိုသည်များနှင့်ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာအစီရင်ခံစာကို woodside.com.au/myanmar-consultation တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ အကြံပြုစာများပေးပို့လိုကာ Woodside၏ အီးမေးလ်လိပ်စာ feedback@woodside.com.au (သို့မဟုတ်) info@eguardservices.com သို့ ပေးပို့ ရေးသားနိုင်ပါသည်။

အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် အောင်မြင်တိုးတက်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဆောင်ရွက်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂) ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ ဗိုလ်မင်းရောင်တန်ဖိုးမျှတအိမ်ရာစီမံကိန်းရှိ တိုက်ခန်းများအား ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ပထမပတ်မှစ၍ တိုက်ခန်းဝယ်ယူထားသူများထံသို့ အခန်းအပ်နှံပေးသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ တိုက်ခန်းဝယ်ယူခွင့်ရရှိသူများမှ တိုက်ခန်းတန်ဖိုးငွေအကျေပေးသွင်းပြီးသူများအား ဌာနမှအဆောက်အအုံနေထိုင်ခွင့်စာချုပ်များ ချုပ်ဆိုထုတ်ပေးသွားမည်ဖြစ်ပါသဖြင့် အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ လာရောက်ဆက်သွယ်ပါရန်နှင့် တိုက်ခန်းဖိုးငွေပေးချေရန် ကျန်သူများအနေဖြင့် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားရန် အသိပေးအပ်ပါသည်-

(က) တိုက်ခန်းဖိုးငွေပေးချေရန် ကျန်သူများအနေဖြင့် ပေးချေရန်ကျန်ငွေများအား ပေးသွင်းရန်။
(ခ) ဘဏ်ချေးငွေစနစ်ဖြင့် ဝယ်ယူထားသူများအနေဖြင့် ဘဏ်သို့ပေးသွင်းရမည့်ငွေများအား ပေးသွင်းရန်နှင့် ဘဏ်ထောက်ခံချက်နှင့်အတူ တင်ပြဆောင်ရွက်ရန်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံတက္ကသိုလ်၊ စတုတ္ထနှစ်(ဇီဝဓာတု)မှ မချိဇင်သွယ်နှင့် မြောက်ဥက္ကလာပမြို့နယ်၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း (I)မှ မောင်ဟိန်းသူအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးသန်းလွင် ၉/ကပတ(နိုင်)၀၀၉၄၂၈ ဖြစ်ပါကြောင်း။

ဦးသန်းလွင်

အိမ်နှင့်ခြံရောင်းမည်

- ၉ မိုင် Ocean အနီးလမ်းသန့်
- ခြံ (60'x70') အိမ် (48'x40')
- RC 1½ (၁ထပ်ခွဲ) L ခြံ (ဘိုးဘွားပိုင်မြေ)
- အသင့်နေနိုင်

ဈေး - ၉၀၀၀ (ညှိနှိုင်း)

ဖုန်း-၀၉-၇၈၃၆၇၃၈၁

အမှားပြင်ဆင်ချက်

၁၀-၁၁-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာအချပ်ပို၌ပါရှိသော လင်မယားအဖြစ်မှ အပြီးအပိုင် ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်းတွင် ၇/စတန(နိုင်)၀၄၄၇၀၄ အစား ၁၁/စတန(နိုင်)၀၉၆၁၄၆ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စက်မှုလက်မှုသိပ္ပံ (ပြည်) G.T.I (Pyay) ကျောင်းသား/ကျောင်းသူဟောင်းများ၏
မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

စက်မှုလက်မှုသိပ္ပံ (ပြည်) ၏ တပည့်များအပေါ် ရွေးရှုမေတ္တာ၊ ကရုဏာဖြင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်ကာ၊ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ချိုသာဆုံးမ၊ သွန်သင်ပြသခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများ၏ မြင်းမိုရ်မကကြီးမားလှသည့် ဂုဏ်ကျေးဇူးကို ခြွေဆုရည်သန် မေတ္တာမှန်ဖြင့် ကန်တော့ဦးချပြုလိုလှပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ကန်တော့ခံ ကြွရောက်ချီးမြှင့်ပေးပါရန် လက်ဆယ်ဖြာထိပ်မှာမိုးလျက် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ပြည်တွင်းပြည်ပရောက် ကျောင်းသား/ကျောင်းသူ သူငယ်ချင်းညီအစ်ကိုမောင်နှမများအားလုံးလည်း မပျက်မကွက်တက်ရောက်ပူဇော်ကန်တော့ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသူများမှာ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ဦးလှဌေး (ဥက္ကဋ္ဌ) ၀၉ ၅၁၃၂၇၁၄
၂။ ဦးချစ်ထွန်း (ဒုဥက္ကဋ္ဌ-၂) ၀၉ ၅၀၁၉၇၇၁
၃။ ဦးကျော်သိန်းနိုင် (အတွင်းရေးမှူး-၂) ၀၉ ၅၁၀၅၆၂၃
၄။ ဦးအောင်မိုး (ဒုဥက္ကဋ္ဌ-၁) ၀၉ ၅၁၅၃၉၉၅
၅။ ဦးရန်နောင်ဝင်း (အတွင်းရေးမှူး-၁) ၀၉ ၅၁၃၁၉၈၅
၆။ ဒေါ်ခင်ကျော်ကျော် (ဘဏ္ဍာရေးမှူး) ၀၉ ၄၃၀၅၃၄၄၄

- ကျင်းအမည်အစီအစဉ် -

နေ့ရက် - ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း (၁၂) ရက် [၁၁-၁၂-၂၀၁၆] တနင်္ဂနွေနေ့
အချိန် - ညနေ ၄:၀၀ နာရီ
နေရာ - "မြန်မာကွန်ဗင်းရှင်းစင်တာ MCC ခန်းမ"၊ မင်းဓမ္မလမ်း။

မြတ်ဆရာပူဇော်ကန်တော့ပွဲကျင်းပရေးကော်မတီ

အမည်ပြောင်း	မွေးသက္ကရာဇ်အမှန်	ပတ်စ်ပို့ပျောက်	မွေးသက္ကရာဇ်အမှန်	မွေးသက္ကရာဇ်အမှန်	ပျောက်ဆုံးကြောင်း	ပျောက်ဆုံးကြောင်း
ဦးဇော်ဝင်း ၁/မကန(နိုင်) ၁၈၆၄၆၆ ၏သမီး မြစ်ကြီးနားမြို့၊ အထက(၃)၊ စတုဇ္ဈတန်း (A) မှ မသဇင်ဦးအား ယနေ့မှစ၍ မခင်စန္ဒာဦး ၁၁-၈-၂၀၀၇ဟု ပြောင်းလဲခေါ်ဆိုပါရန်။	မြစ်ကြီးနားမြို့၊ ဂျုန်မိုင်ကောင်း(၅၆၅)၊ မြို့သစ်ကြီးရပ်ကွက်နေ ဦးခေါင်ဇောင်း၏ သမီး မဇောင်းညွှယ် ၁/မကန(နိုင်) ၀၇၂၀၆၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၉-၁၉၇၁ ဖြစ်ပါသည်။	ကျွန်တော် ဦးဝင်းဌေးလွင်(ခ) မြင့်လွင် ၁/မကန(နိုင်)၀၁၆၅၀၈ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၄၀၂၆၃၃၆	ကျောက်တံခါးမြို့နယ်၊ ပဲန္ဒယ်ကုန်းမြို့၊ တပင်ရွေထီးမြောက်ခြမ်းနေ ဦးစောမောင်-ဒေါ်သန်းခင်တို့၏သား မောင်ရဲထွန်းစံ ၇/ကတခ(နိုင်)၀၉၇၅၅၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၆-၁၉၈၃ ဖြစ်ပါသည်။ မောင်ရဲထွန်းစံ	ကျောက်တံခါးမြို့နယ် ဖဒိုမြို့(၁)ရပ်ကွက်နေ ဦးဇော်မင်း-ဒေါ်ကျင်သောင်း၏သား မောင်ဇော်မျိုးလှိုင် ၇/ကတခ(နိုင်)၁၀၈၆၄၄၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၄-၁၉၈၅ ဖြစ်ပါသည်။ မောင်ဇော်မျိုးလှိုင်	ကျွန်တော် မောင်ကျော်လွင်စိုး ၈/တတက(နိုင်)၁၃၅၅၂၀ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နဉပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၃၈၅၅၀၆	ကျွန်တော် မောင်ဝင်းနိုင် ၈/တတက (နိုင်)၁၂၈၆၄၆ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နဉပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၅၂၉၄၃၃

ရွှေဆိုင်း ဈေးနှုန်းတင်ဒါတင်သွင်းရန် ဈေးနှုန်းလွှာခေါ်ယူခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ ၁၀/တောင်ရပ်ကွက်

သာကေတမြို့နယ်၊ သမိုင်းဝင် ဆံတော်ရှင်စွယ်တော်ရှင် (၁၀၈)တောင် စေတီတော်မြတ်ကြီး ၏ (၂၀၁၆-၂၀၁၇)ခုနှစ် ရွှေသင်္ကန်းတော်မြတ်ကပ်လှူရန် လိုအပ်သော (၂"×၂") ပတ်လည်ရွှေဆိုင်း(ရာဆိုင်း)ပေါင်း (၈၀၀)ခန့် ဝယ်ယူလို ပါသဖြင့် ရွှေဆိုင်းတင်သွင်းလိုသူများ စာအိတ်တွင်ချိပ်ပိတ်၍ အောက်ပါအစီ အစဉ်အတိုင်း လာရောက်ဈေးနှုန်းတင်သွင်းနိုင်ပါကြောင်း အသိပေးအကြောင်း ကြားအပ်ပါသည်။

(က) **ဈေးနှုန်းတင်သွင်းရမည့် နောက်ဆုံးနေ့ရက်၊ အချိန်**
၃၀-၁၁-၂၀၁၆ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၃:၀၀ နာရီ

(ခ) **ဈေးနှုန်းတင်သွင်းရမည့်နေရာဌာန**
ဂေါပကရုံးခန်းရှိ တင်ဒါသေတ္တာပုံး

(ဂ) **တင်ဒါဖွင့်ရက်** - ၄-၁၂-၂၀၁၆ရက် တနင်္ဂနွေနေ့ ညနေ ၃ နာရီ

(ဃ) **ဈေးနှုန်းတင်ဒါပုံစံများကို**
တစ်စောင်လျှင် ငွေကျပ် (၁၀၀၀၀)-နှုန်းဖြင့် ဂေါပကရုံးတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်။

တင်ဒါရွေးချယ်ရေးအဖွဲ့၊ ဖုန်း-၀၉-၄၄၅၆၆၄၃၇၀

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ မော်တော်ယာဉ် ၂၄၇စီးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	Van/Saloon	၁၀၀ စီး
(ခ)	Mini Bus(29 Seater)	၃၆ စီး
(ဂ)	Bus(45 Seater)	၅ စီး
(ဃ)	Pick Up	၅၀ စီး
(င)	Light Truck	၅၀ စီး
(စ)	Container Box Truck	၄ စီး
(ဆ)	Carrier Truck	၂ စီး

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များကို ဗဟိုစက်ပစ္စည်းစာရင်းအင်း နှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်နှင့် ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် တင်ဒါပုံစံ တစ်စောင်လျှင်ကျပ် ၅၀၀၀၀/-(ကျပ်ငါးသောင်းတိတိ) ဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံရောင်းမည့်ရက်** -၂၁-၁၁-၂၀၁၆ ရက်မှ ၉-၁၂-၂၀၁၆ ရက်အထိ (ရုံးချိန်အတွင်း)

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်

၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၄-၁၂-၂၀၁၆ရက် နံနက် ၁၀ နာရီ

၆။ **ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၀၆၀၇၆၊ ၀၆၇-၄၀၆၀၈၈၊ ၀၁-၆၅၁၀၃၉

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန

စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
အမှတ်(၁၄) အကြီးစားစက်ရုံ(သာဂရ)နှင့် အမှတ်(၁၅) အကြီးစားစက်ရုံ(သာဂရ) တို့နှင့်စပ်လျဉ်း၍ လုပ်ငန်းများရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် စိတ်ဝင်စားသူများအား
Expression of Interest (EoI) ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၁၄) အကြီးစားစက်ရုံ(သာဂရ) (ဘက်စုံသုံး ဒီဇယ်အင်ဂျင်အမျိုးမျိုး ထုတ်လုပ်ရန်)နှင့် အမှတ်(၁၅) အကြီးစားစက်ရုံ(သာဂရ) (ဆောက်လုပ်ရေး လုပ်ငန်းသုံး ယာဉ်ယန္တရားများထုတ်လုပ်ရန်) စက်ရုံများနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်ရန် စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများကို ဖိတ်ခေါ်ပါသည်။

စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများသည် ဆောင်ရွက်လိုသည့် အစီအစဉ်ကဏ္ဍများအား တင်ပြထား သည့် အဆိုပြုလွှာမူကြမ်းကို စီမံရေးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် (၃၀)၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ လိပ်မူ၍ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၅ရက် ညနေ ၃:၀၀ နာရီ (မြန်မာစံတော်ချိန်) အရောက် ပေးပို့ရမည်ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသည့် အဖွဲ့အစည်းများသည် စိတ်ဝင်စားမှု ဖော်ပြခြင်း၊ အဆိုပြုလွှာပုံစံ၊ လမ်းညွှန်ချက်များနှင့် အခြားသက်ဆိုင်ရာစာရွက် စာတမ်းများကို ကုမ္ပဏီဆိုင်ရာအထောက်အထားများ ယူဆောင်ပြသလျက် အထက်ပါလိပ်စာတွင် ၁၇-၁၁-၂၀၁၆ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

ကုမ္ပဏီဆိုင်ရာအထောက်အထား
- သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်
- ကုမ္ပဏီသင်းဖွဲ့ စည်းမျဉ်း/စည်းကမ်း
- နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ (ပြည်တွင်း ကုမ္ပဏီဖြစ်ခဲ့လျှင်)

အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၀၅၀၅၉၊ ၀၆၇-၄၀၅၃၂၂

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန် ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အမှတ် ၅၆၉၊ ၅၇၇ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလ ပန်းခြံလမ်းထောင့်ရှိ (၄)ထပ်အဆောက်အအုံတွင် (၈)ယောက်စီး ဓာတ်လှေကား တပ်ဆင်ခြင်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချသည့်ရက်နှင့်တန်ဖိုး** - ၁၆-၁၁-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ၅၀၀၀ကျပ်

အိတ်ဖွင့်တင်ဒါရောင်းချမည့်နေရာ - အမှတ် ၁၂၈/၁၃၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်

အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၅-၁၁-၂၀၁၆ ရက် (သောကြာနေ့) ညနေ ၄ နာရီ

အိတ်ဖွင့်တင်ဒါလက်ခံမည့်နေရာနှင့် လိပ်မူရမည့်လူပုဂ္ဂိုလ် - အမှတ် ၁၂၈/၁၃၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ညွှန်ကြားရေးမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး

အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၂၈-၁၁-၂၀၁၆ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၃:၀၀ နာရီ

အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ - ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို အခွန်ထမ်းကြီး များဆိုင်ရာအခွန်ရုံး၊ အမှတ် ၁၂၈/၁၃၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတား မြို့နယ်၊ ဖုန်း-၀၁-၃၈၄၇၆၂ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါကြီးကြပ်ရေးအဖွဲ့

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)
၂၀၁၅-၂၀၁၆ ပညာသင်နှစ်
အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကြေညာခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၏ အကြိမ်(၂၀) မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပ ပြုလုပ်မည်ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၌ စတုတ္ထနှစ်သင်တန်း အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ဘွဲ့လွန်အနုပညာဒီပလိုမာ သင်တန်းအောင်မြင်ခဲ့သူများ၊ ဘွဲ့လွန်ပြတိုက်ဒီပလိုမာသင်တန်း အောင်မြင်ခဲ့သူ များ၊ ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာဒီပလိုမာသင်တန်း အောင်မြင် ခဲ့သူများနှင့် ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာသင်တန်း အောင်မြင် ခဲ့သူများအား ဘွဲ့များအပ်နှင်းချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ အကြိမ် (၂၀) မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပ ပြုလုပ်မည်ဖြစ်ပါသည်-

ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်	- ၁၄-၁၂-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)
အစမ်းလေ့ကျင့်မည့်နေ့	- ၁၃-၁၂-၂၀၁၆ ရက် (အင်္ဂါနေ့)
ကျင်းပမည့်အချိန်	- နံနက် ၉:၀၀ နာရီ
ကျင်းပမည့်နေရာ	- ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်
ဘွဲ့နှင်းသဘင်ဝင်ကြေး	- ၁၅၀၀၀/-ကျပ်တစ်သောင်းငါးထောင်တိတိ
အဝေးရောက်ဘွဲ့နှင်းသဘင်ဝင်ကြေး	- ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)
လျှောက်လွှာတင်ရမည့်ရက်	- ၁၆-၁၁-၂၀၁၆ ရက်
လျှောက်လွှာပိတ်ရက်	- ၃၀-၁၁-၂၀၁၆ ရက်

၃။ ဘွဲ့နှင်းသဘင်လျှောက်လွှာနှင့်အတူ အမျိုးသားများသည် လည်ကတုံးရှပ် နှင့်တိုက်ပုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်၊ အမျိုးသမီးများသည် ရင်ဖုံး အင်္ကျီ၊ နားရွက်ဖော်ဖြင့်ရိုက်ကူးထားသော (၂×၁½)လက်မအရွယ် ရောင်စုံဓာတ်ပုံ သုံးပုံ ပူးတွဲပေးပို့ရမည်။

၄။ သို့ဖြစ်ပါ၍ လျှောက်လွှာပုံစံများကို သင်တန်းရေးရာဌာနတွင် ထုတ်ယူနိုင် ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၅၉၀၂၅၂၊ ၅၉၀၂၅၄ တို့သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

(ဓော်ဦး)
မော်ကွန်းထိန်း
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)

Sincere Smile က စီစဉ်တဲ့ တိမ်တွေပေါ်မှာ လမ်းလျှောက်ရမယ့် ရင်ခုန်စိတ်လှုပ်ရှားဖွယ် နတ်မတောင်ခရီးစဉ်များ

၁။ ရန်ကုန်-နေပြည်တော်-မိတ္ထီလာ-ကန်ပက်လက်-နတ်မတောင်-ပုဂံ-ရန်ကုန် (၂၄-၁၁-၁၆ မနက်အစောထွက် ၂၈-၁၁-၂၀၁၆ မနက်အစောပြန်ရောက်)

၂။ ရန်ကုန်-ကန်ပက်လက်-နတ်မတောင်-ပုဂံ-ရန်ကုန်
(ဒီဇင်ဘာလအတွက် အပတ်စဉ်သောကြာနေ့ညထွက် တနင်္လာနေ့ မနက်ပြန်ရောက် မည့် ခရီးစဉ်များ)

၃။ ရန်ကုန်-နေပြည်တော်-မိတ္ထီလာ-ကန်ပက်လက်-နတ်မတောင်-ပုဂံ-ရန်ကုန် (၂၉-၁၂-၂၀၁၆ မနက်အစောထွက် ၂-၁-၂၀၁၇ မနက် ပြန်ရောက်)

ခရီးစဉ်တစ်လျှောက်လုံး Air con ကား၊ အစားအသောက်ကောင်းများဖြင့် သက်သောင့် သက်သာလိုက်ပါနိုင်ရန် စီစဉ်ထားပါသည်။ ကန်ပက်လက်မြို့ရှိ အဆင့်မြင့်ပန်းလေပြေ ဟိုတယ်တွင် ညအိပ်တည်းခိုပြီးနေ့လယ်စာ၊ ညစာတို့ကို ဟိုတယ်တွင်တည်ခင်းဧည့်ခံပါမည်။ လိုက်ပါလိုသူများအနေဖြင့် မိမိတို့လိုက်ပါလိုသည့် ခရီးစဉ်ရက်မတိုင်မီ (၃)ရက်အလိုကို နောက်ဆုံးထား၍ လက်မှတ်များစတင်ဝယ်ယူနိုင်ပါပြီ။

ကုမ္ပဏီအဖွဲ့များ၊ ကျောင်းသားအဖွဲ့များ၊ မိသားစုအဖွဲ့များစသည့်အဖွဲ့လိုက် သီးသန့်ခရီး စဉ်များလည်း စီစဉ်ပေးပါသည်။ ဈေးနှုန်း၊ ခရီးစဉ်အသေးစိတ်နှင့် အခြားသိရှိလိုသည်များ ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမှတ် (၆၅/A)၊ မင်းနန္ဒာလမ်းမကြီး၊ သာကေတ၊ Capital Hypermarket မျက်စောင်းထိုး။
ဖုန်း-၀၁-၉၁၉၀၅၂၇ Hot Line ဖုန်း-၀၉-၉၇၅၄၈၉၇၅၂၊ ၀၉-၇၉၉၅၇၄၁၄၃
မြန်မာနိုင်ငံ၏ အမြင့်ဆုံးမြေသားတောင်ဖြစ်ပြီး သဘာဝအလှအပများ၊ ထူးခြားသော သက်တမ်းရင့်သစ်ပင်ပန်းမန်များ၊ တစ်တောလုံးဝေဆာနေမည့် တောင်ဇလပ်ပန်းများကို ကြည့်ရှုခံစားနိုင်ရန်အတွက် Sincere Smile နဲ့အတူ ပျော်ရွှင်စွာခရီးထွက်ကြပါစို့။

ဦးထွန်းဝေ ၈/ကမန(နိုင်)၀၄၀၇၆၃ နှင့် အများသိစေရန်ကြော်ငြာခြင်း

ဦးထွန်းဝေ (ပဲနှမ်းရောင်းဝယ်ရေးလုပ်ငန်း) ပြည်မြို့၏ မှတ်ပုံတင်အမှတ် ၈/ကမန(နိုင်)၀၄၀၇၆၃ (အမှတ် ၁၇၊ နဝဒေးပွဲရုံတန်း၊ ပြည်မြို့) (ယခုနေရပ် လိပ်စာမသိ)သိရှိစေရန် ကြေညာအပ်ပါသည်။

လူကြီးမင်းသည် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်မှ (ဖျာပဲနှမ်းရောင်းဝယ်ရေးလုပ်ငန်း)အတွက် ဘဏ်ချေးငွေကျပ်သိန်း(၁၀၀၀)ကို ပြည်မြို့၊ နဝဒေးပွဲရုံတန်း၊ အမှတ် ၁၇ ရှိ မြေနှင့်အဆောက်အအုံကို အပေါင် ပေးအပ်ပြီး ဘဏ်ချေးငွေရယူခဲ့ပါသည်။ ယခုအခါ (၃)လပတ်အတိုးကြွေးကျန် ကျပ်-၄၆၁၉၈၈၃/၉၀ပြားပေးသွင်းရန် ကျန်ရှိနေပါသဖြင့် အဆိုပါအတိုးကြွေးကျန် များကို ဤကြေညာချက်ပါရှိပြီး ရက်သတ္တပတ်(၁)ပတ်အတွင်း ပေးသွင်းပါရန် နှင့် ပျက်ကွက်ပါက ချေးငွေအရင်းအတိုးအားလုံးကို ချေးငွေသက်တမ်းမစေ့မီ ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း ပြန်လည်မပေးဆပ်ပါက တရားမကြောင်း အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးပါသည်။

(ထွန်းနိုင်) မန်နေဂျာ
ချေးငွေဌာန
မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8A/8398 Nissan Diesel CD 46 Truck (6x2)® ယာဉ် လက်ဝယ်ရှိသူ ဒေါ်စောယုခိုင် ၉/တတန(နိုင်)၁၂၁၅၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့နေ ဦးကိုကိုကြီး၏သမီးများဖြစ်ကြသော (၁)ဒေါ်ကြူကြူကို ၁၂/ကမရ (နိုင်)၀၃၅၃၅၁ နှင့် (၂)ဒေါ်ဖြူဖြူကို ၁၂/ဗဟန(နိုင်)၀၀၇၉၃၉ တို့၏ လွှဲအပ်ညွှန်ကြား ချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းလျားလမ်းရှိ မြေတိုင်းရပ်ကွက်အမှတ် ၃၆စီ၊ မြေကွက်အမှတ် ၁၂ အကွက်၅ ၊ အကျယ်အဝန်း ၀ ဒသမ ၂၇၂ ဧကခန့်ရှိသော ခြံအမှတ် ၇၄ အီးနှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံတို့သည် ကွယ်လွန်သူ ဒေါ်စောအမည်ပေါက်လျက်ရှိပါသည်။ ဒေါ်စောကွယ်လွန်ပြီးနောက် အဆိုပါ မြေနှင့်အိမ်ကို သမီးဖြစ်သူ ဒေါ်လှလှတစ်ဦးတည်းက အမွေဆက်ခံပိုင်ဆိုင်ထားပါသည်။

ဒေါ်လှလှတွင် (၁)ဒေါ်ကြူကြူကို၊ (၂)ဒေါ်ဖြူဖြူကိုနှင့် (၃)ဦးဆန်နီကိုကိုကြီးဟူ၍ သားသမီးသုံးယောက်ထွန်းကားခဲ့ပါသည်။ ထိုမောင်နှမသုံးယောက်သာလျှင် ဒေါ်လှလှ ၏ အမွေဆက်ခံမည့်သူများဖြစ်ကြပါသည်။ အခြားမည်သူမျှမရှိပါ။

ဒေါ်လှလှသည် အသက်(၉၄)နှစ်အရွယ်ရှိနေပြီး၊ ကျန်းမာရေးချို့တဲ့သည့်အနေအထား ဖြစ်နေပါသည်။ သို့ဖြစ်၍ ဒေါ်လှလှနှင့် ဖော်ပြပါအမွေဆက်ခံမည့် မောင်နှမသုံးဦးစလုံး တို့၏ သဘောတူညီမှုမပါရှိဘဲ အထက်ဖော်ပြပါ အင်းလျားလမ်းရှိ နေအိမ်နှင့်ခြံမြေအား မည်သူတစ်ဦးတစ်ယောက်ကမျှ ကျူးကျော်ဝင်ရောက်ခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်းများအပါအဝင် မည်သည့်လွှဲပြောင်းမှုကိုမဆို ပြုလုပ်ခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးမြင့်ဦးနိုင် B.A, R.L တရားလွှတ်တော်ရှေ့နေ (၂၁၆၂)၊
အမှတ် (၁၅ -အေ/၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
(ပထမ)ထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၅၃၀၆၀၄၁

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)
Commerce Graduates' Association (Myanmar)
ဟောပြောပွဲကျင်းပမည်

ဟောပြောပွဲခေါင်းစဉ် (ပထမပိုင်း)	- မကြာခဏမေးမြန်းလေ့ရှိသော အခွန်ဆိုင်ရာမေးခွန်းများနှင့်အဖြေများ(အဆက်)
ဟောပြောမည့်သူများ	- (၁) ဦးဝင်းသင် (နာယက၊ ဝါဏိဇ္ဇဘွဲ့ရများအသင်း) (၂) ဦးဝမ်းတင် (အမှုဆောင်၊ ဝါဏိဇ္ဇဘွဲ့ရများအသင်း) (၃) ဦးသန်းအောင် (အမှုဆောင်၊ ဝါဏိဇ္ဇဘွဲ့ရများအသင်း) (၄) ဦးမင်းလွင်ဦး (အမှုဆောင်၊ ဝါဏိဇ္ဇဘွဲ့ရများအသင်း) (၅) ဦးမိုးကျော် (အတွင်းရေးမှူး၊ ဝါဏိဇ္ဇဘွဲ့ရများအသင်း)
ဟောပြောပွဲခေါင်းစဉ် (ဒုတိယပိုင်း)	- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ
ဟောပြောမည့်သူ	- ဦးအောင်နိုင်ဦး (ညွှန်ကြားရေးမှူးချုပ်) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ကျင်းပမည့်နေ့နှင့်အချိန်	- ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီမှ မွန်းလွဲ ၁၂:၃၀ နာရီအထိ
ကျင်းပမည့်နေရာ	- ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
ဆက်သွယ်ရမည့်သူများ	- ဦးအောင်နိုင်ထွန်း (CGA အသင်းရုံးခန်း) ဖုန်း-၀၉-၄၂၁၁၀၂၂၈၂၊ ၀၁-၈၆၁၀၃၆၂ MICPA ရုံးခန်း ဖုန်း-၀၉-၃၁၇၁၈၁၄၉၊ ၀၁-၂၃၁၄၆၅၃ (ရုံးချိန်အတွင်း)
မှတ်ချက်	- စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး နိုဝင်ဘာ ၁၈ ရက် ညနေ ၃နာရီ နောက်ဆုံးထား၍ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းပါရန်။

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တာမွေမြို့နယ်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၁ နှင့်ဆက်သွယ်သည့် ၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၁၁

၁။ ဒေါက်တာအောင်ထွတ်	**နှင့်**	၁။ ဦးစိန်ထွန်း
၂။ ဒေါ်ကြည်ပြာစိုး		၂။ ဒေါ်အေးအေးခိုင်
		၃။ ဒေါ်သင်းသင်းမြိုင်
ဒီကရီအနိုင်ရသူများ		**တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ သီရိ မင်္ဂလာလမ်း၊ အမှတ်(၁၁၆-စီ)နေ ဒေါ်သင်းသင်းမြိုင် (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၁ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါက်တာအောင်ထွတ်၊ ဒေါ်ကြည်ပြာစိုး တို့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကို အတည်ပြုစေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ဤရုံးတော်အခွင့်အမိန့်အရရှေ့နေ ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၂ ရက် (၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ် နိုဝင်ဘာ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စောအောင်ထူး)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
တာမွေမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မိတ္ထီလာမြို့နယ်တရားရုံး
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၇၅

မဇာနည်လင်း	**နှင့်**	ကိုညသာဦး
တရားလို		**တရားပြိုင်**

လျှပ်စစ်လိုင်းတပ်ဆင်ပြုပြင်ရေးလမ်းမတော်၊ နယ်မြေ (၈)၊ ရန်မျိုး အောင်ရပ်၊ မိတ္ထီလာမြို့ ကိုညသာဦး(ဘ)ဦးသိန်းအောင် (ယခုနေရပ်လိပ်စာမသိ) သူသိစေရမည်။

သင့်အပေါ်၌ မဇာနည်လင်းက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု ရလို ကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၈ ရက် (၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီ တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်း၊ အခြားတင်ပြလိုသည့် အကြောင်းအချက်များနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ဇင်ထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး
မိတ္ထီလာမြို့နယ်တရားရုံး

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ လုံးကင်းရွှေကျောင်းကျေးရွာအုပ်စု၊ တုံးမွှန်းကျေးရွာနေ ဦးအောင်မင်းလွင်၊ ဒေါ်တင်ပြုံးတို့၏သား စက်ဦး ၅/ဗမန (နိုင်)၀၄၇၉၁၇ အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ စက်ဦး နှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)**

ဦးအောင်မင်းလွင်-ဒေါ်တင်ပြုံး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ဃ/၃၉၁၄၅ Yamaha Fz-150 ယာဉ်လက်ဝယ်ရှိသူ ဦးကျော် ဇင်လတ် ၁၄/လပတ(နိုင်)၁၆၁၈၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသောအထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ဃ/၅၅၀၆၈ Honda Wave - 125 ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းခန့်သူ ၁၄/ဟသန(နိုင်)၂၈၀၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/9884 ၏ ဖောင်းကြွပ်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါ သဖြင့် ယခင်ဖောင်းကြွပ်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)

အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/9465 ၏ အင်္ဂလိပ် ဖောင်းကြွပ်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါ သဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွပ်ပါတ်ပြား ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့၊ အမှတ် (၂)ရပ်ကွက်၊ ဦးကျော်ဝင်း ၉/တငန(နိုင်)၀၃၁၉၄၀ ၏ သား မောင်လင်းလင်းထိုက် ၉/တငန (နိုင်)၀၃၁၈၉၁ သည် မိဘများဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုး ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေ ပြတ် စွန့်လွှတ်လိုက်ပါသည်။ နောင်တွင် ၎င်းနှင့်ပတ်သက်သမျှအားလုံး တာဝန်ယူ မည်မဟုတ်ပါ။

ဦးကျော်ဝင်း
တောင်ငူမြို့

ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ သာစည်ရပ်ကွက်၊ အကွက် အမှတ် (၁၁)၊ ဦးပိုင်အမှတ် (၁၄၇)၊ မြေ ဧရိယာ ၀ ဒသမ ၁၄၅ ဧကကို ဦးမောင် မောင်၊ ဒေါ်ခင်အေးအေးပိုင်ဆိုင်၍ ဦးပိုင် အမည်ပေါက်ရရှိထားပြီး မြေဧရိယာ ၀ဒသမ ၁၄၅ဧကမှ ၀ဒသမ၀၆၁ဧကကို ဦးအိုက်ခံ၊ ဒေါ်နန်းကျော်ထွားတို့ ရောင်းချခဲ့ရာ ဗန်းမော် မြို့နယ်မြေစာရင်းစာတမ်းမှတ်ပုံတင်ရုံး၌ ၁၉-၁-၂၀၁၆ ရက်တွင် စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ဦးမောင်မောင်၊ ဒေါ်ခင်အေးအေးအမည်မှ ဦးအိုက်ခံ ၁/မမန(နိုင်)၀၁၀၇၁၇၊ ဒေါ်နန်း ... ၁/မမန(နိုင်)၀၂၉၃၉၀ အမည်သို့ ဦးပိုင်ခွဲအမည်ပြောင်း မြေငှားဂရန်အသစ် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူ ရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက ဦးပိုင်ခွဲအမည်ပြောင်း မြေငှားဂရန် အသစ်ကို ဥပဒေနှင့်အညီဆောင်ရွက်မည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါ သည်။

ဗန်းမော်မြို့နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၁/ပေါင်းလောင်း-၂၊ မြေကွက် အမှတ် ၁၄၉၆၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးဖိုးထက်အမည်ပေါက် ပါမစ် မြေကွက်အား ဒေါ်ဝင်းဝင်းမာ ၉/ပမန (နိုင်)၁၂၆၂၄၇ (ဘ) ဦးကျော်ဝင်းမှ ဦးဖိုးထက်အမည်ဖြင့် အိမ်ခိုင်းကွက် တန်ဖိုးငွေသွင်းမြေစာရင်းမြို့မှန်၊ ပျဉ်းမနား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြို့/မြေနေရာချထားမှု မှန်ကန်ကြောင်း ထောက်ခံချက်မူရင်း၊ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ် ၀၅၈/၂၀၁၆ မူရင်း၊ ဒေါ်ဝင်းဝင်းမာ မှတ်ပုံတင်/ပုံစံ ၆၆ မူရင်း များတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက် ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ဒီကရီများဖြင့် အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံ ကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

"(၄၁) နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ဆုမွန်ကောင်း"

ဆရာ. . ဦးခင်မောင်ဆယ်၊ ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မမ. . ဒေါ်ငွေးငွေးသန်းတို့၏ (၁၄-၁၁-၂၀၁၆)ရက်နေ့တွင်ကျရောက်သည့် (၄၁)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်နေ့မှသည် ငယ်ကအချစ် အနှစ်တစ်ရာတိုင် အချစ်မပြယ်ဘဲ တူနှစ်ကိုယ် စိတ်တူကိုယ်တူဖြင့် ဘာသာအကျိုး၊ သာသနာ့အကျိုး ဆတက်ထမ်းပိုး ဆက်လက်ဆောင်ရွက်နိုင်ပါစေလို့ မင်္ဂလာဆုမွန်ကောင်း တောင်းလိုက်ရပါတယ်. .

ချစ်တပည့်ဟောင်းများ
တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၇)

မြန်မာနိုင်ငံအဆင့်ငှက်ပျောစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ဖွဲ့စည်းခြင်းအခမ်းအနား ဖိတ်ကြားခြင်း

မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ကြီးမှူး၍ မြန်မာနိုင်ငံ အဆင့်ငှက်ပျောစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ကို ဖွဲ့စည်းမည်ဖြစ်ပါသဖြင့် ငှက်ပျောစိုက်ပျိုး ထုတ်လုပ်သူအစုအဖွဲ့ဝင်ရောက်လိုသူများအား အောက်ပါအစီအစဉ် အတိုင်းကြွရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့/အချိန် ..... ၂၃.၁၁.၂၀၁၆ (ဗုဒ္ဓဟူးနေ့)၊ နံနက်(၁၁:၀၀) နာရီ
ကျင်းပမည့်နေရာ ..... ကုန်သည်စက်မှုအသင်းချုပ် (၅လွှာ)၊ သစ်သီးဝလံအသင်းအစည်းအဝေးခန်း၊ အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်။
မှတ်ချက်။ ။စိတ်ပါဝင်စားသူ ငှက်ပျောစိုက်ပျိုးသူများ၊ ငှက်ပျောသီးရောင်းချသူများ(ပြည်တွင်း၊ပြည်ပ)၊ ပညာရှင်များလည်းကြွရောက်နိုင်ပါသည်။

တောင်ကြီးတက္ကသိုလ် ဘူမိဗေဒ အာရေယပူဇော်ပွဲ ဖိတ်ကြားလွှာ

တောင်ကြီးတက္ကသိုလ် ဘူမိဗေဒ ၁၉၉၀-၂၀၁၄ ကျောင်းသူ/ကျောင်းသားဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ နှင့် မိတ်ဆုံညစာ စားပွဲကို ၄.၁၂.၂၀၁၆ နေ့ နံနက် ၉ နာရီအချိန်တွင် တောင်ကြီး တက္ကသိုလ် ဘက်စုံခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ ပူဇော်ပွဲသို့ ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာ ရသည်ဖြစ်စေ မရသည်ဖြစ်စေ အပူဇော်ခံ ကြွရောက်ပေးပါရန် နှင့် ကျောင်းသူကျောင်းသားများအားလုံး စုံညီစွာ ကန်တော့ပွဲသို့ တက်ရောက်ပေးကြပါရန် လေးစားစွာ ဖြင့် ဖိတ်ကြားအပ်ပါသည်။

ညစာ စားပွဲ လက်မှတ်များကို ကြိုတင် ဝယ်ယူနိုင်ပါသည် (၀၉ ၅၀၃ ၉၀၉၁)

အာရေယ ပူဇော်ပွဲ ကျင်းပရေး ကော်မတီ

မြတ်ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း (တီတီစီ) တွင် ၁၉၆၉ မှ ၁၉၇၄ ခုနှစ်အထိ ပညာဆည်းပူးခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ၁၉-၁၁-၂၀၁၆ရက် (စနေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ M3 Food Centre တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(၂၄) ကြိမ်မြောက် ရေစကြိုမြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ

ရေစကြိုမြို့နယ်အသင်း (ရန်ကုန်)၏(၂၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြု လုပ်မည်ဖြစ်ပါသဖြင့် မပျက်မကွက် ကြွရောက်ချီးမြှင့်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ပူဇော်ကန်တော့ခံ သက်ကြီးဘိုးဘွားများ၊ ဂုဏ်ပြုဆုရရှိသူများ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါရန်နှင့် မတက်ရောက်နိုင်ပါက မိသားစုဝင် တစ်ဦးဦးမှ တက်ရောက်ချီးမြှင့်ပေးနိုင်ပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

- ကျင်းပမည့်နေ့ရက်/အချိန် (၂၀. ၁၁. ၂၀၁၆)၊ တနင်္ဂနွေနေ့၊ နံနက် (၉:၀၀)နာရီ
- ကျင်းပမည့်နေရာ ရွှေတိဂုံဘုရားရင်ပြင်တော်၊ တောင်ဘက်မုခ်၊ ရွှေးဟောင်းရှပ်ပွားတော်များတန်ဆောင်း
- ဧည့်ခံကျွေးမွေး နံနက်စာ ထမင်း၊ ဟင်းလျာနှင့် ကျွေးမွေးဧည့်ခံပါမည်။
- ဆက်သွယ်ရန် ဦးမြင့်ဆွေ(ဥက္ကဋ္ဌ)၀၁-၅၆၃၆၆၅၊ ၀၉-၅၀၄၈၄၈၇
ဦးဝင်း(ဒု-ဥက္ကဋ္ဌ)၀၁-၅၂၆၂၄၉၊ ဦးစိန်သန်း (ဒု-ဥက္ကဋ္ဌ)၀၁-၅၇၉၉၂၆
ဦးကုန်းမြ(အတွင်းရေးမှူး) ၀၉-၂၅၄၁၂၃၉၅၃
ဦးအောင်မင်း (တွဲဖက်အတွင်းရေးမှူး) ၀၉-၂၅၀၀၇၅၆၁၂
ဒေါ်ကုန်းကြင် (ဘဏ္ဍာရေးမှူး) ၀၁-၆၈၀၇၆၁ တို့ထံသို့ ဆက်သွယ်ကြပါရန်

အလုပ်အမှုဆောင်အဖွဲ့

တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံ(အရှေ့)မှ ဦးစိန်မြ၏သမီး ဒေါ်ရင်ရင်နွယ်နှင့် ဒေါ်ယဉ်ယဉ်နွယ် ၁၂/မဂတ(နိုင်)၀၃၀၄၈၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ရင်ရင်နွယ် (ခ) ဒေါ်ယဉ်ယဉ်နွယ်

တစ်ဦးတည်းဖြစ်ပါကြောင်း

အဖဦးဗန်ကျိုး၊ အမိဒေါ်ဇာနိုင်၏သမီး မိုင်ရုသ်ဗန်နေဆုန်းနှင့် မရုသ်ဗန်နိုင်ဆုန်း ၄/ဖလန(နိုင်) ၀၂၉၃၅၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ပညာရည်ချွန်ဆုချီးမြှင့်ရန် ဖိတ်ကြားခြင်း

၂၀၁၅-၂၀၁၆ စာသင်နှစ်အတွင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့သော **'တန်'**မျိုးနွယ်ဝင်မိသားစုများ၏ သားသမီးများအား ဆုချီးမြှင့်မည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ဆက်သွယ်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

လျှောက်လွှာစတင်ထုတ်ပေးမည့်ရက် - ၁၅-၁၁-၂၀၁၆ ရက်မှ ၃၀-၁၁-၂၀၁၆ ရက်ထိ နံနက် ၉:၀၀ နာရီမှ ၁၁:၀၀ နာရီအထိ ညနေ ၃:၀၀ နာရီမှ ၅:၀၀ နာရီအထိ

လျှောက်လွှာထုတ်ပေးမည့်နေရာ - အမှတ် ၅၇/၅၉ လသာလမ်း (အောက်လမ်း) အိန်းချမ်း တောင်ဘုရားကျောင်း ဖုန်း-၀၉-၂၆၃၆၃၄၂၀၀

အမည်မှန်

ရမည်းသင်းမြို့နယ်၊ သိမ်ကုန်းကျေးရွာ ရှမ်းတိုက်ရပ်နေ (ဘ)ဦးသန်းဇော်ဦး၊ အမိဒေါ်သစ်သစ်တို့၏ အမြွာညီအစ်ကို ဖြစ်ကြသော မောင်အောင်သူရိန်အမည်မှန်မှာ မောင်အောင်ပိုင်သူဖြစ်ပြီး မောင်အောင်သူရကျော်၏အမည်မှန်မှာ မောင်အောင်ပိုင်သွင် ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဘားအံမြို့၊ အထက(၁) အဋ္ဌမတန်း(A)မှ မောင်ရှင်းသန့်မောင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးဇာနည်မောင် ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ လေးကန်ကျေးရွာနေ (ဘ)ဦးခြသေ့်အောင်၏သား မောင်စောယုဗိုလ် ၁၁/ရသတ(နိုင်)၀၄၃၇၀၆ နှင့် မောင်ဝင်းနိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ (၅-၅-၁၉၈၂) ဖြစ်ပါကြောင်း။

စောယုဗိုလ်(ခ)မောင်ဝင်းနိုင်

ဖခင်အမည်မှန်

မော်လမြိုင်တက္ကသိုလ်၊ တတိယနှစ် ဂုဏ်ထူးတန်း၊ (ရူပဗေဒ၊ ၃ ဂုဏ်-ရပ-၂၃) မှ နန်းအေးသီတာဖြိုး၏ ဖခင်အမည်မှန်မှာ စောအောင်လှသိန်း ၃/ဘအန(နိုင်)၃၁၇၉၉၈ ဖြစ်ပါကြောင်း။

စောအောင်လှသိန်း

ရန်ကုန်တက္ကသိုလ် သချိုမိသားစု၏ (၁၉)ကြိမ်မြောက်

သက်ကြီး အာစရိယပူဇော်ပွဲနှင့် မိသားစုမိတ်ဆုံညစာစားပွဲကို ၁၅-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သက်ကြီးအာစရိယပူဇော်ပွဲ

- ၁၅-၁-၂၀၁၇ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ရန်ကုန်တက္ကသိုလ် အပန်းဖြေခန်းမ (RC)

မိသားစုမိတ်ဆုံညစာစားပွဲ

- ၁၅-၁-၂၀၁၇ ရက် ညနေ ၆ နာရီမှ ၉ နာရီအထိ ရန်ကုန်တက္ကသိုလ် သစ်ပုပ်ပင်မြက်ခင်းပြင်သို့ဖြစ်ပါ၍ အလှူငွေထည့်ဝင်လှူဒါန်းလိုသူများနှင့် မိတ်ဆုံညစာစားပွဲလက်မှတ် ဝယ်ယူလိုသူများသည် အောက်ပါဖုန်းများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

၁။ ဒေါက်တာဒေါ်ဝင်းကြည်	ဖုန်း-၀၉-၅၀၂၀၈၀၂	၂။ ဒေါက်တာကေသီတင်	ဖုန်း-၀၉-၅၁၅၃၁၆၂
၃။ ဒေါ်လဲ့လဲ့ဆွေ	ဖုန်း-၀၉-၅၁၄၃၁၇၉	၄။ ဦးအေးသိန်း	ဖုန်း-၀၉-၇၃၆၆၆၇၇၇
၅။ ဦးမောင်မောင်မြင့်	ဖုန်း-၀၉-၂၅၄၁၃၆၈၅၇	၆။ ဦးရဲကျော်သူ	ဖုန်း-၀၉-၇၃၀၈၆၁၃၇
၇။ ဦးထူးဇော်တင့်	ဖုန်း-၀၉-၅၀၁၅၇၃၉	၈။ ဒေါ်စွမ်	ဖုန်း-၀၁-၂၃၀၀၅၇၃
၉။ ဒေါ်ခင်မေမေအေး	ဖုန်း-၀၉-၅၄၁၈၉၅၀	၁၀။ ဦးသန်းထွဋ်၂	ဖုန်း-၀၉-၄၅၀၀၅၆၃၆၉
၁၀။ ဒေါ်အောင်ဥမ္မာ	ဖုန်း-၀၉-၅၀၃၉၉၁၆	၁၁။ ရန်ကုန်တက္ကသိုလ် သချိုဌာန	ဖုန်း-၀၁-၅၃၆၃၇၆

လားရှိုးအသင်း (ရန်ကုန်) ဒုတိယ အကြိမ် နှစ်ပတ်လည် အသင်းသား စုံညီ တွေ့ဆုံပွဲ ဖိတ်ကြားလွှာ

လားရှိုးအသင်း (ရန်ကုန်) မှ ဒုတိယအကြိမ်နှစ်ပတ်လည် အသင်းသားစုံညီ တွေ့ဆုံပွဲ၊ သက်ကြီး ဘိုးဘွားပူဇော်ပွဲ နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ တို့ကိုအောက်ပါအစီအစဉ်အတိုင်း ကျင်းပ ပြုလုပ်မည်ဖြစ်ပါ၍ လားရှိုးသူ၊ လားရှိုးသားများ အသင်းဝင်ထားပြီးသည်ဖြစ်စေ၊ မဝင်ရသေးသည်ဖြစ်စေ တက်ရောက်ပေးကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

နေရာ ။ ။လှိုင်မင်္ဂလာခန်းမ (ယူနန်ဘုံကျောင်း)
အမှတ် (၂၂ - အေ) ၊ အောင်ဓမ္မရိပ်သာလမ်း ၊
ရန်ကုန် - အင်းစိန်လမ်းမကြီး ၊ လှိုင်မြို့နယ်။

နေ့ရက်။ ။(၂၄-၁၁-၂၀၁၆) ကြာသပတေးနေ့ (အမျိုးသားနေ့)။

အချိန် ။ ။မွန်းလွဲ (၁ : ၀၀) နာရီ မှ ညနေ (၅ : ၀၀) နာရီထိ။

ပထမပိုင်း အစီအစဉ် ။ ။မွန်းလွဲ (၁ : ၀၀) နာရီ မှ (၃ : ၀၀)နာရီ

အစည်းအဝေးကို မွန်းလွဲ (၂ : ၀၀) နာရီ တိတိတွင် စတင်ပါမည်။

ဒုတိယပိုင်း အစီအစဉ်။ ။မွန်းလွဲ (၃ : ၀၀) နာရီ မှ (၅ : ၀၀)နာရီ
(ဖျော်ဖြေရေး နှင့် ဧည့်ခံကျွေးမွေးခြင်း)

မှတ်ချက်။ ။ သီးသန့်ဖိတ်စာပို့၍ ဖိတ်ကြားခြင်းမရှိသည့်အတွက် ဤကြေငြာအား ဖိတ်စာအဖြစ် မှတ်ယူ၍ တက်ရောက်ပေးကြပါရန် အသိပေးအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၁။ ဦးစိုင်းခွန်နောင်	၀၉-၇၃၈ ၈၅၈၈၈	၆။ ဒေါ်ဆုမွန်သိမ့်သိမ့်	၀၉-၇၈၁၅၂၀၀၁၇
၂။ ဦးအောင်နိုင်	၀၉-၅၁၂ ၇၅၁၈	၉။ ဦးမျိုးနိုင်	၀၉-၇၇၆၁၄၄၈၄၂
၃။ ဦးစိုးထွန်းဇော်	၀၉-၄၃၁ ၁၅၆၈၈		
၄။ ဒေါ်နန်းမေလီစိုး	၀၉-၅၄၀ ၀၂၄၅		
၅။ ဦးစိုင်းအောင်ငွေး	၀၉-၇၃၀ ၅၅၀၉၂		

အလုပ်အမှုဆောင်အဖွဲ့
လားရှိုးအသင်း (ရန်ကုန်)

Interconnection Holding

Interconnection Holding Co.,Ltd. မှ Inland Container Depot တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါဝန်ထမ်းများအား အမြန်ခေါ်ယူနေပါသည်။

Staff		Quantity	Salary
1.	General Manager	1	$ 1100-1500
2.	Operation Manager	1	$ 400-800
3.	Account & Admin & HR Manager	1	$ 900-1200
4.	Yard Supervisor	4	$ 300-450
5.	M & R Supervisor	2	$ 200-320
6.	M & R Surveyor	6	$ 200-320
7.	QC & Safety Inspector	2	$ 200-280
8.	M & R estimator	3	$ 200-280
9.	Welder	2	$ 158-280
10.	Painter/cleaner	4	$ 155-250
11.	Washer	2	$ 155-250
12.	Account clerk	1	$ 200-300
13.	Admin/billing clerk	2	$ 200-320
14.	Cash collector	2	$ 250-320
15.	Gate clerk	8	$ 200-250
16.	Stacker Operator	10	$ 200-280
17.	Mechanic	2	$ 250-280
18.	Car and Van Driver	3	$ 210-250
19.	Computer Administrator	1	$ 250-320
20.	Security guard & Traffic controller	6	$ 190-250
21.	Technician	1	$ 160-270

CV Form များအား Email (cam@airmyp.com) သို့မဟုတ် အမှတ်-၃၊ သလ္လာဝတီလမ်း၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၃၀၇၁၅၊ ၀၉-၉၇၂၀၁၆၆၆၆

ပျောက်ဆုံးကြောင်း

Myanmar Thiha Co.,Ltd. ၏ Ministry of commerce Import Licence No.137593 နှင့် 137585 တို့မှာ Original ပျောက်ဆုံးသွားပါသဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတွင် Original လျှောက်ထားမည်ဖြစ်ကြောင်းနှင့် တွေ့ရှိက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၉၂၀၈၈၈၀**

ပျောက်ဆုံးခြင်း

ကျွန်တော်ကျော်ဆန်း(ဘ)ဦးမောင် ၁၂/ဒဂန(နိုင်)၀၂၄၄၉၉၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ကျော်ဆန်း ဖုန်း-၀၉-၄၂၈၃၂၁၁၅၅**

ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

ကျိုင်းတုံမြို့၊ တာချီလိတ်လမ်း (ဇော်ဆေးဆိုင်ဘေး) သုံးထပ်တိုက်ပါ တိုက်ခန်းတစ်ခန်း၊ တိုက်နောက်ဘက်တွင်လည်း ထပ်မံတည်ဆောက်နိုင်ခြင်း၊ ပုံစံ (၁၀၅)ရှိ၊

ကျပ်သိန်း (၆၀၀၀) ညှိနှိုင်းဈေး။

ဆက်သွယ်ရန်-စိုင်းဆမ်တစ်

ဖုန်း-၀၉-၅၂၅၀၃၃၂၊ ၀၈၄-၂၃၆၆၅

21 Ton-၂သိန်း
25 Ton-၂.၃သိန်း
ငှားမည်
GPM GRAND POWER MACHINERY
73113100
73188101

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

- ညောင်နှစ်ဝင်ကြာတန်တျေးရွာ ၀.၄၆ဧက၊ မီးပါ၊ ရြံပြေစာ (၂၈၀)သိန်း
- အောင်သစ္စာ(၅)လမ်းသာကေတ (၃၀×၆၀)ပေ၊ ဂရန် (၁၆၅၀)သိန်း
- ရန်ကုန်-ဂုဒါမ်လမ်းတိုးဂိတ်အနီး (၁၀၀×၃၄၅)ပေ (၂၅၀၀)သိန်း

Ph: 09-49342067, 09-785084831

ODYSSEY
ပြည်တွင်းပြည်ပလေယာဉ်လက်မှတ်
အိမ်အရောက်ပို့ဝန်ဆောင်မှု
01 373199,240545,09 73187799
အရောင်းခွဲကိုယ်စားလှယ်ယူနိုင်သည်

အလုပ်ရုံဆွေးနွေးပွဲဖိတ်ကြားခြင်း

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းများအသင်း(PSSA)မှ ကြီးမှူးပြုလုပ်သော ပုဂ္ဂလိကလုံခြုံရေးအဖွဲ့များ၏ ဝန်ဆောင်မှုအခန်းကဏ္ဍ မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ (၁/၂၀၁၆)ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသောကုမ္ပဏီများ အသင်းအဖွဲ့များ လုံခြုံရေးပစ္စည်းများရောင်းဝယ်ဖြန့်ဖြူး တပ်ဆင်အသုံးပြု နေသူများ စိတ်ပါဝင်စားသူများအနေဖြင့် တက်ရောက်ဆွေးနွေးနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

(ဆွေးနွေးလိုသူများသည် ၁၈.၁၁.၂၀၁၆ ရက် နောက်ဆုံးထား၍ ဆွေးနွေးမည့် အကြောင်းအရာများကို အသင်းရုံးသို့ ကြိုတင်ပေးပို့ရပါမည်)

နေ့ရက် ၊ ၂၃.၁၁.၂၀၁၆ ရက် ဗုဒ္ဓဟူးနေ့
အချိန် ၊ ၀၉း၀၀ နာရီ မှ ၁၅း၀၀ နာရီ
နေရာ ၊ International Business Center (IBC) ၆မိုင်ခွဲ ပြည်လမ်း၊ ရန်ကုန်မြို့။
ဆက်သွယ်ရန် ၊ ဖုန်း-၀၉-၂၅၂ ၂၂၂ ၃၁၅၊ ၀၉-၅၁ ၉၁ ၇၅၁၊ ၀၉-၅၁ ၅၀ ၅၁၈။

အောင်ပြည့်စုံ

အိမ်ပြောင်း၊ အိမ်ရွှေလုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

အမြန်ရောင်းမည်

- ကမ္ဘာအေးဘုရားလမ်းပတန်း ရွှေဂုံတိုင် ပီးပျိုင့်အနီး လမ်းသွယ်လမ်းသန့် ဆိတ်ငြိမ်ရပ်ကွက်။
- 60' x 90' မြေကွက်။ 2½ RC, 3540 sqft
- 5MB, 8AC, ရေပူရေအေး လိုင်းဖုန်း၊ အရံမီးစက်
- ကား (၅)စီးထားနိုင်

Ph: 09 254116293, 09 252575479
09 783727857

Coca-Cola နဲ့ MPT တို့ရဲ့တက်ကြွလန်းဆန်းမှုအပြည့်နဲ့
ငွေဖြည့်လက်ဆောင်
MPT မှချီးမြှင့်တဲ့
ငွေဖြည့်ဆုမဲပေါင်း
၁၅သန်းကျော်
ကျပ် ၂၀၀မှကျပ်၁၀သိန်းအထိ
၂၀၁၆အောက်တိုဘာလ (၁၅) ရက်နေ့မှ
၂၀၁၇ဖေဖော်ဝါရီလ (၂၈) ရက်နေ့အထိ
စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ
ဤပရိုမိုးရှင်းတွင် အသက် (၁၃)နှစ် နှင့်အထက် မည်သူမဆို ပါဝင်နိုင်ပါသည်။
Coca-Cola မှ ယခုပရိုမိုးရှင်းအတွက် အထူးထုတ်လုပ်ထားသော အခေးအုံးများကို ဝယ်ယူသောက်သုံးသူများနှင့်
MPT မှ GSM/ WCDMA ဖုန်းကတ်အသုံးပြုသူများသာ ပါဝင်နိုင်သည်။
ဤပရိုမိုးရှင်းတွင်ပါဝင်ပြင်းဖြင့် ပါဝင်သောသူသည် ဤဥည်းမျဉ်းစည်းကမ်းအချက်အလက်များနှင့် ပရိုမိုးရှင်းပြုလုပ်သော
အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်ကို သဘောတူလက်ခံထားပြီးဖြစ်ကြောင်း သိရှိပြီးဖြစ်ရမည်။ ပြည်တွင်းဥပဒေ သတ်မှတ်ချက်
များသည် ဤအစီအစဉ်ပေါ်တွင် သတ်ရောက်မှုရှိသည်။
စည်းမျဉ်းစည်းကမ်းအသေးစိတ်နှင့် သိရှိလိုသည်များကို facebook.com/cocacolamyanmar (သို့)
facebook.com/mptofficialpage တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
1 ပရိုမိုးရှင်းအတွက် အထူး ထုတ်လုပ်ထားသောအမုံးများ အောက်မှာ ကုတ်နံပါတ်ကိုရှာ
2 ကုတ်နံပါတ်ကို MPT နံပါတ် ၂၆၂၆ သို့ မက်ဆေ့အဝဲပို့
3 ကံမေ်းမဲပေါက်းမပေါက်ကို မက်ဆေ့အဝင်မှာ ဇောင်ကြည့်

မြန်မာကျော် ရင်းနှီးမြှုပ်နှံမှုအဖွဲ့မှ အရင်းအနှီးလိုအပ်သော လုပ်ငန်းရှင်များအား ဖိတ်ခေါ်ခြင်း

အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများကို နွေးထွေးမှုဖြင့် ဖိတ်ခေါ်အပ်ပါသည်။

(က) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထူးစိတ်ဝင်စား၍ လုပ်ငန်းအတွေ့အကြုံရှိသူ။
(ခ) ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ အများအတွက် ကိုယ်ကျိုးစွန့်ရဲသည့် စိတ်ဓာတ်ကို အခြေခံ၍ ဆောင်ရွက်နိုင်သူ။
(ဂ) မိမိ၏ လုပ်ငန်း အောင်မြင်လည်ပတ်နေမှုနှင့် ဘဏ္ဍာရေးအခြေအနေအား တင်ပြနိုင်သူ။
(ဃ) ယှဉ်ပြိုင်အရွေးချယ်ခံလုပ်ငန်းရှင် ကိုယ်စားလှယ်လောင်းအား ၎င်းဒေသရှိ လုပ်ငန်းရှင်ကြီးနှစ်ဦးမှ အာမခံမိတ်ဆက်ပေးနိုင်ရမည်။
(င) အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ၊ ငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ၊ ဘောဂဗေဒ၊ စီးပွားရေးဆိုင်ရာနှင့် အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာရပ်တစ်ခုခု ကျွမ်းကျင်ပိုင်နိုင်သူဖြစ်ပါက ဦးစားပေးစဉ်းစားမည်။
(စ) စိစစ်ရွေးချယ်ခံရသူအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆထက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာအဆင့်ရှိ စီမံခန့်ခွဲမှုနည်းပညာရပ်များကိုပါ ကူညီထောက်ပံ့ပေးမည်။
(ဆ) ခရိုင်တစ်ခုချင်းစီမှ တစ်ဦးနှုန်း စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

စိတ်ဝင်စားမှုရှိပါက အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်ရန်။

အမှတ် (၉၈)၊ ဗဟိုလမ်း(အောက်)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဦးခင်မောင်ကြည် (ရုံးအဖွဲ့မှူး)၊ ၀၉၇၇၈၈၃၈၈၆၄၊ ၀၉၉၇၁၁၆၁၈၃၅၊
ဒေါ်တင်ဇာလင်း (ဌာနမှူး)၊ ၀၉၄၀၁၅၈၀၄၀၃၊ ၀၉၇၉၅၃၇၂၂၄၉၊
ဒေါ်ဌေးဌေးဝင်း (ဌာနမှူး)၊ ၀၉၉၇၉၆၂၁၆၃၉၊ ၀၉၂၅၃၀၃၈၇၂၂၊
ဒေါ်ဝေမွန်သိန်း (ဌာနမှူး)၊ ၀၉၂၅၀၇၇၄၉၀၈၊ ၀၉၄၂၅၂၇၆၉၀၈၊

ဦးဇော်မြင့် B.A (Korean) Y.U.F.L

ကိုယ်တိုင်ဦးစီးသင်ကြားသော
"ကိုရီးယားဘာသာ" အထူးသီးသန့်သင်တန်းကျောင်း
E.P.S TOPIK ဖြေဆိုမည့်သူများအတွက် အခြေခံတန်းခွဲသစ်ကို
(၂၁-၁၁-၂၀၁၆) တွင် ဖွင့်လှစ်ပါမည်။
လစဉ်တန်းခွဲသစ်များရှိပါသည်။

အမှတ်(၆၈)၊အခန်း(A4)၊ ၄လွှာ၊ (၂)ရပ်ကွက်၊
ရန်ကုန်-အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်ရှေ့၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၇၀၅၊၀၉-၄၃၀၉၇၅၁၇

အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်းမှန်စေတဲ့
"မုံရွာဆရာမိုး" အမှတ်တံဆိပ်
ရွှေကတစ်လုံးဝမ်းမှန်ဆေး
တိုင်းရင်းဆေးပါးမှတ်ပုံတင်အမှတ်
TMR004687(0415)
ပင်ရင်း-ချ-၃၅၆၊ မေခါဝီလမ်းမကြီး၊ ချ/ရပ်ကွက်၊ ရတနာသိဝီဈေးအနီး၊ မ/ဥက္ကလာပ၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၉၆၉၀၅၈၇၊ ၀၁-၆၉၁၀၇၉၊ ၀၉-၅၄၁၆၄၇၆

၂၃.၁၁.၁၆ မှ ၂၇.၁၁.၁၆

ကုန်စည်ပြပွဲကြီး (ပုသိမ်မြို့)

မြို့တော်ခန်းမ ပုသိမ်မြို့

ပြခန်းစုံစမ်းရန် SMART GROUP Ph:01-656875, 667473, 09-790890990,09-5099079,09-5003618

Myanmar Noble College

edexcel Approved Centre No.93711

မိမိရည်မှန်းချက်ပန်းတိုင်ဆီသို့ ရောက်ရှိရန်အခက်အခဲဖြစ်နေပါသလား ?

သင်၏ ရည်မှန်းချက်များကိုအကောင်အထည်ဖော်နိုင်ရန်အတွက် Myanmar Noble College မှနေ့ထွေးစွာကြိုဆိုလျှက်ရှိပါသည်။

UK နိုင်ငံ Edexcel ပညာရေးအဖွဲ့အစည်းမှ တိုက်ရိုက်ချီးမြှင့်မည့် Higher National Diploma (HND) Foundation Course (January Intake) အတွက် သင်တန်းလျှောက်လွှာများကို စတင်လက်ခံနေပါသည်။

Higher National Diploma Courses

- Civil Engineering
- Mechanical Engineering
- Electrical & Electronic Engineering
- Business
- Information Technology (IT)

January Intake Enroll Now!

➤ 30th November မတိုင်ခင်လာရောက်အပ်နှံသူများအတွက် Early Bird Promotion လက်ဆောင်အနေဖြင့် Tablet များပေးအပ်သွားပါမည်။

No.6(A), Kyoe Sett Yone Street, (B) Quarter,Thuwunna,Thingankyun Township, Yangon.
☎ 01-2331276/01-2331257/01-2331264/09-780639577
www.myanmarnoblecollege.com.mm

Elson Foods (BD) Ltd.

ELSON FOODS

Delicious Chocolates & Candies from Bangladesh

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အရသာကောင်းမွန်ပြည့်စုံသော ချောကလက်နှင့် သကြားလုံးများ

Looking for Importers & Distributors in Myanmar

မြန်မာပြည်တွင်းမှ တင်သွင်းလိုသူများနှင့် ဖြန့်ချိရောင်းချလိုသူများ ရှာဖွေနေပါသည်။

ဆက်သွယ်ရန် : +95 9262457276
အီးမေးလ်လိပ်စာ : sadat@elsonfoods.com
နေရာ : Motors, အမှတ် ၁၀(F)၊ ခပေါင်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်
ရက်စွဲ : November 22,23,24

www.elsonfoods.com /elsonchocolateclub

တိုက်ခန်းအမြန်ရောင်းမည်

BCC ကျပြီး တိုက်သစ်တိုက်ခန်းများ လိုင်စင်ရကန်ထရိုက်ကိုယ်တိုင်ရောင်းမည်။

၁။ (၁၈)၊ အောင်သုခလမ်းနှင့်ရွှေနှင်းဆီ(၂)လမ်းထောင့်၊ ပန်းခြံမှတ်တိုင်အနီး၊ (၂၅)ရပ်ကွက်၊ ဒဂုံတောင်။ (၁၉'× ၅၄')။
မြေညီ (၅၀၀ သိန်း)၊ ပ-ထပ် (၃၈၀ သိန်း)၊ ဒု-ထပ် (၃၅၀ သိန်း)
တ-ထပ် (၃၂၀ သိန်း)၊ စ-ထပ်(၂၈၀ သိန်း)၊ ပဉ္စမထပ်(၂-ခန်း)×(၂၅၀ သိန်း)

၂။ (၂)၊ အောင်သုခလမ်းနှင့်ရွှေနှင်းဆီ(၄)လမ်းထောင့်၊ ပန်းခြံမှတ်တိုင်အနီး၊ (၂၅)ရပ်ကွက်၊ ဒဂုံတောင်။ (၁၉'× ၅၄')။
မြေညီ (၅၀၀ သိန်း)၊ ပ-ထပ် (၃၈၀ သိန်း)၊ ဒု-ထပ် (၃၅၀ သိန်း)
တ-ထပ် (၃၂၀ သိန်း)၊ စ-ထပ် (၂၈၀ သိန်း)၊ ပဉ္စမထပ်(၂-ခန်း) × (၂၅၀သိန်း)

☎ - ၀၁-၈၅၅၀၉၈၇၊ ၀၉-၂၅၄၄၈၇၉၃၀၊ ၀၉-၃၁၀၅၃၄၄၄

ဗုဒ္ဓံ ဓမ္မံ သံဃံ San brotherhood

"စစ်ဆေးစမ်းသပ်(အခမဲ့)"

Air-Con,ရေခဲသေတ္တာ၊အဝတ်လျှော်စက်

များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်း များကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။

မိုးရာသီ အိမ်အရောက်ပို့ အထူးဈေးနှုန်း

အဝတ်လျှော်စက် 190,000Ks | အဝတ်ခြောက်စက် 220,000Ks | အဝတ်လျှော်စက် 140,000Ks | အဝတ်ညှစ်စက် 75,000Ks

(၃နှစ်အာမခံ) တပ်ဆင်ပြီးဈေးနှုန်း 1HP 250000Ks

ပါဝင်သောပစ္စည်းများ

Copper Pipe(10)Ft. Frame, Drain Pipe, Transportation, Installation

